
# အရက်သမားမျောက်
# နှင့်
# ပြုံး စ ရာ များ

အောင်ရာဇာ (ဥက္ကလာ)



မျောက်ကလေး အနည်းငယ်သောက်ပြီး
သူ၏ သေးငယ်ငယ် မျက်နှာကလေး
ရှုံ့မဲ့ပုံအား မည်သို့ ရေးဖွဲ့ပြောရမည်ကိုပင် မသိ။
အတော် ကြည့်ရ ဆိုးလှပေသည်။



# အရက်သမားမျောက်

နှင့်

# ပြုံးစရာများ

အောင်ရာဇာ (ဥက္ကလာ)

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ခြင်းသက္ကရာဇ် | ❒ ပထမအကြိမ်၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ။ |
| ထုတ်ဝေသူ | ❒ ဦးခင်မောင်ဦး (မြဲ-၀၀၅၁၉)<br>မြတ်ပန်းရဂုံ စာပေ<br>၄၇၃(က)၊ နီလာ (၆) လမ်း၊ (ဂ)ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ❒ ကာတွန်း ပိုးဇာ |
| အတွင်းသရုပ်ဖော် | ❒ ညီဌေးအောင်၊ နိုင်ဦး၊ အီကြွေတာ၊<br>ရန်ကြီးအောင်။ |
| ဒီဇိုင်းနှင့် ကွန်ပျူတာ | ❒ တင်မိုးခိုင် |
| ပုံနှိပ် စာအုပ်ချုပ် | ❒ ရွှေပြည်ဟိန်း ပုံနှိပ်တိုက် (၀၀၄၁၀)<br>အမှတ် (၁၆)၊ အောင်သစ္စာ (၁) လမ်း၊<br>(၁၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ❒ ယဉ်ထွန်း (ယဉ်မျိုးစာအုပ်တိုက်)<br>၀၁၁၇၆<br>အမှတ် (၂၇၄/ဘီ)၊ လမ်း ၄၀ (အပေါ်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | ❒ ၅၀၀ |
| တန်ဖိုး | ❒ ၁၇၀၀ |

**ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)**

အောင်ရာဇာ (ဥက္ကလာ)
**အရက်သမားမျောက်နှင့် ပြုံးစရာများ**
အဖြူရောင်စာပေ၊ ၂၀၁၉
၁၆၂ စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။
(၁) **အရက်သမားမျောက်နှင့် ပြုံးစရာများ**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ■ | နန္ဒာမိုးကြယ် အမှာစာ | ၇ |
| ၁။ | အရေးပေါ် | ၁၄ |
| ၂။ | ခွက်ပျောက်တဲ့နေ့ | ၂၀ |
| ၃။ | အစားမတော် တစ်သောင်း | ၃၀ |
| ၄။ | အကောင်းဆုံး ဆပ်ကပ် | ၃၈ |
| ၅။ | အီကြာကွေးသင်္ကြန် | ၄၄ |
| ၆။ | ခွေးဒုက္ခ (၁) | ၅၂ |
| ၇။ | ခွေးဒုက္ခ (၂) | ၆၀ |
| ၈။ | ခွေးဒုက္ခ (၃) | ၆၈ |
| ၉။ | မကျေးဥ…ဒါန်း | ၇၆ |
| ၁၀။ | အရက်သမားမျောက် (၁) | ၈၂ |
| ၁၁။ | အရက်သမားမျောက် (၂) | ၈၈ |
| ၁၂။ | အရက်သမားမျောက် (၃) | ၉၆ |

၁၃။ အရက်သမားမျောက် (၄) ၁၀၂

၁၄။ အရက်သမားမျောက် (၅) ၁၁၀

၁၅။ အရက်သမားမျောက် (၆) ၁၁၈

၁၆။ အရက်သမားမျောက် (၇) ၁၂၈

၁၇။ အရက်အမူးလွန်သူ အိမ်ထဲအမြန်ဝင်နည်း ၁၃၄

၁၈။ မှားထိုက်ပေ၏တကား ၁၄၂

၁၉။ ချော်လဲ ရောထိုင် ၁၅၀

၂၀။ လှတောသား စကားကုဋေကုဋာ ၁၅၈

# ခေသူတော့ဖြင့် မဟုတ်ပါ

## နန္ဒာမိုးကြယ်

တကယ်တမ်း တွေးကြည့်တော့ မိမိနှင့်သူ ရေစက်ဆုံခဲ့သည်မှာ ၁၉၈၀ ဝန်းကျင်ကာလလောက်က ဖြစ်သည်။ နှစ်ပေါင်း ၄၀ နီးပါးခန့် ရှိပြီ ဆိုကြပါစို့။

အဲသည်တုန်းက သူ့နှယ် မိမိသည်လည်း ဥက္ကလာသား။

ပြီးတော့ ကဗျာအပေါ် ရင်ခုန်ဖက်တွယ်မှု၌ ထပ်တူညီမျှခြင်းပြု၍ ရလောက်မည် ထင်သည်။ လူချင်း မကြာခဏ မဆုံတွေ့သော်ငြား စာအုပ်အချို့၏ စာမျက်နှာတွေအပေါ်မှာတော့ သူနှင့် မိမိ မကြာခဏ ဆုံတွေ့တတ်ကြသည်။ စကားပြေကို စကားပြေနှင့်တူအောင် ရေးတတ်၍ ကဗျာကို ကဗျာနှင့်တူအောင် ဖွဲ့သီတတ်သော သူ့လက်စလက်နများကို ကြည့်လျက် တစ်နေ့နေ့ တစ်ချိန်ချိန်၌ ထက်ရှလက်ပသော ကလောင်တစ်ချောင်း ဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားခဲ့သည်။

မိမိတို့ ဆုံစည်းခဲ့သည့် ကာလရပ်လွှာတွေကို အစပြန်ဖော်ကြည့်တော့ ပုံရိပ်ပီသတာတွေလည်း ရှိသလို ခပ်မှိန်မှိန်

ခပ်ဖျော့ဖျော့ ဝိုးတဝါးမှုန်ရီနေတာတွေကလည်း အပုံအပင်။

ပီသသော ပုံရိပ်တွေကို ငဲ့ကြည့်မိသည်။ ထိုအခါ…သူ့ရိုးသားမှု၊ သူ့ကြိုးစားမှုတွေက အတိုင်းမသိ။ တစ်ရံတစ်ခါ သူ့ထံ ရောက်လာတတ်သည့် နောင်တော့ နောင်တော် ဆရာသမားတွေအပေါ် လိုက်လျောမှုများ၊ သည်းခံမှုများ၊ ဖြည့်ဆည်းမှုများက အံ့သြလောက်ဖွယ်ကောင်းသည်နှင့်အမျှ အခွင့်အရေးမယူတတ်သူလည်း ဖြစ်နေပြန်သည်။ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ အမှတ်အသားတွေက သူ့ရင်ထဲမှာ ကိန်းဝပ်နေပြီးသား။ စိတ်အလိုလိုက်သည့် ကိစ္စများ၌ သူ မပါ။ အကျိုးမဲ့ အချိန်ဖြုန်းမှုများ၌ သူ့ကို မတွေ့။

စာနယ်ဇင်း ဖြတ်သန်းမှုများအပေါ်၌ သူ့ကြိုးစားမှု၊ သူ့ရိုးသားမှုတွေကို မိမိ မြင်တွေ့ခဲ့ရသည်။ ကျေနပ်အားရခဲ့ရသည်။

သည်လိုနှင့် ကံဇာတ်ဆရာ၏ စီမံရာကို ကိုယ်စီကိုယ်င ခံယူကြရင်း သူလည်း သူ့ဘဝနှင့်သူ၊ မိမိလည်း မိမိဘဝနှင့် မိမိ အဟာပ်ကွာသွားခဲ့ကြပြန်သည်။ မိသားစုအရေးအတွက် သူ ရုန်းကန်ဖြေရှင်းနေရသည့် သတင်းကိုတော့ ကြားနေရသည်။ စာတွေ၊ ကဗျာတွေ ထွက် မထွက်တော့ မသိ။ စာနယ်ဇင်း စာမျက်နှာတွေအပေါ် ကျောခိုင်းလိုက်လေပြီလား။

အလျားရှည်လှစွာသော ဘဝပြေးလမ်းတစ်လျှောက် သူနှင့် မမျှော်လင့်ဘဲ ဆုံတွေ့မှုတွေက လက်ချိုးရေ၍ ရသည်။ ဆုံတွေ့ပြန်တော့လည်း လျှပ်တစ်ပြက် ဆန်လွန်းလှသည်။ မိမိနှင့် ဆုံတွေ့တော့ သူ့နှလုံးအိမ်၌ အိပ်မောကျနေသော စာကဗျာတွေကို

သူ လှုပ်နိူးတော့မည်ကြားရ၍ ဝမ်းသာမျှော်လင့်ရသည်။ သို့ငြား သူ့အဖြစ်က ဘဝကို လွန်ဆွဲနေရတုန်း။ ရုန်းကန်လှုပ်ရှားရမှုတွေက ဘဝအတွေ့အကြုံတွေ ဖြစ်လာသည်။ စာပေဖတ်ရှုခြင်းတွေက ဘဝဝမ်းစာတွေ ဖြစ်လာသည်။ သူ့ကိုယ်သူ ပြန်လည်ထုဆစ်တော့မည့်ကာလ မဝေးတော့ဟု သဘောပိုက်ရင်း မိမိတို့ ရေစက်က ပြန်လည်ပြတ်တောက်သွားခဲ့ပြန်သည်။ သူလည်း သူ့အကြောင်းတရားနှင့်၊ မိမိမှာလည်း မိမိအကြောင်းတရားနှင့်။

◆◆◆

မိမိခင်တွယ်ခဲ့လေသော တောင်ဥက္ကလာပမြို့နယ်၏ စာပေရပ်ဝန်းသည် စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ကို ကျော်ဖြတ်ကာ စာရေးဆရာအသင်းအဖြစ် အောင်လံတလူလူ၊ ဟန်မူတဝင့်ဝင့်။

စာပေလုပ်သားအဖွဲ့ကာလတုန်းဆီက 'သူ'နှင့် ထိစပ်ခဲ့သမျှသည် စာပေနှင့် စာနယ်ဇင်းကာလ၌ လမ်းဘယ်မမြင်ဖြစ်ကာ 'စာရေးဆရာအသင်း'ဟူ၍ ဖြစ်လာမှပင် ပြန်လည်ပေါင်းစည်းမိကြလေသလား။

သူ့ဘဝအနေအထားမှာလည်း အခြေခိုင်မတ်နေပြီဟု ဆိုရမည်။ မိသားစုအတွက် သူ တာဝန်ကျေခဲ့ပြီ။ မိမိကတော့ စာပေမျှော်ရုံတော့၌ လျှလျှမောမော။ မြို့နယ်စာပေဆိုင်ရာ ပွဲတစ်ပွဲမှာ ဆုံတွေ့ကြတော့ မိမိ၏ လက်ဆောင်စာအုပ်အချို့ကို စိတ်ပါဝင်စား

စွာ မျက်တောင်ပုတ်ခတ်ရင်း ဧည့်ဝတ်တွေ ကျေရင်းနှင့် စာအကြောင်းတွေကို မိုးရေပမာ သွန်ချလာခဲ့သည်။

သည်ကတည်းက သူ့စာပေမာတ်ခံ အတိမ်အနက်ကို အကဲဖြတ်၍ရနေသည်။

သူကား အောင်ရာဇာ(ဥက္ကလာ)…ပဲလေ။

◆◆◆

မိမိတို့ ကျင်လည်ကျက်စားရာ စာပေသမားတွေ ဆုံစည်းကြရာ လေအန်ကုန်းကို သူရောက်လာသည်။ စာပေသမားတို့၏ ဘဝစာမျက်နှာတွေကို သူ တဝကြီး ဖတ်ရှုမိပြီး လေအန်ကုန်းအပေါ် အခင်တွယ်ကြီး ခင်တွယ်သွားခဲ့လေသလား။

စိမ်းစိမ်းကျက်ကျက် သာမူ၊ နာမူတွေအပေါ် ဝန်မလေးတုံ့ဆိုင်းနှေးဖင့်ခြင်း မရှိ။ ကူညီတတ်သည့် လက်တွေကို သူ ပိုင်ဆိုင်နေပြီးသား။ သူ့စာတွေ၊ ကဗျာတွေကို လှုပ်နှိုးလာခဲ့သည်။ အထူးသဖြင့် အဘိဓမ္မာဆန်သော ကဗျာတွေကို သူ ဖွဲ့လာသည်။ ရံခါတော့ နုနယ်ပျိုမျစ်ချင်သေးသော နှလုံးသားကို အလိုလိုက်ရဟန်တူသည့် နုရွလှတ၊ ဆွတ်မြလွမ်းမောရသည့် ကဗျာများကိုလည်း ဖူးပွင့်ပြန်သေးသည်။ တတ်လည်း တတ်နိုင်ပါပေ့။

သူ ပင်တိုင်နီးပါး ရေးနေသည့် ဂျာနယ်တစ်စောင်၏ ဖြစ်စဉ်ကို လေ့လာပြီး အကူအညီပေးနေရင်းမှ အယ်ဒီတာ သဘောတရားတွေကို သူဝင်စားလာခဲ့သည်။ ထုတ်ဝေမှုဆိုင်ရာကို စိတ်ကစားလာခဲ့သည်။ သည့်နောက်ပိုင်း အမည်မခံဘဲ အယ်ဒီတာ

လုပ်တော့သည်။

မိမိတို့ သည်အခြေအနေထိ ရောက်လာအောင် မြစ်ဖျား ခံပေးခဲ့သည့် 'သောကြာ'တည်းဟူသော လစဉ်ထုတ် စာအုပ်ငယ်ကလေးကို ပြန်လည်မွေးဖွားလာတော့ သူလည်း တစ်တပ်တစ်အား။ သည် သောကြာက မိမိကဲ့သို့ပင် သူ့ကိုလည်း မြေတောင်မြှောက်ပေးခဲ့သည် မဟုတ်လား။

အလုပ်အပေါ် ချစ်ခြင်း၌ စံထားရမည့်သူတွေအထဲ သူလည်း အပါအဝင်။ ဂျာနယ်တစ်စောင်ကို သူ တာဝန်ခံ အယ်ဒီတာအဖြစ် ရဲရဲဝံ့ဝံ့ နာမည်ခံထုတ်ဝေခဲ့သည်။ ကလောင်သက် ရင့်ကျက်သူတို့ကို 'ဂါရဝေါစ'ပြုသည်သာမက ကလောင်သက်နုသူတို့အပေါ်လည်း အကြင်နာစာနာတရားဖြင့် မင်္ဂလာဘာဝနာ ပွားလိုက်ပြန်ပါသေး။

သူသည်ကား အောင်ရာဇာ(ဥက္ကလာ)...ပဲလေ။

ခေတ်ကာလ အနေအထားက 'သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ'ကာလ။ မိမိတို့ စာအုပ်လောကသားများ အလူးအလဲခံစားနေကြရသော ကာလ။ စာအုပ်တွေ အတုံးအရုံး လဲပြိုရလေသောကာလ။ မိမိကိုင်တွယ်သော စာအုပ်၊ သူကိုင်တွယ်သော ဂျာနယ်တို့မှာလည်း ဘာခံနိုင်မှာတဲ့တုံး။ မီးရာ အချစ်နှင့် လိုက်သွားခဲ့ကြပြီကော။ ချစ်သည်း မောင့်ကို ထားခဲ့ကြပြီကော။

သည်ကြားကာလမှာ သူသည် 'အဖြူရောင် ရေစီး' ကဗျာစာအုပ်ကို ရစ်ခွေခဲ့သေးသည်။ သူ့ကဗျာပရိသတ်၊ ရေးဖော်

တို့ အားရကျေနပ်ရသည့် စာတစ်အုပ်။

ခုလည်း သောကြာတွင် ပရိသတ်ကို ပျော်ရွှင်မြူးထူးစေလိုစိတ်ဖြင့် လစဉ် သူရေးသားခဲ့သည့်၊ တင်ဆက်ခဲ့သည့် 'အရက်မူးသမားမျောက်' အခန်းဆက် ဝတ္ထုတိုများအပါအဝင် စာဖတ်သူတို့ ဟာဒယငြိခဲ့သည့် ဟာသစာစုတို့အား ပေါင်းစည်း၍ စာတစ်အုပ် ထုတ်ဝေလာပြန်ပါပြီ။ စာပေခေတ်ပျက်အတွင်း ယောင်တီးယောင်တဖြင့် ထကလေသလားဟူ၍ပင် ထင်နိုင်ကောင်းစရာ။ သူ့စာပေချစ်စိတ်၊ စာပေဇွဲ၊ စာပေသတ္တိဟူသည် နည်းနည်းနောနော မဟုတ်ခြင်းကိုပင် သက်သေပြသည့် သဘောလား။

မည်သို့ဆိုစေ…

'အရက်သမားမျောက်နှင့် ပြုံးစရာများ' ကတော့ စာဖတ်သူတို့၏ နှလုံးအိမ်အတွင်းသို့ ဝင်ရောက်လာပေဦးတော့မည်။ ညစ်ညူးနေသမျှ လွင့်စင်ပအောင် ပြုံးရ ရွှင်ရပေဦးတော့မည်။

ဩော်…

သူကား တခြားသူ မဟုတ်။

အောင်ရာဇာ(ဥက္ကလာ)…ပဲ မဟုတ်ပါလား။ ။

ချစ်ခင်စွာ…

**နန္ဒာမိုးကြယ်**

(၂၁-၉-၂၀၁၉)

# အရေးပေါ်



# အရေးပေါ်

ကန်ထရိုက်တွေ အလုပ်တအား ဖြစ်နေချိန်။ ကြာပြီ တော့လည်း မဆိုနိုင်သော ကာလတစ်ခုက ဖြစ်ပါသည်။

ကျွန်တော်နေထိုင်ရာ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာ (၂)လမ်းအတွင်းသို့ ကန်ထရိုက် သမားတွေ သူ့အဆက်အသွယ်နှင့်သူ ဝင်ရောက်လာခဲ့ကြပါသည်။ ဤတွင် ကျွန်တော့်အိမ်နှင့် တစ်အိမ်ကျော်ရှိ ကိုဝင်းမောင်၏ အိမ်ကို ကန်ထရိုက်တာက ခြောက်ထပ်တိုက်၊ သုံးလွှာစီယူ ပြောင်းရွှေ့ စရိတ်ပေးနှင့် စတင်ကာ ဆောက်လုပ်ပါသည်။

အိမ်ဖျက်၊ မြေတူးနှင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောက်လုပ် ခဲ့ရာ တစ်နှစ်ကျော်ခန့်အကြာတွင် ခြောက်ထပ်တိုက်ကြီး ပြီးစီးခဲ့ လေပြီ။

နေထိုင်ခွင့်ကျ၍ ကိုဝင်းမောင်တို့မိသားစု ဆိုင်ရာပိုင်ရာ အခန်းသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ပြီး တစ်နေ့တော့ ကိုဝင်း မောင်က အိမ်တက် ဖိတ်စာလာပို့ပါသည်။

"ဘိုးတော် ... လာဖြစ်အောင် လာခဲ့ပါနော်"

"ဟုတ်ကဲ့ပါ ... ကိုဝင်းမောင်၊ ကျွန်တော် ဆက်ဆက် လာခဲ့ပါ့မယ်ဗျာ"

သည်မှာ ကျွန်တော်တစ်ခုပြော ဖို့ ကျန်နေပါသေးသည်။ တခြားတော့မဟုတ်။ ကိုဝင်းမောင်သည် ကျွန်တော့်အား နာမည် မခေါ်ဘဲ ထူးထူးခြားခြား ဘာကြောင့်မှန်းမသိ။ အထက်ပါအတိုင်း 'ဘိုးတော်'ဟု ခေါ်ခြင်းပင် ဖြစ်သည်။

ကိုဝင်းမောင်တို့ အိမ်တက်အလှူသို့ တိုင်ကပ်နာရီ တစ်လုံး ဝယ်၍ ခြောက်ထပ်တိုက်သစ်ကြီး၏ တတိယအလွှာသို့ ကျွန်တော်သွားခဲ့ပါသည်။ ကိုဝင်းမောင်က အားရဝမ်းသာဖြင့် အခန်းဝမှ စောင့်ကြိုလျက် -

"ဟာ ... ဘိုးတော်၊ လာ ... လာ၊ မျှော်နေတာ။ ဘယ့်နှယ် တစ်ယောက်တည်း လာရလားဗျ"

"ဟုတ်ကဲ့၊ မိန်းမက ချက်ရေးပြုတ်ရေးနဲ့ မအားလို့ ကျွန်တော် တစ်ယောက်တည်း လာခဲ့တယ်။ ရော့ ... ကိုဝင်း မောင်တို့အတွက် အိမ်သစ်တက်လက်ဆောင်"

"ဟာ ... ဘိုးတော်ကလည်း အားနာစရာကြီး၊ ကျေးဇူး၊ ကျေးဇူး"

ကျွန်တော်လည်း ကိုဝင်းမောင် နေရာချပေးရာတွင် ထိုင် လိုက်ရင်း ကြိုရောက်နှင့်နေသော လမ်းထဲမှ လူများအား ပြုံးပြ နှုတ်ဆက်ရင်း နို့စိမ်းခေါက်ဆွဲအား လွေးတော့သည်။ အလှူရှင်

ကလည်း အလိုက်သိစွာ လိုက်ပွဲ ခဏခဏ ထည့်ပေးနေသဖြင့် အားနာပါးနာဖြင့် စားခဲ့ရသည်မှာ သုံးပွဲတိတိ။ ဒါနှင့် မပြီးသေး။ ကော်ဖီနှင့် အချိုပွဲတို့ကိုလည်း အတင်းချကျွေးနေသဖြင့် စားသောက်ခဲ့ရပါသေး၏။

စားသောက်ပြီး၍ ပြန်ရန် နှုတ်ဆက်စဉ် -

"ဘိုးတော် ... အိမ်လည်း ကြည့်သွားပါဦး"

ဟု ဆိုကာ လက်ဆွဲ၍ လိုက်လံပြသလေသည်။ အသစ်ဆိုတော့လည်း ကောင်းသည်ပေ့။ ဘုရားခန်း၊ အိပ်ခန်း၊ ထမင်းစားခန်းနှင့် တွဲလျက် မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာ စုံအောင်ပြသပြီးနောက် နောက်တံခါးပေါက်ဖွင့်၍ ပြလေသည်။ အဲသည်မှာ သံနှင့် ဖြစ်သလို လုပ်ထားသော ကြောင်လိမ်လှေကားခပ်သေးသေးလေးကို တွေ့ရသဖြင့် -

"ကိုဝင်းမောင် ... ဒါက ဘာလဲဗျ"

"အရေးပေါ်လှေကားလေ ဘိုးတော်ရဲ့"

"ဗျာ ...ဘယ်လို အရေးပေါ်လှေကား ဟုတ်လား။ သည်သေး သေးကျဉ်းကျဉ်း ကြောင်လိမ်လှေကားလေးက ..."

ဟု တအံ့တသြအမေးကို ကိုဝင်းမောင်က ရယ်လျက်-

"ဟုတ်တယ်လေ။ ဒါ ... အရေးပေါ်လှေကားပေါ့ ...ဟဲဟဲ"

"ဒုက္ခပါလား ကိုဝင်းမောင်ရယ်၊ အရေးအကြောင်းပေါ်လို့ ဆင်းရင် ခက်ခက်ခဲခဲဆင်းရမယ့် လှေကား။ အလောတကြီး

များ ဆင်းမိရင် ပြုတ်ကျမှာပေါ့၊ ဒုက္ခပဲ”

“ဟုတ်တယ်လေ ဘိုးတော်ရဲ့။ အဲဒီလှေကားကဆင်းလို့ ပြုတ်ကျရင် အရေးပေါ်ကို တန်းပို့ရမှာမို့ အရေးပေါ်လှေကားလို့ ခေါ်တာပေါ့…ဟဲဟဲ …”ဟူသတည်း။

*သောကြာစာစောင်၊ အမှတ် (၅၉၀)၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ်။*

☺ ☺ ☺

# ခွက်ပျောက်တဲ့နေ့



# ခွက်ပျောက်တဲ့နေ့

Taxi ယာဉ်မောင်း ကျော်ဦးတစ်ယောက် မလျှော့သောဇွဲဖြင့် ဆက်လက်မောင်းနှင်ကာ ခရီးသည်ရှာဖွေလေ၏။ သိပ်မကြာခင်မှာပဲ စက်ဆန်းရုံလေးရှေ့တွင် ရပ်ထားသော Crown ကားနက်ကြီးဘေးမှ ရှိုးအပြည့်နှင့် လူတစ်ယောက် ကားလှမ်းတားသဖြင့် ကျော်ဦး ဝမ်းသာအားရ ထိုးရပ်လိုက်၏။

"ဘယ်သွားမလဲ အစ်ကို"

ခရီးသည်က ဘာမှမပြောဘဲ ကားနောက်တံခါးကို ဆွဲဖွင့်ကာ တက်ထိုင်လိုက်ရင်း -

"သဃ်္ဃန်းကျွန်း စံပြဈေးရှေ့က ကားပွဲစားတန်းကို မောင်းဗျာ။ ကျွန်တော့် Crown က သည်နားရောက်မှ ထိုးရပ်သွားတယ်။ ဘာဖြစ်မှန်းမသိဘူး"

"ဪ ...ခုသွားမှာက စက်ပြင်ဆရာ သွားခေါ်မလို့လား"

"မဟုတ်ဘူးဗျ၊ ကားတစ်စီး သွားဝယ်မလို့။ အဲဒီမှာ အဆင်မပြေရင် တခြားပွဲစားတန်းကို ဆက်သွားမယ်ဗျာ။ ပြီးတော့မှ ကားခကြည့်ပေးမယ်နော်။ ဖြစ်တယ် မဟုတ်လား"

သည်စကားက ကျော်ဦးနားထဲ သကာရည်လောင်းထည့်သို့ ချိုလိုက်ဘိခြင်း။

"ဟုတ်ကဲ့ ရပါတယ် အစ်ကို။ ဒါနဲ့ ဘာကား ဝယ်မလို့လဲဟင်"

"Honda Fit ဝယ်မလို့။ မိန်းမအတွက်ပါ။ သူလည်း သူ့အလုပ်နဲ့သူဆိုတော့ လိုက်ပို့ရ သက်သာအောင်ပေါ့"

ဩော် …ပေါလိုက် ထောလိုက်တဲ့လူတွေများ။

"ကျွန်တော့် မိတ်ဆွေတစ်ယောက် ကားအရောင်းအဝယ်လုပ်တယ်။ မေးပေးရမလား"

"လုပ်လေ၊ ကားကောင်းပြီး ဈေးသင့်ရင် ဝယ်တာပေါ့"

ကျော်ဦး ကားကိုလမ်းဘေးသို့ ကပ်ရပ်လိုက်ပြီး သူ၏ မိတ်ဆွေကားပွဲစားထံ ဖုန်းဆက်လိုက်၏။

"ဟဲလို ‥ကိုမောင်မောင်လား၊ ကျွန်တော် ကျော်ဦးပါ။ ကိစ္စကတော့ ကျွန်တော့်အစ်ကိုတစ်ယောက်က Honda Fit ဝယ်ချင်လို့။ အဲဒါ‥အစ်ကို့မှာများ ရှိလားလို့။ ရှိတယ်၊ ဟုတ်လား။ ဒါဆို အဝယ်နဲ့ တစ်ချက်လောက် ပြောလိုက်ပါဦး"

ဖုန်းကို ကားနောက်ခန်းမှ ခရီးသည်ထံသို့ လှမ်းပေးလိုက်သည်။

ခရီးသည်နှင့် ပွဲစား ကိုမောင်မောင်တို့ အပြန်အလှန် ပြောဆိုပြီး ကျော်ဦးထံသို့ ဖုန်းပြန်ပေးရင်း။

"အဆင်ပြေလောက်မယ်။ ကျောက်ကုန်း မှတ်တမ်းရုံး ဟောင်းရှေ့က မာကျူရီဆိုင်မှာ ကားရပ်ထားတယ်တဲ့။ အဲသည် ကိုပဲ မောင်းတော့ဗျာ။ အရောင်းအဝယ်ဖြစ်ရင် အစ်ကိုလည်း ပွဲခရတာပေါ့"

"ဟုတ်ကဲ့"

ကျော်ဦး အူမြူးသွားကာ သဘောခွေ့နေ၏။

"ဩော် ... ဒီလိုခွင်ကောင်းတွေ့အောင် နတ်ကောင်း နတ်မြတ်တွေက တားသူမရှိအောင် ဖန်တီးပေးတော်မူတာကိုး၊ ကျေးဇူးကြီးပါဘိ"

မာကျူရီဆိုင်အနီး ရောက်တော့ ကျော်ဦး ဖုန်းကိုထုတ်၍ ပွဲစားကိုမောင်မောင်ထံသို့ ဆက်သွယ်လိုက်၏။

"ဟုတ်ကဲ့ ...ကိုမောင်မောင်၊ ကျွန်တော်တို့ ဆိုင်ရှေ့ ရောက်နေပြီ။ ဩော် ...အထဲဝင်ခဲ့ရမလား၊ ဟုတ်ကဲ့ ...ဟုတ်ကဲ့ ဝင်လာပြီ"

ကျော်ဦး မာကျူရီဆိုင်ဘေးမှ အတွင်းဘက် ကားပါကင် ရှိရာသို့ မောင်းဝင်လာခဲ့သည်။ ဟော ...တွေ့ပါပြီ။ Honda Fit ခဲရောင်ကားလေးရှေ့တွင် ကိုမောင်မောင် ရပ်လျက်စောင့်နေ ၏။ ကျော်ဦးလည်း ကားကို လွတ်သည့်နေရာတွင် ရပ်လိုက်၏။ ကားဝယ်မည့်သူက ကားပေါ်မှဆင်းကာ Honda Fit ကားလေးကို

လှည့်ပတ်ကြည့်၏။ ကားထဲဝင်ထိုင်ကြည့်၏။ ပြီးတော့ ကားဘောနက်(စ်) ခလုတ်ဆွဲကာ ဘောနက်(စ်)လှန်ကြည့်လေသည်။ ကျော်ဦးကတော့ ဘာမှ နားမလည်သဖြင့် ဝယ်သူလုပ်ဆောင်သမျှ ရပ်ကြည့်၍သာ။

"ကားက မဆိုးပါဘူး၊ အကွာရာကလည်း သိပ်မနိမ့်သေးဘူးပဲ။ ဈေးလေးတစ်ချက်လောက်ပြောပါ"

ကိုမောင်မောင်က သူ့ဘေးမှ ကားပိုင်ရှင်ကို မေးငေါ့ပြရင်း -

"ကားပိုင်ရှင်ကတော့ သည်က အစ်ကိုပဲ။ ဈေးက တစ်ရာ့နှစ်ဆယ့်ငါးသိန်း ဖွင့်တယ်"

"လျှော့ဦးမလား"

"နည်းနည်းတော့ ညှိပေးမယ်။ ကျွန်တော်တို့လည်း ရောင်းဈေးနား ကပ်ပြောထားတာပါ"

"ကြာတယ်ဗျာ၊ တစ်ခွန်းတည်းပေးမယ်၊ ဟုတ်ပလား။ ရောင်းနိုင်ရင် ရောင်းဗျာ၊ တစ်ရာ့နှစ်ဆယ် ထားလိုက်"

"တစ်ရာ့နှစ်ဆယ်တော့ မလုပ်ပါနဲ့။ နည်းနည်းလောက်တော့ တိုးပေးပါဦး"

"တော်ပြီဗျာ၊ မတိုးတော့ဘူး၊ ရောင်းနိုင်ရင် ရောင်း"

"ခဏနော် အစ်ကို"

ကိုမောင်မောင်တစ်ယောက် ကားပိုင်ရှင်ကို ခပ်လှမ်းလှမ်းသို့ ခေါ်သွားပြီး တွတ်ထိုးနေလေ၏။ ခဏအကြာ ပြန်ရောက်

လာကြပြီး -

"ကဲ ..အစ်ကိုရေ၊ ကျွန်တော့်ဘောစိက အစ်ကိုပြောတာ ဆိုတာကို သဘောကျလို့ ရောင်းပါမယ်တဲ့ အစ်ကို"

"အဲဒါဆို ဒီလိုလုပ်ရအောင်"

ကားဝယ်မည့်သူက ခေတ္တစဉ်းစားဟန်ပြုပြီး -

"အစ်ကိုတို့ ဒီမှာပဲ စောင့်နေဗျာ။ ကျွန်တော် အိမ်မှာ ပိုက်ဆံပြန်ယူလိုက်မယ်။ ဩော် ...ဒါနဲ့ လိုင်စင်စာအုပ်တွေ တစ်ခါတည်းပါလာလား"

"ဟုတ်ကဲ့ ... ပါလာပါတယ်။ အစ်ကို ပိုက်ဆံပြန်ယူ လိုက်ပါ။ ကျွန်တော်တို့ ဒီမှာပဲစောင့်နေပါ့မယ်"

"အိုကေလေ၊ ကဲ...ကားဆရာရေ၊ ကန်တော်လေး ၈၈ လမ်းကို သွားရအောင်"

"ဟုတ်ကဲ့"

ကျော်ဦးတစ်ယောက် မြူးထူးစွာ ကန်တော်လေး ၈၈ လမ်းသို့ ခပ်သွက်သွက်မောင်းလာခဲ့၏။ ၈၈ လမ်းရောက်တော့ ကန့်ထရိုက်တိုက် (ခြောက်ထပ်)တစ်တိုက်ရှေ့တွင် ရပ်နိုင်းသဖြင့် ရပ်ပေးလိုက်၏။ ကားဝယ်မည့်သူက ကားပေါ်မှ သွက်သွက် ဆင်းကာ တိုက်လှေကားပေါ်သို့ မပြေးရုံတစ်မည် တက်သွား သည်။ ထိုအခါမှ ပွဲစားကိုမောင်မောင်ထံ ဖုန်းဆက်လိုက်သည်။

"ကိုမောင်မောင် ကျွန်တော့်ကိုလည်း ပွဲခပေးမယ် မဟုတ်လား။ ဗျာ...ငါးသောင်း၊ အိုကေ၊ အိုကေ၊ ကျေးဇူး၊ ကျေးဇူး"

ပွဲခ ငါးသောင်းရမည်ဆို၍ အတော်ဝမ်းသာသွားမိ၏။ ထိုစဉ် ပိုက်ဆံတက်ယူသူ ပြန်ရောက်လာ၏။ လက်ထဲတွင် ပလတ်စတစ်အိတ်အမည်းဖြင့် ထည့်ထုပ်ထားသော ပိုက်ဆံထုပ်ကို တွေ့ရလေသည်။ ထိုသူက -

"ပြဿနာပဲ အစ်ကိုရေ၊ မိန်းမက သိန်းနှစ်ဆယ် အရေးပေါ်လိုလို့ ယူသွားလေရဲ့။ ကျွန်တော့်မှာ တစ်သောင်းတန် ဆယ်ထုပ်ပဲရှိတော့တယ်။ ကျန်တဲ့ သိန်းနှစ်ဆယ်ကို ယုဇနပလာဇာက အစ်မဆိုင်မှာ သွားဆွဲရမယ်။ ပလာဇာကို မောင်းမယ်"

"ဟုတ်ကဲ့ …ဟုတ်ကဲ့"

ယုဇနပလာဇာ ရောက်တော့ နောက်ဘက်ပတ်ဝင်ခိုင်းသဖြင့် ပတ်ဝင်ပေးရသေးသည်။ ကားတွေက ကျပ်ပါဘိ။

"ရပြီ အစ်ကို။ ဒီနားမှာကပ်ပြီး မေ့ရပ်ထားလိုက်၊ ကျွန်တော် သိပ်မကြာပါဘူး"

ကျော်ဦးလည်း ထိုလူရပ်ခိုင်းသည့်နေရာတွင် ကားကို ရပ်ပေးလိုက်၏။ ထိုလူက ကားပေါ်မှဆင်းပြီး -

"အစ်ကို … ကားပေါ်မှာ ကျွန်တော် သိန်းတစ်ရာထုပ် ထားခဲ့မယ်နော်။ သတိထားကြည့်ပေးဦး။ ပြီးတော့ အစ်ကို့ ဖုန်းလေး ကျွန်တော့်ကို ခဏပေးဆက်ပါဦး။ ကျွန်တော့်ဖုန်းက Crown ကားပေါ်မှာ မေ့ကျန်ခဲ့လို့"

ကျော်ဦး ရှောရှောရှူရှူပင် ဖုန်းကို ထုတ်ပေးလိုက်၏။ ထိုလူက ဖုန်းကို တို့နှိပ်ရင်း ပလာဇာထဲ ဝင်သွားသဖြင့် ကျော်ဦး

စိတ်ထဲ တစ်မျိုးတော့ဖြစ်သွားလေသည်။

"အို ... သူ့ပိုက်ဆံ သိန်းတစ်ရာကြီးများတောင် ငါနဲ့ထားခဲ့သေးတာပဲ၊ ပူစရာမရှိ ပူရန်ကော"

ကျော်ဦး နောက်ထိုင်ခုံပေါ်မှ ပိုက်ဆံသိန်း တစ်ရာထုပ် မည်းမည်းလေးကို လှည့်ကြည့်ရင်းက ကိုယ့်ကိုယ်ကို ပြစ်တင်ဖြေသိမ့်ရင်း ပြုံးမိလေသည်။

* * *

ဟိုက် ... ရော၊ မဟုတ်တော့ဘူးထင်တယ်။ နာရီဝက်တောင် ကျော်သွားပြီ။ ပြန်မလာသေးပါလား။

ကျော်ဦး ဒီဂရီတက်လာ၏။ ပိုက်ဆံထုပ်ကို လှမ်းကြည့်တော့လည်း ငြိမ်လျက်သားလေး။ မထူးပါဘူး။ ဆက်စောင့်ရမှာပဲ။ ကျော်ဦးတစ်ယောက် ဖွဲ့အပြည့်ဖြင့် ဆက်လက်စောင့်နေရာ တစ်နာရီကျော်မျှကြာသည်အထိ ရောက်မလာလေသောအခါ ထူပူကာ ပျာယာခတ်သွားတော့သည်။ ကားနောက်ခန်းတွင်ထားခဲ့သော ပိုက်ဆံထုပ်အမည်းကို ကပျာကယာဖြေကြည့်လိုက်ရာ-

"ဖြန်း"

ကျော်ဦး သူ့နဖူးကို လက်ဝါးဖြင့် မညှာမတာ ရိုက်မိလေတော့သည်။

"သေရောကွာ။ ပိုက်ဆံဆိုဒ် ဖြတ်စည်းထားတဲ့ စက္ကူထုပ်တွေ၊ တောက် ...ခွေးသား လူလိမ်။ အချိန်လည်းကုန်၊

ခတ်ဆီလည်းကုန်၊ ပွဲခရဖို့နေနေသာသာ ကားခတောင်မရဘူး၊ ကြားထဲက မနေ့ကမှ နေ့သွင်းဆပ်လို့ကျေခဲ့တဲ့ ငါ့နှစ်သိန်းကျော် တန် ဖုန်းပါ မညှာမတာ မ,သွားတယ်။ ဘာသူဌေးလဲ"

ကျော်ဦးဆဲတတ်သလောက် စုံအောင်လင်အောင် ထပ်ကာတလဲလဲ ဆဲ၏။ ငိုလည်း ငိုချင်မိ၏။ သို့သော်ကား ငိုမရ။

နောက်ဆုံး စိတ်လျှော့ကာ သူ့ကို စတင်ကားငှားခဲ့သော စက်ဆန်း ရုံးလေးရှေ့မှ Crown ကားနက်ကလေးကို ဘာရယ် မဟုတ်သွားကြည့်မိ၏။ Crown ကားနက်ကလေးကား မရှိတော့။ ဘယ်ရှိမလဲ။ သူ့ကားမှ မဟုတ်တာကိုး။

အဲသည်ကမှ တစ်ဆင့် စောင့်ဆိုင်းမျှော်လင့်နေသော ကိုမောင်မောင်ရှိရာ မာကျူရီ လက်ဖက်ရည်ဆိုင်သို့ အကျိုးအကြောင်းပြောပြရန် စိတ်ပျက်စွာ မောင်းထွက်လာမိတော့သည်။

မာကျူရီရောက်တော့ ကိုမောင်မောင် အပြေးရောက်လာပြီး -

"ကြာလှချည်လားကွ ကျော်ဦးရ၊ ဖုန်းလည်း ပိတ်ထားတယ်။ အဝယ်ရော"

"ပြေးပြီ။ လူလိမ်ကောင်၊ လိမ်တာမှ သေချာ အကွက်ချလိမ်သွားတာ။ ကျွန်တော့်ဖုန်းလည်း မ,သွားသေးတယ်။ တွေးလေတွေးလေ ဒေါသထွက်လေပဲ"

"ဟာ ...သေပြီကွာ။ ငါကတော့ အလုပ်ဖြစ်ပြီဆိုပြီး သည်က ဘော်ဒါတွေကို ကျွေးမွေးနေတာ ကုန်ရော"

"အစ်ကိုက တော်ပါသေးတယ်ဗျာ။ ကျွန်တော်က ပိုဆိုးတာပေါ့။ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး အစ်ကိုရာ"


ကျော်ဦး ပြောရင်းက ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

(၂၀၁၆ ခုနှစ် ၉ လပိုင်းက တကယ့်အဖြစ်အပျက်ဖြစ်ပါသည်။ Taxi ဆရာအပေါင်း သတိထားရှောင်ရှားနိုင်ရန် ရေးသားလိုက်ရပေသည်။)

*သောကြာစာစောင်၊ အမှတ် (၅၉၁)၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်။*

☺ ☺ ☺

# အစားမတော် တစ်သောင်း



## အစားမတော် တစ်သောင်း

တစ်ညနေခင်းဖြစ်သည်။ အချိန်က ၅ နာရီ၊ နေရာက တော့ ၁၄/၁၅ လမ်းဆုံ၊ ကားပွဲစားတန်းတွင် ဖြစ်၏။ လမ်းဘေး နှစ်ဖက်စလုံးတွင် ရောင်းမည့်ကားများမှာ အပြည့်နေရာယူလျက်။

ကျွန်တော့်ကားပင် ရပ်စရာနေရာမရ၍ ကားပါကင်တွင် ဝင်ရပ်ခဲ့ရ၏။ ကားပါကင်ခ တစ်နာရီ တစ်ရာကျပ် ပေးရပေမယ့် ရဲလာဖမ်းမှာ မကြောက်ရ။ မိုးလုံလေလုံ။ ကားပါကင်ဝန်ထမ်းမှ လာပေးသော အချိန်မှတ်စမတ်(စ်)ကတ်ကို အိတ်ကပ်တွင်ထည့် ၍ ဝယ်ရောင်းပွဲစားများ စုဝေးရာသို့ လျှောက်ခဲ့၏။

"ဟာ ... ဆရာကြီး လာပြီဟေ့"

ကားပွဲစားမကျ၊ ဝယ်ရောင်းမကျ ရှေ့နေအလုပ် ရှေ့နေ မလုပ်သော ရှေ့နေလေး သာဒွန်းဦးမှ လှမ်းအော် အချက်ပေး လိုက်ခြင်း ဖြစ်၏။

"ဆရာကြီး နောက်ကျလှချည်လား၊ ၅ နာရီတောင် ထိုးနေပြီ။ ဘယ်သွားနေလို့လဲ"

စောလျှင်လည်း စောလို့၊ နောက်ကျလျှင်လည်း ဤသို့ ပြောတတ်သော ကော်ဖီနှင့် ထမင်းရောင်းသော တုတ်တုတ်မ အား-

"အေး … ဟုတ်တယ်၊ ငါ့အချစ်ကလေးနဲ့ လျှောက်လည်နေလို့"

ပါးစပ်ထဲရှိရာ ပြောလိုက်ရာ တဟင်းဟင်း ရယ်လျက်-

"ကော်ဖီသောက်ဦးမလား ဆရာကြီး"

"မသောက်တော့ဘူး တုတ်တုတ်ရေ၊ တစ်အောင့်နေ အိမ်ပြန်တော့မှာ"

"မပြန်ပါနဲ့ဦး ဆရာကြီးရယ်၊ အမြည်းလေး လိုက်စားပါဦး"

ဝယ်ရောင်းမောင်တိုး (သိန်းတိုး)က ဖိတ်မန္တကပြု၏။ ရှေ့နေ သာဒွန်းဦးမှလည်း -

"စောပါသေးတယ် ဆရာကြီးရယ်၊ ခဏလိုက်ထိုင်ပါဦး"

"အေးလေ … ဒါဆိုလည်း ခုသွားကြမယ်ကွာ။ မမှောင်ခင်လေး"

ကျွန်တော်တို့သုံးယောက်သား "ဟုန်ချမ်း" စားသောက်ဆိုင်ဘက် လျှောက်လာခဲ့ကြ၏။ ဟုန်ချမ်းဆိုင်သို့ရောက်၍ ၄င်းတို့ ထိုင်နေကျခုံတွင် ဝင်ထိုင်လိုက်ကြပြီး မောင်တိုးက-

"ဆရာကြီး ဘာစားမလဲ"

"မှာချင်တာ မှာကွာ"

ထိုစဉ် ရွှေနေက -

"မောင်တိုး ... မောင်တိုး၊ ဟိုမှာ မင်းကားကို အဘိုးကြီးတစ်ယောက် ကြည့်နေတယ်။ ဝယ်မလို့ထင်တယ်"

ကျွန်တော်နှင့်မောင်တိုး ကြည့်လိုက်တော့ မောင်တိုး၏ ပရိဘောဂကားနားတွင် အသက်တော်တော်ကြီးကြီး အဘကြီးတစ်ယောက် ရပ်ကြည့်နေလေ၏။

"ရွှေနေ ... မင်းသွားမေးလိုက်ကွာ"

"အေး ... နေကြီး၊ မင်းသွားလိုက်ကွာ၊ ပွဲခ မင်းရတာပေါ့"

ကျွန်တော်ရော၊ မောင်တိုးပါ တိုက်တွန်းလိုက်သဖြင့် အဘကြီးရှိရာသို့ ရွှေနေက ထသွားလေ၏။ ထိုအချိန်တွင် ဆိုင်စားပွဲထိုးကောင်လေးက အရက်တစ်ပုလင်း၊ သောက်ရေသန့်သုံးဘူး၊ ခွက်များနှင့် ပန်းကန်၊ တူများ စုံလင်စွာ လာချ၏။ မောင်တိုးက စားပွဲထိုးလေးအား-

"ဝက်ပြည်လုံးချမ်းသာတစ်ပွဲ၊ အစပ်လျှော့နော်"

"ဟုတ်ကဲ့ ဆရာ"

စားပွဲထိုးလေး ထွက်သွားစဉ် ရွှေနေပြန်ရောက်လာပြီး-

"မောင်တိုး ... လာ ... လာ၊ တကယ်ဝယ်မယ့် အဘိုးကြီးကွ"

"ဟုတ်လား"

မောင်တိုး ခပ်သုတ်သုတ် ထလိုက်သွား၏။ ကျွန်တော် လှမ်းကြည့်လိုက်တော့ အဘကြီးနှင့် မောင်တိုးတို့ ပြောဆိုနေကြ၏။ ငါးမိနစ်လောက်အကြာတွင် ကျွန်တော့် တယ်လီဖုန်းသံ မြည်လာ၍ ကိုင်လိုက်ရာ -

"ဆရာကြီး ကားတည့်သွားပြီ။ ကျွန်တော်တို့ ပိုက်ဆံ ယူလိုက်ဦးမယ် သိပ်မကြာပါဘူး။ ဒီနားလေးတင် သွားရမှာ။ ဆရာကြီး စားရင်းစောင့်နေဦးနော်။ ဆရာကြီး အိမ်အတွက်လည်း ဆရာကြီးကြိုက်ရာ ပါဆယ်နှစ်ပွဲ မှာထားလိုက်။ ကျွန်တော် ဂါမလို့"

"အေး … အေး၊ ငါ စောင့်နေမယ်"

မောင်တိုးနှင့် ဖုန်းပြောအပြီးတွင် စားပွဲထိုးကောင်လေးက အနံ့မွှေးကြိုင်လွှန်းလှသော ဝက်ပြည်လုံးချမ်းသာ လာချပေးရင်း-

"ဟိုဆရာနှစ်ယောက် ဘယ်ရောက်သွားလဲ"

"ကားသွားရောင်းတယ်ကွ။ သားရေ … ဦးကို ဝက်ကုန်းဘောင်တစ်ပွဲရယ်၊ ကြက်ချိုချဉ်တစ်ပွဲရယ် ပါဆယ်လုပ်ပေးကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

ကျွန်တော်လည်း စားပွဲပေါ်မှ ဝက်ပြည်လုံးချမ်းသာဟင်း အနည်းငယ်အား ပန်းကန်တွင်ထည့်၍ စားလိုက်၊ ရေသောက်လိုက်နှင့် ဟန်ကျနေပေ၏။

"ဆရာကြီး မြည်းဖို့"

မောင်ဖိုးဇော် (ရွှေအိုးဆီးထုပ်)မှ စားပွဲပေါ်သို့ ပန်းကန်လုံးလေး တစ်လုံးလာချ၏။ ကြည့်လိုက်တော့ ကြက်သားသုပ်။

"အေး … အေး ဖိုးဇော်၊ ကျေးဇူးပဲကွာ"

"ရတယ် ဆရာကြီး၊ ဆရာကြီး တပည့်နှစ်ယောက် ဘယ်ရောက်နေလဲ"

"မောင်တိုး ကားတည့်သွားပြီကွ၊ ငွေသွားယူနေလေရဲ့"

"ဟုတ်လား၊ ကောင်းတယ် ဆရာကြီး"

ဖိုးဇော် သူ့စားပွဲ ပြန်သွားလေ၏။ ကျွန်တော်လည်း ကြက်သားသုပ်စားလိုက်၊ ပြည်လုံးချမ်းသာစားလိုက်၊ ရေသောက်လိုက်နှင့် အချိန်တို့ အတော်ရွေ့လျားသွားသည့်တိုင် မောင်တိုးနှင့် ရှေ့နေတို့ ပြန်မလာကြသေး။ ပါးဆယ်နှစ်ထုပ်လည်း ရောက်နေသည်မှာ ကြာပေါ့။ ကျွန်တော်လည်း ဖင်တကြွကြွ ဖြစ်နေလေပြီ။ ကျွန်တော် မနေသာတော့။ ရှေ့နေဆီ ဖုန်းဆက်လိုက်၏။

"ဟေ့ကောင် … ကြာလှချည်လားကွ"

"ကြာဆို ပြာပြီဆရာကြီးရေ"

"ဟေ … ဘယ်လိုဖြစ်လို့တုန်း"

"ဆိုင်ရောက်မှ ပြောတော့မယ် ဆရာကြီး၊ ကျွန်တော်တို့ ရောက်ခါနီးပြီ"

ရှေ့နေဖုန်းချသွား၏။ ဘာတွေ ဘယ်လိုဖြစ်သည်မသိ။ တစ်အောင့်ကြာတော့ နှစ်ကောင်သား ဆိုင်တွင်းသို့ ဝင်လာ၏။ ရှေ့နေက ပြုံးဖြီးဖြီး၊ မောင်တိုးမျက်နှာက မည်းလို့။ နှစ်ယောက်

သား ခုံတွင်ဝင်ထိုင်ဆဲ။

"ဘယ်လိုဖြစ်ကြတာတုံးကွ"

ရွှေနေ ရယ်လေ၏။ မောင်တိုးက မျက်စောင်းလှမ်းထိုး၏။ ရွှေနေကရယ်ရင်း -

"ဆရာကြီးရေ၊ အဖြစ်ကတော့ မပြောချင်တော့ပါဘူး ဗျာ"

"ပြောစမ်းပါကွ၊ မင်းကလည်း ဈေးကိုင်နေသေးတယ်။ ဘာလဲ ... အဘိုးကြီး စိတ်ပြောင်းသွားလို့လား"

"မပြောင်းဘူး ဆရာကြီးရေ၊ တကယ်ဝယ်တာ"

"အဲဒါကို မင်းတို့က ဘာလို့မရောင်းခဲ့ရတာလဲ"

"ရောင်းလို့ မဖြစ်ဘူး ဆရာကြီးရဲ့၊ အဘိုးကြီးက ခုနစ်ဆယ့်ငါးကျပ်တန်တွေပေးလို့ ကျွန်တော်တို့နဲ့ စကားအချေအတင်ဖြစ်နေကြတုန်း သူ့သားရောက်လာပြီး "ဟာ ... အဖေ လုပ်ပြန်ပြီလား၊ ဒုက္ခပါပဲ။ လာ ... လာ အစ်ကိုတို့" ဆိုပြီး ကျွန်တော်တို့ နှစ်ယောက်ကို အိမ်ထဲက ခေါ်ထုတ်သွားတယ်"

ရွှေနေက ပြောလက်စ စကားကိုရပ်ကာ အရက်တစ်ပက်ခန့် ခွက်ထဲထည့်ကာ ရေအပြည့်ရောလေ၏။

"ဟေ့ကောင် ... ဆက်ပြောလေကွာ။ အရေးထဲ အရက်ငှဲ့နေရသေးတယ်"

ကျွန်တော် သိလိုဇောနှင့် လောလိုက်သော်လည်း ရွှေနေက အရက်တစ်ငုံသောက်ပြီးမှ -

"အိမ်ပြင်ရောက်မှ သူ့သားက သူ့အဖေ စိတ်ကျန်းမာရေး မကောင်းကြောင်း၊ ခဏခဏ ကားပိုင်ရှင်တွေကို ခေါ်လာပြီး ဒီလိုလုပ်ကြောင်း၊ သူ ခဏခဏ တောင်းပန်လွှတ်ရကြောင်း၊ အခုလည်း အနူးအညွတ် တောင်းပန်ကြောင်း ပြောတာနဲ့ ကျွန်တော်တို့လည်း အောင့်သက်သက်နဲ့ ပြန်လာခဲ့ရတယ် ဆရာကြီးရေ"

"ဟား ... ဟား ... သေရောကွာ။ ငါကတော့ မောင်တိုး ဂါမယ်ဆိုလို့ ပါဆယ်နှစ်ပွဲ မှာထားတာ ရောက်တောင်နေပြီ။ ဟား ... ဟား ... ဟား"

"ကျွန်တော့် စကားအတိုင်း ကျွန်တော် ဂါပါ့မယ်"

မောင်တိုးအသံက အသက်မဲ့လေ၏။

"နေပါစေကွာ၊ ငါ့ဘာသာငါပဲ ရှင်းခဲ့ပါ့မယ်။ သားရေ ... ပါဆယ်ဖိုး ဘယ်လောက်လဲကွ"

"တစ်သောင်းပါ ဆရာကြီး"

"အေး ... အေး ... ရော့"

ကျွန်တော်လည်း စားပွဲထိုးလေးအား တစ်သောင်းတန် တစ်ရွက် ထုတ်ပေးပြီး ပါးဆယ်နှစ်ထုပ်ဆွဲကာ ရှေ့နေနှင့် မောင်တိုးတို့နှစ်ယောက်အား နှုတ်ဆက်၍ ဆိုင်မှထွက်လာခဲ့တော့၏။

"ဩော် ... အစားမတော် တစ်သောင်းပါလား"

*သောကြာစာစောင်၊ အမှတ် (၅၉၂)၊ ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်။*

# အကောင်းဆုံး ဆပ်ကပ်



# အကောင်းဆုံး ဆပ်ကပ်

နယ်ချဲ့အင်္ဂလိပ်တို့ ကျွန်ပြုအုပ်ချုပ်စဉ် ကာလက ဖြစ်ပါသည်။ မြန်မာပြည်၏ နယ်မြို့လေးတစ်မြို့သို့ အင်္ဂလိပ်အရေးပိုင်မင်းကြီး ရောက်လာလေ၏။

ထိုမြို့ကလေးအား တာဝန်ယူအုပ်ချုပ်သူမှာ မြို့ပိုင်မင်း ဦးချိုဦး ဖြစ်လေသည်။ အရေးပိုင်မင်းကြီး လာရောက်ခြင်းအကြောင်းကား ပုန်ကန်သူတို့ရှိက အမည်စာရင်းပေးရန်နှင့် မြို့၏ လိုအပ်ချက်၊ လုပ်ဆောင်နေဆဲ လုပ်ငန်းများနှင့် မြို့နေလူထု၏ အရေးကိစ္စတို့အား မေးမြန်းလေရာ မြို့ပိုင်မင်း ဦးချိုဦးကား အာပေါက်မတတ် ဖြေကြားတင်ပြရလေသည်။ မင်းကြီးက ထုံးစံအတိုင်း ဟောက်လိုက်၊ ဆဲလိုက်နှင့် ပါဝါပြ၍ ဝလေတော့မှ ဤသို့ (စာဖတ်သူတို့ ဖတ်ရှုရ အဆင်ပြေနိုင်ရန်အတွက် မင်းကြီး၏ အပြောအဆိုတို့အား မြန်မာသံပီသစွာ ရေးသားအပ်ပေသည်)

"ကဲ ... မောင်မင်း၊ ဒီမြို့မှာ ထူးခြားဖြစ်စဉ်များ ရှိသေးလား ပြောပါမောင်မင်း"

ဤသို့ မေးလိုက်ရာ မြို့ပိုင်မင်းလည်း မြို့စွန်ရှိ သရဲ

အလွန်ခြောက်သော ညောင်ပင်ကြီးသို့ မြို့သူမြို့သားများ ညဘက် မသွားရဲ၊ မလာရဲ ဖြစ်ရသည့် အကြောင်းအား မရဲတရဲ လျှောက်တင်လေ၏။ မင်းကြီးက-

"မောင်မင်းပြောတဲ့ ည … ည လူတွေကို ဒုက္ခပေးနေတဲ့ လူဆိုးနာမည်က သရဲတဲ့လား"

"မှန်ပါ မင်းကြီး၊ တချို့ကလည်း တစ္ဆေလို့ ခေါ်ပါတယ်။ တချို့ကလည်း မကောင်းဆိုးဝါး၊ တချို့ကလည်း နာနာဘာဝ၊ တချို့ကျတော့လည်း သဘက်ဆိုပြီး အမျိုးမျိုးခေါ်ကြပါတယ် မင်းကြီးခင်ဗျာ"

"ကောင်းပြီ လူကလေး၊ အဲဒီ ငါးမည်ရ လူဆိုးကြီးကို ကျွန်ုပ် သည်ညတွေ့လိုတယ်။ မောင်မင်း စီစဉ်ပေးနိုင်မလား"

"စီစဉ်လိုက်ပါ့မယ် မင်းကြီး၊ ကျွန်တော်မျိုးရဲ့ ရုံးကို မင်းကြီး ည ၉ နာရီ လာခဲ့ပါ"

"ကောင်းတယ် လူကလေး၊ မောင်မင်း … ကျွန်ုပ် အရောက်လာခဲ့မယ်"

ပြောဆိုထွက်ခွာသွားသော မင်းကြီး၏နောက်ကျောကို ကြည့်ကာ မြို့ပိုင်မင်း စိတ်တွင်းမှ ကြုံးဝါးလိုက်လေသည်။

"တွေ့ကြသေးတာပ မင်းကြီးရယ်၊ သည်ည ၉ နာရီမှာ သရဲအခြောက်ခံရပြီး လိပ်ပြာလွင့်မလား၊ ငယ်သံပါအောင်အော်ပြီး ခွေးပြေး၊ ဝက်ပြေး ပြေးရမလားဆိုတာ ကျွန်ုပ်မြို့ပိုင်မင်း ကောင်းကောင်းကြီး ရှုစားတော်မူရသေးတာပ လူကလေးမင်းကြီး

ရ၊ ဟား … ဟား … ဟား"

* * *

ည ၉ နာရီတိတိတွင် မင်းကြီးတစ်ယောက် အစောင့်ပုလိပ်များနှင့် ရောက်လာလေရာ မြို့ပိုင်မင်းလည်း သရဲခြောက်သော ညောင်ပင်ကြီးသို့ ခေါ်သွားလိုက်လေ၏။ ညောင်ပင်ကြီးရောက်တော့ မြို့ပိုင်မင်းခမျာ ကြောက်တတ်သူ ဖြစ်သဖြင့် မင်းကြီး၏နောက်ကွယ်မှနေ၍ -

"မင်းကြီးခင်ဗျာ … ဒီညောင်ပင်ကြီးပေါ်မှာ မင်းကြီးတွေ့လိုတဲ့ လူဆိုးသရဲကြီး ရှိတယ်ခင်ဗျ"

ဟု အသံမတုန်အောင် ကြိုးစား၍ ထိန်းပြောလိုက်လေရာ -

"ညောင်ပင်ပေါ်က ငါးမည်ရမောင်မင်း၊ ကျွန်ုပ်ဟာ ဗြိတိသျှအရေးပိုင်မင်းကြီး ဖြစ်တယ်။ ကျွန်ုပ်အား မောင်မင်းခုချက်ချင်း ဆင်းတွေ့ပါ"

မင်းကြီးက မကြောက်မရွံ့ အော်၍ ပြောဆိုလိုက်လေသည်နှင့် ညောင်ပင်ကြီးသည် လေမတိုက်ဘဲ တဝေါဝေါ လှုပ်ယမ်းသွားလေပြီးနောက် ညောင်ပင်ကြီးပေါ်မှ သရဲကြီး ဝုန်းခနဲဆင်းလာလေရာ မင်းကြီးနှင့် ပါလာသော ပုလိပ်များက သေနတ်ဖြင့် ဝိုင်းချိန်ထားကြလေတော့သည်။ ဤတွင် သရဲကြီးသည် လက်နှစ်ဖက်အား အပေါ်သို့မြှောက်ကာ ရှည်အောင်ထုတ်လိုက်ပြီး ညောင်ပင်ကိုင်းကို ခို၍တက်သွားသဖြင့် ပုလိပ်များ ညောင်

ပင်ပေါ်သို့ ခတ်မီးဖြင့် ဝိုင်းထိုးရှာဖွေကြလေသည်။ သရဲကြီးကား ညောင်ကိုင်းပေါ်တွင်ထိုင်ကာ သူ၏ခြေထောက်အား ရှည်ထုတ်လိုက်ပြီး မုန့်ကြိုးလိမ်ပမာ လိမ်ပြလေ၏။ ဤသို့ သရဲခြောက်လှန့်ခြင်းကို မင်းကြီး မကြောက်ဘဲ-

"အိုး ... မိုင်ဂေါ့၊ သိပ်တော်တဲ့ လူကလေးပါလား"

ဟု သရဲကိုပင် ချီးကျူးနေသေး၏။ ထိုစဉ် သရဲကြီးက သူ၏လျှာကို အရှည်ကြီးထုတ်ကာ မင်းကြီး၏မျက်နှာကို လျက်လေရာ မင်းကြီးလည်း တဟားဟားရယ်၍ ပွဲကျနေလေ၏။ သရဲက အစွမ်းကုန် နည်းမျိုးစုံဖြင့် ဖြဲခြောက်နေသော်လည်း မင်းကြီးတစ်ယောက် မကြောက်သည့်အပြင် လက်ခုပ်လက်ဝါးတီးကာ သဘောအကျကြီး ကျနေသဖြင့် သရဲလည်း စိတ်ညစ်သွားကာ ကိုယ်ရောင် ဖျောက်သွားလေတော့သည်။ မင်းကြီးက သရဲပျောက်သွားသည်ကို အားမလို၊ အားမရဖြစ်သွားကာ-

"လူကလေး မောင်ချိုဦး၊ ငါးမည်ရ လူဆိုး ဘယ်ရောက်သွားပြီလဲ မောင်မင်း သိသလား"

ဟု လှည့်မေးလေရာ မြို့ပိုင်မင်း ဦးချိုဦးလည်း ပါးစပ်ထဲရှိရာ ဖြေလိုက်ရလေတော့သည်။

"ပင်ပန်းပြီး အနားယူဖို့ ပြန်သွားပါပြီ မင်းကြီး"

"ဟုတ်သလား မောင်မင်း၊ ဒီလူ ဆက်ကပ်ပြတာ အလွန်ကောင်းတယ် မောင်မင်း၊ ကျွန်ုပ်တို့တိုင်းပြည်မှာတောင် သူ့ခြေဖျားမီတဲ့သူ မရှိဘူး။ တကယ့် ပညာရှင်ကြီးပဲ။ ကျွန်ုပ်

အလွန်လေးစား နှစ်သက်တယ် မောင်မင်း။ အဲဒါကြောင့် သူ့ကို ကျွန်ုပ်တို့တိုင်းပြည်ကို ခေါ်သွားချင်တယ်။ မောင်မင်း ချက်ချင်း စီစဉ်ပေးပါ''

''မြတ်စွာဘုရား ... ကယ်တော်မူပါ။ သရဲအခြောက် မခံဖူးတဲ့၊ သရဲမမြင်ဖူးတဲ့ မင်းကြီးက သရဲခြောက်တာကို သူ့ကို ဆက်ကပ် ကပြတယ်ထင်ပြီး သဘောအကျကြီးကျလို့ သူ့တိုင်း ပြည်တောင် ခေါ်သွားဦးမတဲ့ အရပ်ကတို့ရေ။ ငါက ဘယ်လိုစီ စဉ်ပေးရမှာတဲ့လဲ။ သူ့ဘာသာသူ ပြောဆိုပြီး ခေါ်သွားလိုက်ပါ တော့လား။ ခုတော့ ဒီ ... ဖွတ်သောက်မင်းကြီးနဲ့ သောက်သရဲ စုတ်ကြား ငါတော့ ဒုက္ခအကြီးအကျယ် များပါရော့လား၊ အီး ... ဟီး ... ဟီး ... ရှုလွတ်''

မြို့ပိုင်မင်း ဦးချိုဦး ခေါင်းကို တဗျင်းဗျင်းကုတ်ကာ အထက်ပါအတိုင်း အသံမထွက်ရဲ၊ မျက်ရည်မထွက်ဘဲ စိတ်တွင်း မှပင် ငိုချင်းရှည်ကြီး ချလိုက်လေတော့သတည်း။

[ **မှတ်ချက်** ။ ။ ၁၉၇၈ ခုနှစ်ဝန်းကျင်က စာပေ ဟောပြောပွဲ တစ်ပွဲတွင် ဆရာကွေး၏ ဟောပြောမှုအား ပြန်လည် ၍ ဇာတ်လမ်းရေးဖွဲ့ရခြင်း ဖြစ်ပေသည်။ ဆရာကြီးကွေးအား သတိရစွာဖြင့် တပည့် 'ဘော်ဘူဘော်' (ခေါ်) အောင်ရာဇာ (ဥက္ကလာ)]

*သောကြာစာစောင်၊ အမှတ် (၅၉၃)၊ ဖေဖော်ဝါရီလ၊ ၂၀၁၇ ခုနှစ်။*

# အိုကြာဂွေးသင်္ကြန်



# အီကြာကွေးသကြင်္န်

မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန် ကျရောက်ပြီဆိုလျှင်ဖြင့် ကျွန်တော်၏ဆရာကြီး အီကြာကွေးအား အထူးတလည် သတိရ လွမ်းဆွတ်မိပေသည်။ ဆရာကြီးကွေး သင်္ကြန် မြတ်နိုးချစ်ခင်ပုံကို တသသ သတိရတွေးမိလျက် နောင်လာနောက်သားတို့ ဖတ်ကြည့်စေချင်သော စိတ်စေတနာဖြင့်လည်းကောင်း၊ ဆရာကြီးကွေးအား ဂုဏ်ပြုလိုခြင်းကြောင့်လည်းကောင်း ဤစာတွင် (၁၉၈၂ ခုနှစ်၊ ဧပြီလထုတ် သောကြာစာစောင်တွင်) ဆရာကြီးကွေး ရေးသားခဲ့လေသော 'သွတ်ပေါင်းတစ်ထောင် သီတာသဘင်'မှ သံချပ်များအား ကောက်နုတ်တင်ပြလိုက်ရပေတော့သည်။

**"ဂုရုကြီးကွေး ပြုစုပြီးရေးသည့် သံချပ်အစ"**

မောင်ရို… မောင်ရို… လေ… လေ့…. လေ… လေ့။

သောကြာသားများ စုတည်ထောင်
သွတ်ပေါင်းတစ်ထောင် ထွက်ခဲ့ပြန်ပေါ့။
ဒီတစ်နှစ်လည်း မဖြစ်မနေ
အိမ်တွေခြံတွေ ပေါင်ပြီးထွက်ခဲ့။
ဆုကြီးဆုကောင်း မရရင်
ဘဝပျက်မှာ မြင်သေး မြင်သေး။

သင်္ကြန်ပိုးက ထိုးထိုးလာ
မနေနိုင်တာ သွတ်သွတ်တို့ပဲ။
သူများယောင်တိုင်း လိုက်လိုက်ယောင်
တေဇောဘမ်းတောင် ဆောင်သင့်ပါရဲ့။
အယောင်ကောင်းလို့ ကုန်ပေါင်းတွေ
များလှပြီလေ မနည်းတော့ဘူး။
ဒီတစ်နှစ်လည်း ယောင်ပြန်ပြီ
ကုန်လေဦးမည် ဘုရား … ဘုရား။

မိတ်ဆွေတစ်ဖြစ်လည်း ရန်သူဖြစ်သော 'မီး' ကိုလည်း ဤသို့စပ်ဆိုပြန်သည်။

မီး … မီး … မီး သတိပြုကြမီး။
မီး … မီး … မီး ဂရုစိုက်ကြမီး။
သူ့ကိုပေါ့ဆသတိမဲ့ရင် ရန်သူအသွင် နှိပ်စက်တတ်ရဲ့။

သူ့ကိုလေးစား ဂရုစိုက်ရင် မိတ်ဆွေအသွင် အသုံးဝင်ရဲ့။
ရန်သူမိတ်ဆွေ နှစ်မျိုးရ အဲဒါ 'မီး' ပဲဗျ။
မီးကျန်မီးကြွင်း သတိထား မလောင်ခင်ကတား။
ဆေးလိပ်ပစ်တာသတိထား မလောင်ခင်ကတား။
မီးဖိုမီးခွက်သတိထား မလောင်ခင်ကတား။
မီးမပေါ့ဆနဲ့ သမီးရယ် အိစလဲဝေသွားမယ်။
ထမင်းထုပ်လေး စားချင်သလား ငါ့သမီး သတိထား။

ဓာတ်သဘင်လောကကိုလည်း ရုပါအခါတစ်သိန်းစားမင်းသား (နှစ်ပေါင်းနှစ်ဆယ်ကျော် အသက်ရှိ) လူငယ်မင်းသား စိန်အိကြာဟု မိမိကိုယ်မိမိ သမုတ်ကာ ဤသို့ရေးကာ ဝေဖန်ခဲ့၏။

ဓာတ်လောက ဓာတ်လောက တဇပ်ဇပ်နဲ့ ဓာတ်လောက။
လူငယ်မင်းသား စိန်အိကြာ မြှောင်မ်းလိုက်တာ အားလုံးအသိ။

ဓာတ်စင်ပေါ်မှာ သရုပ်ဆောင်စဉ် ရှေ့တန်းဖျာလျှင် (စိုက်ကြည့်)[၂]

စကားတွေမှာ သောက်တလွဲ အောက်ကပိုင်းလျောင်ဆဲ။
ခလုတ်တိုက်မိ မှောက်လျက်လဲ မင်းသား သောက်ရက်ကွဲ။

ဒါပေမဲ့လည်း စိန်အီကြာ မျက်နှာပြောင်လှသဗျာ။
ပြဇာတ်ထဲမှာ ဘိုလိုမှတ် ရက်,စစ်,အော,ဒိုက် လုပ်။
အောဘီစီဒီ မကျွမ်းကျင် ထင်ရာစွတ်စွတ်တင်။
ခနော်ခိချိုက်ကင် တည်တည်ပဲ ချဲလော်ဒဲပြူးမြဲ။
ဇာတ်ခုံနီးတဲ့ ရှေ့တန်းဖျာ ကောင်မလေးများ ရှိလေရာ။
ကြဲလိုက်ရတာ ပန်းတွေများ ဗဲရီးတအား … တအား။
ဇာတ်ခုံအောက်မှ ပစ်မြှောက်တင် ဆီးထုပ်ချိုချဉ် မထင်
ပါနဲ့။
ပြောင်းဖူးရိုးနဲ့ ဆေးလိပ်တို ဖိနပ်မြီးတို ဒါတွေပါပဲ။
အဟုတ်မှတ်လို့ ကောက်ဝါးရှာ စိန်အီကြာမှာ ခိုးလို့ခုလု။
သဘင်ပညာအစစ်အမှန် ဆန်းစစ်ဝေဖန် ဖော်ထုတ်ကြ
စို့။
(စတန့်)တွေနဲ့ ထွင်ပြတယ် (စတွန့်)ဖြစ်မယ် သတိထား
ကြ။

ထိုစဉ်အခါက စတီရီယို တေးလောကကိုလည်း ဤသို့ ပြက်လုံးထုတ်ကာ ဝေဖန်အကြံပြုခဲ့သေး၏။

စတီရီယိုလောက ညြချဖွယ်
ခိုးသားလေးဆယ် သောင်းကျန်းနေကြ။
ဇာတ်လမ်းသူခိုး ခပ်တည်တည်
မိလိုက်ပြီဆို အဘား … အဘား။

နာမည်သူခိုး မျက်နှာပြောင်
မရှက်တဲ့ကောင် သူပဲ … သူပဲ။
စတိတ်ရှိုးများ ဆိုးရဲသဗျာ
ဆုံးမလိုက်ပါ အရပ်ကတို့။
ကျော်ကြားနာမည် လိုက်တုထား
စတီရီယို သိုးမည်းဗျား။
ထင်ရှားနာမည် လိုက်တုထား
စတီရီယို သိုးမည်းဗျား။
ရှိပြီးနာမည် တူအောင်ယူ လိုက်ရှုပ်နေသူ သတိထားကြ။
ပုံမှားရိုက်ပြီး စီးပွားရှာ စည်းမစောင့်တာ သူတို့ … သူတို့။

စတီရီယိုလောက ကောင်းစေဖို့ သိုးမည်းတွေကို ဖွင့်ချကြလော့။

စတီရီယိုလောက ကောင်းစေဖို့ သိုးမည်းတွေကို ဆုံးမကြလော့။

စတီရီယိုလောက ကောင်းစေဖို့ သိုးမည်းတွေကို ဖယ်ရှားကြလော့။

ဤသို့ သကြန်ကားများ၏ အတွင်းရေး၊ မီးသတိပြုရေး၊ ဓာတ်သဘင်လောကနှင့် စတီရီယိုလောကတို့အား ပေါင်းရုံးတင်ပြအပြီး သကြန်ချစ်သူများအား ဤသို့နှုတ်ဆက်လေတော့၏။

သောကြာသားများ စုတည်ထောင်
သွတ်ပေါင်းတစ်ထောင် သွားတော့မယ်ဗျ။
လာမယ့်နှစ်မှာ ကြိုနေပါ လာခဲ့မယ်ဗျာ (စိတ်ချ)၂။
ရွှေပိတောက်တို့ ဝေမောက်လျှံ ရှေ့သကြင်္န်မှာ ဆုံကြဦးစို့။
ဧယျာအောင်မြို့ သေချာဆောင်ပို့ ဟော့လာမောင်တို့ဝါး
သွတ်ပေါင်းတစ်ထောင် ဝိုင်းတော်သား …။

ဤတွင် (ဆရာ) အိကြာကွေးသကြင်္န် ပြီးလေ၏။ သို့ဖြစ်၍ ကျွန်တော့်အား "ဘော်ဘူဘော်" ဟု ခေါ်ခဲ့သည့် ဆရာကြီးကွေးအား သတိတရဖြင့် အောက်ပါကဗျာလေးအား ရေးစပ်မိပေတော့သည်။

**ဘော်ဘူဘော်= အောင်ရာဇာ**

ကျွန်တော့်တွေ့သော်
ဘော်ဘူဘော် … ဟု၊ အော်ခေါ်နှုတ်ဆက်
ရုတ်တရက်လေ မှင်တက်နေမိ
ကျွန်တော့်ကြည့်ကာ၊ "နင့်ခေါ်တာ … ဟ"
ကွေးကဆိုသော်၊ ဘာကြောင့်ခေါ်သည်
မေးမိ ဤတွင်
"ဒီကောင် ငတုံး (ငါဆရာကွေး)
ရှာပြန်တုန်းက၊ သဘော်ကကျွာ

အောင်ရာဇာ … တဲ့၊ ထွက်ခါနီး
မြည်ဟီးသူအော်၊ ဘော်ဘူဘော် … ဟူသတတ်
ဟိုက်ရှားလပတ်ရဲ့ … သွတ် … သွတ် … သွတ်"

(ဆရာကြီးကွေးအား ရိုသေစွာ ကန်တော့အပ်ပါသည်။)

*သောကြာစာစောင်၊ အမှတ် (၅၉၅)၊ ဧပြီလ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# ငွေးဒုက္ခ(၁)



# ခွေးဒုက္ခ (၁)

လွန်ခဲ့လေသော နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ကျော်ခန့်က ဖြစ်ရပ်မှန်လေးတစ်ခုအား စာဖတ်သူတို့ ရယ်မောပျော်ရွှင်နိုင်ဖို့ ရန်အလို့ငှာ ရေးသားတင်ပြလိုက်ပါသည်။

ထိုစဉ်အခါက တောင်ဥက္ကလာပမြို့တွင် 'သစ္စာမောင်' လက်ဖက်ရည်ဆိုင်ဆိုလျှင် မသိသူမရှိလောက်အောင် နာမည်ကြီး လွန်းလှပေ၏။ ကောင်းမွန်သော လက်ဖက်ရည်၏ အရသာနှင့် စားသောက်ဖွယ်ရာ အစုံအလင်ရရှိသော လက်ဖက်ရည်ဆိုင်ကြီး ဖြစ်သဖြင့် စားသုံးသူများ အမြဲလိုလိုပင် ပြည့်နေတတ်သည်။ ဆိုင်ပိုင်ရှင်တို့ကား ဦးအုန်းမောင်၊ ဒေါ်ခင်စိန်။

ဆိုင်ပိုင်ရှင် လင်မယားနှစ်ယောက်စလုံးကား ဆက်ဆံရေး ကောင်းမွန်သဖြင့် လူချစ်လူခင်လည်း ပေါများလှပေသည်။ တစ်နေ့ ဒေါ်ခင်စိန် ဈေးခြင်းတောင်းဆွဲကာ နန္ဒဝန်ဈေးသို့ ဈေးဝယ်ထွက်ခဲ့လေသည်။ နန္ဒဝန်ဈေးကား အလွန်စည်ကားသော

ဈေးဖြစ်သဖြင့် တိုးကြိတ်၍ ဝယ်ယူရလေ၏။ တစ်နာရီနီးပါးခန့် လှည့်ပတ်ဝယ်ယူပြီး ပြည့်စုံပြီဖြစ်သဖြင့် ဒေါ်ခင်စိန် ဈေးထွက်ပေါက်သို့ ထွက်ခဲ့လေရာ ဈေးထွက်ပေါက်ဝမှ လူငယ်တစ်ဦးက -

"အန်တီခင်ဗျား ကျွန်တော့်အမေ လူမမာကြီးကို ဆေးကုဖို့ ပိုက်ဆံလိုလို့ ကျွန်တော့်အိမ်သားတွေ အလွန်ချစ်ခင်တဲ့ ဟောဒီခွေးလေးကို ကူညီသောအားဖြင့် ဝယ်သွားပါလား အန်တီရယ်။ တောင်းပန်ပါတယ်ခင်ဗျာ"

အထက်ပါအတိုင်း အောက်ကျို့ကာပြောဆိုလာသဖြင့် သနားတတ်သော ဒေါ်ခင်စိန်က-

"နင့်ခွေးက ဘာမျိုးလဲဟဲ့။ မှန်း ကြည့်ရအောင်။ ခြင်းထဲကထုတ်ပြပါဦး"

လူငယ်က ကပျာကယာ ခြင်းကို လက်ဖြင့်ဖိရင်း-

"မလုပ်ပါနဲ့ အန်တီ။ ခွေးလေးက အပြေးအရမ်းသန်တာ။ ဒါကြောင့် ကျွန်တော့်ခြင်းကို ကြိုးနဲ့ချည်လာရတာပဲ ကြည့်လေ။ မျိုးအရမ်းကောင်းပါတယ် အန်တီရဲ့။ နိုင်ငံခြားမျိုး စစ်စစ်ပါ။ ခွေးဆိုင်တွေမှာဆိုရင် သုံးသောင်းခွဲလောက် ရောင်းကြမှာ"

"ဟုတ်လား နင်က ဘယ်လောက်နဲ့ ရောင်းမှာမို့လို့လဲ"

"နှစ်သောင်းခွဲနဲ့ ရောင်းမှာပါ အန်တီ"

"နှစ်သောင်းပဲထားလိုက်ဟယ်။ ငါ့မှာ နှစ်သောင်းပဲ ကျန်တော့လို့"

"ကဲ ကဲ…ယူလိုက် အန်တီရယ်။ ကျွန်တော့်ခွေးလေး ကိုတော့ သေချာဂရုစိုက်မွေးပေးပါနော်"

လူငယ်က စိတ်မကောင်းဟန်ဖြင့် ပြောလေရာ-

"အေးပါဟယ် စိတ်ချပါ။ ရော့ ရော့…ပိုက်ဆံ"

လူငယ်က ငွေနှစ်သောင်းကို လှမ်းယူပြီး ခွေးခြင်း တောင်းကို လှမ်းပေးသဖြင့် ဒေါ်ခင်စိန်လည်း ဈေးခြင်းတောင်း ကို ညာဘက်လက်ခွင်တွင်ချိတ်ကာ ဘယ်ဘက်လက်ဖြင့် ခွေး ခြင်းကိုလှမ်းယူရင်း ဆိုင်ရှိရာသို့ ခပ်သုတ်သုတ် ပြန်လာခဲ့လေ သည်။ ဆိုင်ရောက်သော်-

"မခင်စိန် မနိုင်မနင်းနဲ့ ဘာတွေဝယ်လာတာလဲ"

လင်ယောကျ်ားဖြစ်သူ၏ အမေးကို ချက်ချင်းမဖြေနိုင် သေးပဲ ဆိုင်ကောင်တာဘေးတွင် ဈေးခြင်းနှင့် ခွေးခြင်းကိုချကာ ယောကျ်ားဖြစ်သူ၏ ဘေးရှိ ခုံလွတ်တွင် ဝင်ထိုင်၍ ယောကျ်ား ဖြစ်သူ၏ သောက်လက်စ ရေနွေးခွက်ကို ယူသောက်ကာ အမေး ဖြေပြီးမှ -

"ခွေးလေးပါရှင် သနားလို့ဝယ်လာတာ"

"ဟုတ်လား မျိုးရောကောင်းရဲ့လား"

"ကောင်းပါတယ်ရှင့် ချစ်စရာလေး"

ဦးအုန်းမောင် ကောင်တာတွင်းမှထွက်ကာ ခွေးခြင်းတွင် ချည်ထားသောကြိုးကိုဖြေ၍ ခွေးလေးအား ဆွဲထုတ်မြှောက်ကြည့် ရင်း -

“ဟုတ်တယ်ဟ ချစ်စရာလေး။ အထီးလေး မခင်စိန်ရေ”

ဤသို့ပြောဆိုရင်း ခွေးလေးအား အောက်သို့ချမည်ပြုစဉ် ဒေါ်ခင်စိန်က အလန့်တကြားဖြင့်-

“အောက်မချလိုက်နဲ့ဦး ကိုအုန်းမောင်။ ထွက်ပြေးသွားဦးမယ်။ အရမ်းအပြေးသန်တယ်တဲ့”

“မစိုးရိမ်ပါနဲ့ မခင်စိန်ရယ်။ ငါ သတိနဲ့လွှတ်ကြည့်မှာပါဟ”

ဦးအုန်းမောင် ခွေးလေးအား လွှတ်ကြည့်လိုက်ရာ ခွေးလေးခမျာ ဟိုကြည့်သည်ကြည့်နှင့် ဆိုင်အတွင်းဘက်သို့ ထော့နင်းထော့နင်းဖြင့် လေးဖြည်းစွာ ဝင်သွားလေရာ ဒေါ်ခင်စိန်တစ်ယောက် တအံ့တဩဖြင့်-

“ဟောတော့…ဘယ်လိုဖြစ်တာတုံး။ အပြေးသန်တယ်ဆိုပြီးတော့”

ဦးအုန်းမောင်ကား ပါးစပ်အဟောင်းသားဖြစ်နေသော မိန်းမဖြစ်သူအားကြည့်၍ အတောမသတ် ရယ်မိရင်း-

“ဟား ဟား ဟား ဟား…ငါ့မိန်းမတော့ အလိမ်ခံထိပဟေ့။ ဟား ဟား ဟား ဟား”

“ဟုတ်ပါ့တော်…ရုပ်ကလေး သနားကမားနဲ့ ကလိမ်ကကျစ်ကောင်။ အမေကိုတောင် ခုတုံးလုပ်လိုက်သေးတယ်။ တော်တော်ဆိုးတဲ့ကောင်။ ဟွန့်…ထော့ကျိုးခွေးကိုများ အပြေး

သန်သတဲ့။ လူလိမ်ကောင်။ ဟင်း ဟင်း"

"ကဲပါ မခင်စိန်ရယ် ဒေါသဖြစ်မနေပါနဲ့တော့။ ကိုယ်နဲ့ ထိုက်လို့ရတဲ့ ခွေးလေးလို့ပဲ သဘောထားပြီး သေချာဂရုစိုက်မွေး ကြတာပေါ့ကွာ"

သို့ဖြင့် ခွေးလေးအား သန့်ရှင်းရေးလုပ်ပေး အစာကျွေး ပြီး ဆိုင်စတိုခန်းအနီး သန့်ရှင်းသောနေရာတွင် စောင်ပိုင်းလေးခင်း ကာ ခွေးလေးအိပ်ဖို့ နေရာလုပ်ပေးလိုက်သည်။ ခွေးလေးက လိမ္မာလိုက်ပါဘိ။ ငြိမ်ပြီး ကုပ်ကုပ်လေးအိပ်လျက်။ ဒီလိုနှင့် ညဘက်ဆိုင်သိမ်းပြီး ဆိုင်အလုပ်သမားများအား ခွေးလေးကို သေချာအပ်နှံကာ ခြေလက်သန့်စင်ပြီး အိမ်ပေါ်ထပ်သို့တက်ကာ ဘုရားရှိခိုး၍ပြီးသည်နှင့် လင်မယားနှစ်ယောက် အိပ်စက်အနား ယူကြလေသည်။ တစ်နေ့တာလုံး ပင်ပန်းလွန်းသဖြင့် တစ်ခဏ တာအတွင်း နှစ်ခြိုက်စွာ အိပ်မောကျခဲ့လေသည်။ သို့သော် မကြာ ခင်မှာပင်-

"ဟာ…ဟ အမလေး လုပ်ကြပါဦး။ ခွေးရူးပြန်တာ ကွ။ အကိုက်ခံထိဦးမယ်။ ခုံပေါ်အမြန်တက်ကြ"

"ဟုတ်တယ်ဟ…ခုံပေါ်အမြန်တက်ကြဟေ့"

"ဒုန်း…ဘုန်း…ဒုန်း"

ဤသို့ အလုပ်သမားလေးများ၏ ကြောက်လန့်တကြား အော်ဟစ်သံနှင့် ဆူညံသံတို့ကြောင့် အအိပ်ဆတ်သော လင်မယား နှစ်ယောက် လန့်နိုးလာကြကာ အောက်ထပ်သို့ အပြေးအလွှား

ဆင်းခဲ့ကြပြီး ကြည့်လိုက်တော့ အလုပ်သမားများ စားပွဲပေါ် ဆောင့်ကြောင့်ထိုင်လျက်သား။

"ဟဲ့…ဘာဖြစ်ကြတာတုံး။ ညကြီးမိုးချုပ် ဆူညံနေတာ ပဲ"

"ဒေါ်ဒေါ် ခွေးလေးလေ ပါးစပ်က အမြှုပ်တွေထွက်ပြီး တဂီးဂီးနဲ့ လျှောက်ပြေးနေလို့ ကျွန်တော်တို့အားလုံး အကိုက်မခံရ အောင် ခုံပေါ်တက်နေရတယ်"

"ခွေးလေးရော ဘယ်ရောက်သွားလဲ"

"ခုံအောက်မှာထင်တယ် ဒေါ်ဒေါ်"

လင်မယားနှစ်ယောက်သား ခုံအောက်သို့ ငုံ့ကြည့်ရှာဖွေ ရာ ခွေးလေးခမျာ ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့ရသဖြင့် ဦးအုန်းမောင်က-

"သားလေးရေ အို့…အို့…အို့ လာလာ"

ဟု ခေါ်လိုက်ရာ ခွေးလေးမှာ ခုံအောက်မှ ထော့နင်း ထော့နင်းဖြင့် ထွက်လာလေသည်။ ခွေးလေးတစ်ကိုယ်လုံးမှာ သွားရည်များ လူးရွှဲလျက်။


အတိုချုံးရသော် ခွေးလေးသည် နေ့ဆိုလျှင်အကောင်း။ ည ၁၁ နာရီကျော်သည်နှင့် နေ့စဉ်မပြတ် ရောဂါဖောက်ပြန်တတ် လေရာ ဒေါ်ခင်စိန်တစ်ယောက် ခွေးလေးကိုကြည့်ရင်း ကောင်းမှု ကုသိုလ်နည်းပါး၍ ခွေးဖြစ်ရသည့်ကြားထဲ ကံဆိုးကာ ဒုက္ခိတ ဖြစ် ရောဂါဆိုးတွယ်ကပ်နေရရှာသည့်အဖြစ်ကို သနားပိုမိရင်း

လိမ်ရောင်းခဲ့သော ခွေးပိုင်ရှင်ကိုမူကား ဒေါသတို့ အလိပ်လိုက် ထောင်းထောင်းထမိလေတော့ပြီတကား။

*သောကြာစာစောင်၊ အမှတ် (၅၉၆)၊ မေလ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# ငွေးဒုက္ခ(၂)



## ခွေးအကျ-၂

သည်ခွေးကလေး ရောက်တာ ခုများဆို တစ်လတိတိရှိပြီ ဖြစ်၏။ ဒေါ်ခင်စိန်၏ သနားကြင်နာစွာ ဂရုတစိုက် ကျွေးမွေး စောင့်ရှောက်မှုကို ခံရရှာသော ခွေးကလေးကား ဝဖီးလျက်။

လိမ္မာလည်း အလွန်လိမ္မာသော ခွေးကလေးဖြစ်၏။ ခွေးကလေး ငြိမ်ငြိမ်ထိုင်နေလို့ကတော့ မည်သူမှ ထော့ကျိုးခွေးမှန်း မသိ။ ထသွားမှ ကျိုးမှန်းသိကာ စုတ်သတ်လေကြရှာသည်။ ဘာရောဂါမှန်း မသိသည့် ကြောက်မက်ဖွယ်ရောဂါဆိုးကြီးကတော့ ညစဉ် အချိန်မှန် ထဖောက်မြဲ။ လူကိုတော့ အန္တရာယ်မပြု။ ကြာတော့လည်း အိမ်သားများနှင့် ဆိုင်အလုပ်သမားတစ်စုတို့အဖို့ အဆန်းမဟုတ်တော့။ ထိတ်လန့်ခြင်း မရှိကြတော့။

ဩော်…ပြောဖို့ရန် တစ်ခုကျန်နေပါသည်။ အခြား မဟုတ်။ ခွေးလေး၏အမည် ဖြစ်ပါသည်။ ဝယ်ကတည်းက

ခြင်းထဲထည့်ရောင်းခဲ့သော ခွေးဖြစ်သဖြင့် 'ခြင်းခွေး' ဟု တညီတညွတ်တည်း ခေါ်ဝေါ်ကြလေ၏။ အိမ်သား (သို့) အလုပ်သမားတို့က 'ခြင်းခွေးလေးရေ' ဟု ခေါ်လိုက်သည်နှင့် ခွေးကလေးကား အမြီးလေးယမ်းကာ ထော့နင်းထော့မင်းဖြင့် အရောက်လာလေတော့၏။

တစ်နေ့တော့ ဒေါ်ခင်စိန်၏ မွေးရပ်ဇာတိဖြစ်သော အဖျောက်မြို့မှ မောင်ဖြစ်သူ ဦးအောင်မင်း အလည်ရောက်လာလေ၏။ ရောက်ရောက်ချင်းတော့ ငြိမ်သက်စွာ ထိုင်နေသော ခွေးကလေးအား သဘောအကျကြီးကျလျက်-

"မမခွေးလေးက ချစ်စရာလေးနော်။ ဘာမျိုးလေးလဲဟင်"

"သိပါဘူးဟယ် ကယ်ရီယာလား ဘာရီယာဆိုလားပဲ"

ဦးအောင်မင်းက ခွေးကလေးအား ကောက်ချီမည်ပြုစဉ် ခြင်းခွေးလေးက မျက်နှာစိမ်းနေသဖြင့် ရှောင်လွှဲကာ ထော့နင်းထော့မင်း ထွက်သွားသဖြင့်-

"ဟာ…မမခွေးလေးက ခြေထောက်နာနေတာလား။ ထော့မင်းထော့နင်းနဲ့"

"အေး ဟုတ်တယ်။ ဝယ်ကတည်းက သနားလို့ပါဟယ်"

ဒေါ်ခင်စိန်က အလိမ်ခံထိသည်ကို ဖုံးကွယ်ကာပြောကြားလိုက်ခြင်းပင်။ ဒီလိုနှင့် ညရောက်လေတော့ ဦးအောင်မင်း

တစ်ယောက် ရောက်တုန်းရောက်ခိုက် ဆိုင်ရှိ ရွာမှ ဆွေမျိုးနီးစပ် အလုပ်သမားများနှင့် စကားစမြည်ပြောဆိုကောင်းတုန်း ခြင်းခွေးလေး၏ အချိန်ကျ ရောဂါဖောက်လေရာ ပထမဆုံး မြင်တွေ့လိုက်ရခြင်းဖြစ်သဖြင့် ဦးအောင်မင်း အလွန်ထိတ်လန့်မိလေသည်။ ဆိုင်အလုပ်သမားများမှ အလုံးစုံ ရှင်းလင်းပြောပြလေတော့မှ ဦးအောင်မင်းတစ်ယောက် အဖြစ်မှန်ကို သိရှိကာ အတောမသတ်ရယ်မိလေတော့၏။ ဦးအောင်မင်း လာလည်ပြီး သုံးရက်မြောက်နေ့ညတွင် အစ်မဖြစ်သူ ဒေါ်ခင်စိန်အား-

"မမ ကျွန်တော် နက်ဖြန်မနက်စောစော ရွာပြန်တော့မယ်"

ဟု နှုတ်ဆက်စကား ဆိုလေရာ ဒေါ်ခင်စိန်က-

"ဟဲ့...ပြန်တော့မလို့လား။ ဘာကြာသေးလို့လဲရောက်တာ။ နှစ်ရက် သုံးရက်တန် နေပါဦးလားဟယ်"

"မဖြစ်လို့ပါ မမရယ်။ ရွာမှာလည်း မမသိတဲ့အတိုင်း ကျွန်တော်မရှိရင် မဖြစ်ဘူးလေ"

"အေး အေး...ဒါဆိုလည်း ပြန်ပေါ့ဟယ်။ ဒါနဲ့ အောင်မင်းရေ ငါ့ခြင်းခွေးလေးကို တစ်လက်စတည်း ခေါ်သွားပြီး ရွာက ဦးလေးဦးမောင်လှဆီ ပို့ပေးဟယ်။ ငါလက်ဆောင်ဝယ်ပေးလိုက်တာလို့ ပြောလိုက်"

"ဟာ...မလုပ်ပါနဲ့ မမရယ်။ ဦးလေးဒေါသလည်း သိရက်နဲ့"

“ဟင်း ဟင်း…အဲဒါကြောင့် ငါက စချင်လို့ပေါ့ဟဲ့။ ဦးလေးဦးမောင်လှ ဆဲဆိုကြိမ်းမောင်းသံ မကြားရကြာလို့ ကြားချင်လို့”

ဦးအောင်မင်း ခေါင်းကုတ်လျက်–

“ဒါဆိုလည်း မမသဘောပဲ ခေါ်သွားပေးပါ့မယ်”

သို့နှင့် ဦးအောင်မင်းကောင်းမှုဖြင့် ဓာတ်လိုက်ကျော် ခြင်းခွေးလေး အဖျောက်မြို့ ရွာလေးဆီသို့ ရောက်သွားလေတော့သည်။ ထို့နောက် ငါးရက်ခန့်အကြာတွင် ရွာမှ ဦးမောင်လှ၏စာ လူကြုံဖြင့် ရောက်ရှိလာလေ၏။ ဒေါ်ခင်စိန်တစ်ယောက် ခွေးလေးနှင့် ပတ်သက်၍ ရေးသားထားခြင်းအား သိလိုဇောဖြင့် အလောတကြီး ဖောက်ဖတ်လိုက်လေရာ –

သို့…

ချစ်လှစွာသော တူမကြီး ခင်စိန်…

ဦးလေး စာရေးလိုက်ပါသည်။ စာရေးရခြင်းကား အခြားအကြောင်းမဟုတ်ပါ။ တူမကြီး ဦးလေးအား လက်ဆောင်ဝယ်ယူ ပေးပို့လိုက်သော ခွေးကလေး၏ကိစ္စ ဖြစ်ပါသည်။ တူတော်မောင် မောင်အောင်မင်း ခွေးခြင်းကလေး လာပို့တော့ ဦးလေး အတော် ပင် ဝမ်းသာပျော်ရွှင်မိပါသည်။ တူတော်မောင် မောင်အောင်မင်း ကိုပင် ဦးလေးမှ ဝမ်းသာအားရဖြင့် “ဟေး ဟေး တွေ့လားကွ ငါ့တူမကြီး မခင်စိန်က ငါ့အပေါ် အတော်ချစ်ခင် ဂရုစိုက်ရှာ

တာလားကွ”လို့တော့ ပြောလိုက်မိတာကို အမှတ်ရမိသေးတယ်။

ခြင်းထဲကခွေးကလေး အသြောင်းမိမှာစိုးလို့ ကပျာက ယာ ခြင်းကိုချည်ထားတဲ့ကြိုးတွေကို ဖြေလိုက်ပြီး ခွေးလေးကို ထုတ်ချီကြည့်လိုက်တော့ “သြော်…ချစ်စရာ ခွေးထီးလေးပါ လား”လို့ တွေးလို့ သဘောကျမိပါရဲ့။ ခရီးတစ်လျှောက်လုံး ခြင်းထဲထည့် ခေါ်ခဲ့လာရတဲ့ခွေးကလေး အသြောင်းမိနေမှာပဲဆို ပြီး ခြေဆန့်လက်ဆန့် လမ်းလျှောက်ရအောင် အိမ်ကြမ်းပြင်ပေါ် လွှတ်ပေးလိုက်တော့ ခွေးကလေးက ထော့နင်းထော့နင်းနဲ့ သွား နေလို့ “သြော်…ခမျာ ခြင်းညပ်ပြီး ခြေထောက်များ နာသွား ရှာတာများလား”ထင်ပြီး ကောက်ချီကြည့်လိုက်တော့ သူ့ခြေ ထောက်လေးက ကြုံလှီပြီးကွေးနေတာ ဆန့်လို့တောင် မရတော့ ဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် ခြေကျိုးနေတာ ကြာပြီဆိုတာ သိသာပါရဲ့ကွယ်။

အဲဒါနဲ့ ကံဆိုးရှာလေတဲ့ ခွေးလေးကို အသနားပိုမိရော ကွယ်။ သို့ဖြစ်၍ ညအိပ်ရာဝင်ချိန်မှာ ခွေးလေးကို အပြင်မှာသိပ် ရင် ခြင်ကိုက်မှာစိုးလို့ ဦးလေးအိပ်ရာထဲတွင် အတူအိပ်စေခဲ့ပါ တယ်။ အစပိုင်းတော့ လူရော ခွေးရော ကောင်းစွာအိပ်စက်ခဲ့ရ ပါလေရဲ့။ အဲ…သန်းခေါင်လောက်လည်းရောက်ရော ခွေးက လေးဟာ ဘာဖြစ်မှန်းမသိ တဝီးဝီးအော်မြည်ပြီး ခြင်ထောင်ထဲ ပြေးလွှားလူးလိမ့်နေလို့ ဦးလေးမှာ အိပ်ရာအလယ်တွင် ဒူးတုပ် ကာ မလှုပ်မယှက် ကြောက်လန့်ကာ ထိုင်ကြည့်နေမိပါတယ်။

မိနစ်အနည်းငယ်မျှ အကြာမတော့ ခွေးလေးဟာ ငြိမ်သက်သွားပြီး ဘာမှမဖြစ်ခဲ့သလို အကောင်းပကတိ ပြန်ဖြစ်သွားပါလေရောဗျာ။ ထိုညတစ်ညလုံး ခွေးသွားရည်တို့ စိုရွှဲလျက်ရှိသော အိပ်ရာတွင် ဘယ်လိုမှ အိပ်စက်၍မရတော့ပဲ ငုပ်တုတ် မိုးလင်းခဲ့ရပါတယ်။

မိုးလင်းလင်းချင်း တူတော်မောင် အောင်မင်းထံ အရောက်သွားလို့ ခွေးကိစ္စကိုမေးတော့ ဒင်းက 'ဘူး' ချည်းခံနေပါသဖြင့် ခွေးကလေးဟာ ချစ်စရာကောင်းသလောက် ခြေကျိုး ဒုက္ခိတဘဝနှင့် အလွန်တရာ ဆိုးဝါးကြောက်ရွံ့ဖွယ်ကောင်းသော ရောဂါဆိုးကြီးရှိကြောင်းကို တူမကြီးမခင်စိန် မသိရှာလေရော့သလား။ သို့တည်းမဟုတ် သိသိနှင့် ကိုယ့်ဦးလေး ဒုက္ခရောက်အောင် တမင်ကြံစည်၍ ကိုယ့်လက်ကလွှတ်ပြီးရော မကောင်းကျောင်းပို့ခဲ့လေသလား ဆိုသည်ကို အမှန်အတိုင်း သိလိုပါသဖြင့် ဦးလေးထံသို့ တူမကြီး မခင်စိန်ကိုယ်တိုင် တစ်ပတ်အတွင်း အရောက်လာဖြေရှင်းပါဟု စာရေးအကြောင်းကြားလိုက်ပါသည်။

တော်သေးပြီ…

သင့်

ဦးလေးမောင်လှ (အဖျောက်မြို့)

ဒေါ်ခင်စိန်ကား ဦးလေးဖြစ်သူ၏ စာရှည်ကြီးကို ဖတ်ရှုအပြီး အူတက်မတတ် ရယ်မောမိရင်း ဦးလေးဖြစ်သူထံ သွား

ရောက်၍ ဖြေရှင်းချက်ထုတ်ရန် ညာဏ်နီညာဏ်နက် ထုတ်ရပေဦး တော့မည်တကား။

*သောကြာစာစောင်၊ အမှတ် (၅၉၇)၊ ဇွန်လ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# ငွေးဒုက္ခ(၃)



# ခွေးဒုက္ခ-၃

“ပြန်တော့လေ ကိုအုန်းမောင်။ သင်္ဘောကထွက်တော့မှာ ဘာမှစိတ်မပူပါနဲ့ရှင်။ တစ်ညအိပ်ပါပဲ”

“အေး အေး…ဒါဆိုလည်း ပြန်တော့မယ်။ ညဘက်လေအရမ်းတိုက်ရင် အနွေးထည်ဝတ်ဦးနော်”

ဇနီးဖြစ်သူကို စိတ်မချစွာ မှာကြားရင်း သင်္ဘောပေါ်မှ ဆင်းသွားရှာသော ခင်ပွန်းဖြစ်သူ ဦးအုန်းမောင်ကိုကြည့်၍ ဒေါ်ခင်စိန် ပြုံးမိသည်။ အစစအရာရာ မိမိ၏စိတ်တိုင်းကျဖြစ်စေခဲ့သော ခင်ပွန်းသည်မို့ ကျေနပ်ပီတိပြုံး ဖြစ်ပေလိမ့်မည်။ သိပ်မကြာလိုက် သင်္ဘောစတင်ထွက်ခွာပြီဖြစ်သဖြင့် ဒေါ်ခင်စိန် လက်ပတ်နာရီအား လှမ်းကြည့်လိုက်မိ၏။ ညနေ ၄း၃၀ နာရီ။ ဒါဆို မနက်အစောကြီး အဖျောက်သို့ရောက်မည်ကို ခန့်မှန်းမိရင်း ဦးလေးဖြစ်သူ ဦးမောင်လှနှင့် ဆုံတွေ့လျှင် ခွေးကိစ္စ ရှင်းလင်းရန်

အတွက် အကောင်းဆုံးအကြံ ထုတ်ရပေတော့မည်ကို တွေးမိရင်း ပြုံးလိုက်မိတော့သည်။

* * *

အဖျောက်မြို့သို့ သင်္ဘောဆိုက်ကပ်တော့ မိုးပင်မလင်းသေး။ (ထိုစဉ်က ဆက်သွယ်ရေးစနစ် မတိုးတက်သေး၍) ကြိုတင်အကြောင်းကြားထားခြင်း မရှိသည့်အတွက် ကြိုသူမရှိသော်လည်း မိမိ၏ရွာဖြစ်သဖြင့် ဒေါ်ခင်စိန်အတွက် အခက်အခဲမရှိ။ ပြီးတော့လည်း ဦးလေးဖြစ်သူ ဦးမောင်လှအိမ်နှင့် သင်္ဘောဆိပ်က မဝေးလှသဖြင့် ကြိမ်လက်ဆွဲခြင်းတစ်လုံးသာ ပါရှိသည့် ဒေါ်ခင်စိန်အတွက် သယ်ယူသွားလာရေးကား အပန်းမကြီးပေ။ ဆွဲခြင်းကိုဆွဲကာ သင်္ဘောပေါ်မှဆင်း၍ ဦးလေးဖြစ်သူအိမ်သို့ လက်နှိပ်မီးထွန်းကာ တစ်ကိုယ်တည်း လျှောက်လာခဲ့သည်။ ငါးမိနစ်ပင် မလျှောက်လိုက်ရပဲ ဦးမောင်လှအိမ်ရှေ့သို့ ရောက်ရှိခဲ့ပြီဖြစ်၏။ အိမ်ဝိုင်းအပြင်ဘက်မှ အိမ်အတွင်းသို့ လှမ်းကြည့်လိုက်ရာ ဘုရားခန်းတွင် ဘုရားမီးပူဇော်ထားသည့် ဖယောင်းတိုင်မီးအလင်းရောင်ကို တွေ့မြင်နေရသဖြင့် ဦးလေးဖြစ်သူ အိပ်ရာမှနိုးပြီဆိုသည်ကား သေချာပြီ။

"ဦးလေးရေ…ဦးလေး"

"ဟဲ့…ဘယ်သူတုံး မိုးမလင်းသေးဘူး"

"ကျွန်မပါဦးလေး မခင်စိန်ပါ"

"ဟော…အေး အေး လာပြီဟေ့"

သိပ်မကြာလိုက် အိမ်တံခါးမကြီးဖွင့်ကာ အိမ်ပေါ်မှဆင်း လာပြီး ခြံတံခါးကို ဖွင့်ပေးရင်း-

"ညည်းတစ်ယောက်တည်းလား မခင်စိန်။ မောင်အုန်း မောင် လိုက်မလာဘူးလား"

"ဟုတ်ကဲ့ ဦးလေး။ ဆိုင်မှာ လူခွဲမရှိလို့ သင်္ဘောဆိပ် ကို လိုက်ပို့ပေးပြီး ကျန်ခဲ့တယ် ဦးလေး"

"အေး အေး…အိမ်ပေါ်တက် နားလိုက်ဦး။ တစ်ရေး တစ်မောအိပ်ချင်လည်း အိပ်လိုက်ဦး"

"ဟုတ်ကဲ့ပါ ဦးလေး"

တကယ်တော့ ဒေါ်ခင်စိန် မအိပ်ချင်တော့ပါ။ သင်္ဘော ပေါ်တွင် အိပ်၍လိုက်လာသည်မို့ လူက လန်းဆန်းနေပေသည်။ သို့ပေမဲ့လည်း ခွေးကိစ္စရှင်းရဦးမည်ဖြစ်သဖြင့် အချိန်ရလေ အကြံ ကောင်းရလေမို့ အိပ်ချင်ယောင်ဆောင်၍ စဉ်းစားအကြံထုတ်ရ မည်မို့လား။ သို့နှင့် ဒေါ်ခင်စိန်တစ်ယောက် အိပ်ချင်ယောင် ဆောင် စဉ်းစားရင်း တကယ်အိပ်ပျော်သွားလေရာ နိုးလာတော့ နေပင် အတော်မြင့်နေပြီကော။ နာရီကြည့်လိုက်တော့ နံနက် ၈ နာရီပင် ကျော်နေသဖြင့် ကမန်းကတန်း အိပ်ရာမှထလိုက်၏။ အိပ်ရာနှင့် ခပ်လှမ်းလှမ်းတွင် ဦးမောင်လှနှင့် မောင်ဖြစ်သူ ဦးအောင်မင်းတို့ စကားထိုင်ပြောနေသည်ကို တွေ့ရပြီး ခြင်းခွေး လေးကတော့ ဦးလေးဦးမောင်လှဘေးတွင် မှေးလျက်တွေ့ရသည်။

"အောင်မင်း ဘယ်တုန်းကရောက်နေတာလဲ"

"တစ်နာရီလောက်ရှိပြီ မမ"

"ငါ့ကိုနှိုးလိုက်တာမဟုတ်ဘူးဟယ်"

"ရပါတယ် မမ။ မမခရီးပန်းပြီး အိပ်မောကျနေတာ မနှိုးရက်လို့ တူဝရီးနှစ်ယောက် စကားပြောရင်း စောင့်နေတာ"

ထိုစဉ် ခွေးလေးက ဒေါ်ခင်စိန်ရှိရာသို့ ထလာပြီး အမြီးလေးယမ်းကာ တိုးဝှေ့ပွတ်သပ်နေသဖြင့် ဦးမောင်လှက-

"ဟဲ့…ခင်စိန်မ ခွေးက နင့်ကိုမှတ်မိနေပါလားဟ။ လူစိမ်းရင် မကပ်တဲ့ခွေးက ဘယ်လိုဖြစ်…"

"ဦးလေးကလည်း ရေစက်ရှိလို့ နေမှာပေါ့လို့"

ဒေါ်ခင်စိန်တစ်ယောက် ဦးမောင်လှစကားမဆုံးခင် အလျှင်စလို ဖြတ်ပြောလိုက်သဖြင့် ဦးအောင်မင်းကား ရယ်ချင်စိတ်ကို မနည်းထိန်းနေရ၏။

"ရေစက် ဟုတ်လား။ အေးပါ။ ရေစက်ပဲ ထားလိုက်ပါတော့။ ကဲ…ဆိုစမ်းပါဦး။ ဒီခွေးအကြောင်းကို နင် ဂဃနဏ မသိဘူးဆိုတာ ငါ ယုံရခက်နေတယ်။ ဒီတော့ ဘယ်လိုကြောင့် နင်မသိသလဲဆိုတာကို ငါသိရအောင် ရှင်းစမ်းပါဦး"

ဒေါ်ခင်စိန် ရယ်ချင်စိတ်ကို မနည်းမျိုချရင်းက-

"ဩော်…ဦးလေးရယ် တကယ်မသိတာပါရှင်။ အဲဒီနေ့က အောင်မင်းပြန်လာမယ်ဆိုလို့ အောင်မင်းကို ဘာလေးညာလေး ဝယ်ခြမ်းပေးလိုက်ရအောင် ကပျာကယာ ဈေးသွားလို့အပြန်

ဈေးထိပ်မှာ အဲဒီခွေးလေး အော်ရောင်းနေတာ တွေ့တာနဲ့ ခွေးချစ်တတ်တဲ့ ဦးလေးကို သတိရပြီး ငွေနှစ်သောင်း အကုန်ခံ ဝယ်ပေးလိုက်တာပါ ဦးလေးရယ်''

''နင့်နှယ်...ပေါ့ရန်ကော ခင်စိန်မရယ်။ ခြင်းထဲကနေ ထုတ်တောင်မကြည့်ပဲနဲ့ ဝယ်ရလားဟဲ့''

''ဩော်...ဦးလေးရယ် အောင်မင်းပြန်ချိန် ကပ်နေလို့ ကမန်းကတန်း ဝယ်ခဲ့ရတာလေ။ အိမ်ရောက်တာနဲ့ အောင်မင်းလက်ထဲ တန်းထည့်ပေးလိုက်ရတဲ့ဟာကို ဘယ်လိုလုပ်ပြီး ထုတ်ကြည့်ချိန်ရမှာလဲ ဦးလေးရယ်။ သိခဲ့ရင် ငွေနှစ်သောင်းကုန်မှာထက် ကိုယ့်ဦးလေးဒုက္ခရောက်အောင် လုပ်ပါ့မလားလို့။ ပြေးကြည့်မှ ဒီဦးလေးတစ်ယောက်တည်း ရှိတဲ့ဟာကို''

''အဟွတ်...အဟွတ်...အဟွတ်''

ဦးအောင်မင်းတစ်ယောက် ရယ်မိမှာစိုး၍ ချောင်းတရစပ်ဆိုးချင်ယောင် ဆောင်လေ၏။ ဒေါ်ခင်စိန် အလျှောက်ကောင်းသဖြင့် ဦးလေးဖြစ်သူမှာ ကျေနပ်သွားပြီး ခွေးကိစ္စ ထပ်မဟတော့ချေ။ ဒေါ်ခင်စိန်က -

''စိတ်မညစ်ပါနဲ့ ဦးလေးရယ်။ ကျွန်မပြန်ရင် အဲဒီခွေးလေးကို ပြန်ခေါ်သွားပေးပါ့မယ်ရှင်''

''ရပါတယ်ဟာ ခေါ်မသွားနဲ့။ သူ့ခမျာ ခြေတစ်ဖက်ကျိုးပြီး ညည ရောဂါထတာကလွဲလို့ အခြားအပြစ်မရှိရှာပါဘူး။ လိမ်လည်း လိမ္မာလို့ ငါ့သံယောဇဉ်ဖြစ်နေပြီ။ ငါနဲ့ထိုက်တဲ့ကောင်

ငါပဲ မွေးထားတော့မယ်။ နင်သာ ဒီကပြန်သွားရင် ဘာဝယ်ဝယ် သေချာစစ်ဆေးပြီးမှဝယ်။ ကြားလား ခင်စိန်မ မအနဲ့"

"ဟုတ်ကဲ့ပါ ဦးလေး"

ဒေါ်ခင်စိန် ဇက်ပုဍ် ရှိရှိသေသေ ပြောလိုက်လေ၏။ ဤတွင် ခွေးဒုက္ခ ဇာတ်သိမ်းလေပြီ။ မသိမ်း၍လည်းမဖြစ်ချေ။ အယ်ဒီတာချုပ် ဆရာကြီးကိုရွှေတောသားက ကျွန်ုပ်ကိုတွေ့လေတိုင်း "ဟော့ကောင် အောင်ရာဇာ မင်း ခွေးဇာတ်ခင်းတာ မပြီးသေးဘူးလား"ဟု ခွေးဒုက္ခ (၂) စာမူပေးစဉ်က ငေါက်ထားသဖြင့် ကြောက်အားပိုကာ ဤ 'ခွေးဒုက္ခ (၃)' တွင် အပြီးတိုင် ဇာတ်သိမ်းလိုက်ရပေတော့သည်တကား။

*သောကြာစာစောင်၊ အမှတ် (၅၉၈၊ ဇူလိုင်လ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# မကျေးဥ...ဒိုး



# မကျေးဥ . . .ဒါန်း

ကျွန်တော်သည် စာဖတ်အလွန်လောဓါ၏။ လွှမ်း၏။ ငယ်စဉ်ကတည်းက အကျင့်ပါလာသည်ဖြစ်ရာ တစ်ခါတစ်ရံ သတိထားဖတ်မိပေမင့် များသောအားဖြင့်ကား ငယ်ကျင့်အတိုင်း ဖတ်မိသည်က များ၏။ ငယ်စဉ်ကဆိုလျှင် ကျွန်တော် ပညာသင်ကြားခဲ့သော တောင်ဥက္ကလာ အလက (၄) ကျောင်းမှ စတုတ္ထတန်းတွင် ပထဝီဘာသာသင်ကြားလေသော ဆရာဦးသောင်းညွှန့်က ကျွန်တော့်ကို တွေ့လေတိုင်း-

''ဟိုကောင် အောင်မြင့် စာကိုသေချာဖတ်စမ်း။ ပြီးပြီးရော မဖတ်နဲ့ ကြားလား''

ဟူ၍ အမြဲဆုံးမသွန်သင်တတ်လေ၏။ ကျွန်တော်ကလည်း ကျွန်တော်ပင်ဖြစ်သည်။ ရေးချမပါပဲ ရေးချထည့်ဖတ်တတ်၏။ ဝစ္စနှစ်လုံးပေါက်မပါပဲ ဝစ္စနှစ်လုံးပေါက်ထည့်ဖတ်မိတတ်၏။ ထိုသောအခါ အသံထွက်၍ ကျယ်ကျယ်အော်ဖတ်နိုင်း

တတ်သော ဆရာနှင့် မကြာခဏဆိုသလို ပြဿနာတက်တတ်သည် ဆိုသည်ကိုကား ပြောရန်လိုမည်မထင်ပေ။ တစ်ခါတစ်ရံ လူကြားမကောင်း သူကြားမကောင်း အသံတွေထွက်လာတတ်လေရာ မဟာလူသားတို့ ဖတ်ရှုအားပေးလေသော ဤမဟာသောကြာတွင် ရေးပြရန် မသင့်လျော်သဖြင့် တစ်ဆင့်ကျော်လိုက်ရပေတော့သည်။

• • •

ကျွန်တော်လော၌ လျှမ်း၍ ဖတ်မိသော စာများထဲတွင် ကျွန်တော်၏ အစ်ကိုဆရာဖြစ်သူ ဆရာနန္ဒာမိုးကြယ်၏ ကဗျာလည်း ပါဝင်ပေ၏။ ကျွန်တော်သည် ကဗျာကို လွန်စွာချစ်၏။ မြတ်နိုး၏။ ကဗျာစာအုပ် အတော်များများကို ကျွန်တော်စုဆောင်း၏။ လေ့လာဖတ်ရှု၏။ သို့ကြောင့်လည်း ကျွန်တော်လေးစားသော ဆရာနန္ဒာမိုးကြယ်၏ 'ငယ်ချစ်ကဗျာစုစည်းမှု' ကဗျာစာအုပ်ကို ဖတ်ရှုကြည့်၏။ ဖတ်ရင်းဖတ်ရင်း ဆရာ၏ ရေးစပ်ဖွဲ့သီမှု စကားလုံးလှပမှု၊ အသံပြေပြစ်သာယာမှုတို့အား လွန်စွာအားရအားကျမိလေ၏။ လက်မှမချနိုင်ဖြစ်မိပေသည်။ သို့နှင့် ဖတ်ရင်းဖတ်ရင်း စာမျက်နှာ ၁၂၇ သို့ ရောက်ခဲ့ပေ၏။ အဲဒီစာမျက်နှာတွင် ပြဿနာစတော့၏။ ကဗျာခေါင်းစဉ်ကို ဖတ်မိရင်း စိတ်ထဲမှာ တစ်မျိုးဖြစ်သွား၏။ ဘာလဲဟ ခေါင်းစဉ်ကလည်း။ 'မကျေးဥဒါန်း'' ဆိုပါလား။ ငါ့ဆရာနှယ် အစ်မကြီး ဆရာမ မကျေးဥရဲ့

ဒါန်းက ဘယ်လောက်တောင်မှ စီးလို့ကောင်းနေတဲ့ ဒါန်းမို့လို့ အမှတ်တရ ကဗျာတောင် ဖွဲ့ရပါလိမ့် တွေးမိရင်းက-

**နဖူးက အမာရွတ်မြင်**

**နာကျင်ပေါ့**

**သည်းဆတ်ဆတ်။**

ဤသို့ သီကုံးထားသော အခံပိုဒ်ကို ဖတ်မိရာ အခံပိုဒ်မှာပင်လျှင် အဖြေက တွေးကြည့်လို့ရနေပေါ့။ ထိပ်သီးကဗျာဆရာကြီး ဆိုလေတော့ကာ စာဖတ်သူ ကွင်းကွင်းကွက်ကွက်မြင်အောင် လယ်ပြင်ဆင်သွားသလို ထင်ရှားအောင် ရေးနိုင်ပါပေ့။ ဒါ မှောက်လျက်ပြုတ်ကျလို့ နဖူးကွဲတာ သေချာတာပေါ့။ ကျွန်တော့်စိတ်ထဲမှ ကျွန်တော်ချစ်ခင်လေးစားရသော ဆရာသမားဖြစ်သဖြင့်-

“သြော်…ငါ့ဆရာနှယ် ဒါန်းကြိုက်ရန်ကောကွယ်။ ဘယ့်နှယ် သူတစ်ပါးအိမ် အလည်သွားတာ အေးအေးမနေဘဲ အားမနာ ပါးမနာ မနေတတ် မထိုင်တတ် ခြေဆော့လက်ဆော့ မကြီးမငယ်နဲ့ ဒန်းတက်စီးရတယ်လို့။ ခုတော့ ကြည့်စမ်း။ ဒန်းပေါ်က မှောက်ခုံပြုတ်ကျပြီး နဖူးကွဲပြီမို့လား။ ကျွတ်…ကျွတ် ကျွတ်”

ဟု ကရုဏာဒေါသော အပြစ်တင်မိလေ၏။ (ဆရာနန္ဒာမိုးကြယ်ရေ…ချစ်လို့ပါနော်) စိတ်မကောင်းကြီးစွာဖြင့် အအုပ်ပိုဒ်ကို ဆက်လက်ဖတ်ရှုလိုက်၏။

**လက်သည်ရှင် မင်းမဟော် ကိုလ၊**
**တွေးတိုင်းနော် ဒေါ်သပွားတယ်၊**
**ပုဏ္ဏားကေး၀ဠ်။**

လက်သည်ရှင်က 'မင်းမဟော်' ဆိုပါလား။ မကျေးဥ ဒါန်း မဟုတ်တော့ပါလား။ 'ပုဏ္ဏားကေး၀ဠ်' ကလည်း ပါသေး။ ဘယ်လိုကြီးလဲဟ။ ခေါင်းစဉ်နဲ့လည်း ဘာမှမသက်ဆိုင်တော့ပါ လားဆိုပြီး ခေါင်းစဉ်ကို ပြန်ဖတ်ကြည့်တော့-

"မကျေးဥဒါန်း" ...တဲ့။

မကျေးဥ ဒါန်း မဟုတ်ပါချေ။ ကျွန်တော် လောဖတ်မိ ခြင်း ဖြစ်ပေ၏။ ထို့အတွက် ဆရာနန္ဒာမိုးကြယ်အား ဤစာဖြင့် တောင်းပန်လိုက်ရပါတော့သည်တကား။

မှတ်ချက်။ ။ စီးသောဒန်းသည် ရေးချမပါသော်လည်း စာဖတ်လျှမ်းသော လောသော ကျွန်တော်၏ ညံ့ဖျင်းအသုံးမကျမှု ကြောင့် ရေးချကိုပင် ဖျောက်ကာ ဖတ်မိသော ကျွန်တော့်အပေါ် စာဖတ်သူအပေါင်း နားလည်ခွင့်လွှတ်ပေးနိုင်မည်မဟုတ်ဟု ထင် မိကာ တောင်းပန်လိုက်ရပေတော့သည်တကား။

*သောကြာစာစောင်၊ အမှတ် (၅၉၉)၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# အရက်သမားမျောက် (၁)



# အရက်သမားမျှော် (၁)

သူ့အမည်က ချိုဦး။

ချိုဦးဟော့ဆိုလျှင် ၁၄/၁၅ လမ်းဆုံ ကားပွဲစားတန်း၌ မသိသူမရှိအောင် ကျော်ကြားလေ၏။ သူ့ကျော်ကြားမှုက အကောင်းမဟုတ်။ အရက်ကို အလွန်စွဲလမ်းနှစ်ခြိုက်ကာ အဖော်ကောင်းလျှင် အချိန်မရွေး အမူးသောက်သူ။ မူးလာလျှင်ကားရန်သူကိုပင် ဖက်ကာနမ်းတတ်သော အကျင့်ဆိုးကြောင့် ကျော်ကြားခြင်း ဖြစ်ပေ၏။ ချိုဦးမူးပြီဟော့ ဆိုသည်နှင့် အကြောင်းသိများ ရှောင်ရှားကုန်ကြသဖြင့် မူးမူးနှင့် ညသို့ကြိမ်းလေ၏။

"အရှူးတွေ သူတို့ကို ရမ်းတာမှမဟုတ်တာ။ အေ့… ချစ်လို့နမ်းတဲ့ဟာကိုများ အေ့…ထွက်ပြေးရတယ်လို့။ အေ့… ကြုံဖူးပေါင်။ အေ့…နေပစေ…အေ့…ကိုယ့်ဟာကိုယ် အိမ်ပြန်ပြီး မိန်းမနားနေမယ်။ အေ့…ဟွန်း…ဘာဖြစ်လဲအေ့"

ချိုဦးတစ်ယောက် ထသွားပြီဆိုလျှင် ရေချိန်မကိုက်သေးသော ရှောင်ရှားနေသူများ အလျှိုလျှိုပြန်လည်ရောက်ရှိလာကြကာ ပြန်လည်မှီဝဲဖြည့်တင်းကြလေ၏။ ကျွန်တော် ချိုဦးအကြောင်းမသိခင်က ချိုဦး၏သောက်ဖော်များအား-

"မင်းတို့နှယ်ကွာ ကိုယ့်သူငယ်ချင်း ချစ်လို့နမ်းတာပဲ"

ဟု ပြစ်တင်ပြောဆိုဖူးရာ ၄င်း၏သောက်ဖော်များက-

"ဟာ...ဆရာကြီးမသိလို့ ပြောနေတာ။ ဒီကောင်က နမ်းရင် ကောင်းကောင်းနမ်းတာမဟုတ်ဘူး။ လျှာနဲ့ပါလျက်တဲ့ကောင်။ ရွံစရာကြီး။ ဒါကြောင့် ဒီကောင်နမ်းတာ မခံရဲကြတာ"

ဟု ပြောပြကြလေရာ ကျွန်တော်ပင်လျှင် တုန်လှုပ်မိချေပေ၏။ သူ့အိမ်သူဆိုလျှင်ကား တော်တော်စိတ်ညစ်မည်ထင်ပ။

အဲ...တစ်နေ့တော့ ချိုဦးတစ်ယောက် စားသောက်ဆိုင်တွင်းသို့ ဝင်လာလေ၏။ သူတစ်ယောက်တည်းကား မဟုတ်။ ထူးထူးခြားခြား မျောက်တစ်ကောင် ပခုံးပေါ်တင်ခေါ်လာသဖြင့် အမြည်းစား ရေသောက်နေသော ကျွန်တော်က-

"ဟကောင် ချိုဦး ဘယ်ကမျောက် ခေါ်လာတာလဲကွ"

"မပြောချင်ပါဘူး ဆရာကြီးရယ်။ ဘေးအိမ်ကချာတိတ်က သူ့ယောက္ခမသေလို့ တောသွားရမှာမို့ မျောက်ခေါ်သွားလို့မဖြစ်တာနဲ့ ကျွန်တော့်ကို အပ်ထားခဲ့တယ်။ တစ်ပတ်ဆယ်ရက်ကြာမယ်ထင်တယ်"

"အဲဒါပဲကွာ အရက်ဆိုင်ခေါ်လာရတယ်လို့။ အိမ်မှာ

ထားခဲ့တာမဟုတ်ဘူး"

"ဟာ…ဆရာကြီးမသိပါဘူး။ ဒီကောင်က ကျွန်တော့်ပဲ ကြောက်တာ။ ကျွန်တော်မရှိရင် အိမ်မှာ မွှေနှောက်လွန်းလို့"

ချိုဦး ဤသို့ပြောဆိုပြီး ခုံလွတ်တွင်ဝင်ထိုင်ကာ သောက်စရာနှင့် မြည်းစရာ မှာကြား၏။ မျောက်ကလေးကိုတော့ သူ့ဘေး ခုံလွတ်တွင်ထား၏။ မကြာမီ ချိုဦးမှာထားသော အစားအသောက်များ ရောက်လာသဖြင့် ချိုဦးတစ်ယောက် သောက်လိုက် အမြည်း စားလိုက်လုပ်နေရာ သူ၏ထိုင်ခုံဘေးရှိ မျောက်ကလေးက တမော့ ကြည့်ကြည့် လုပ်နေသည်ကို စပ်စပ်စုစုကြည့်နေသော ကျွန်တော် မြင်တွေ့နေရ၏။ မကြာပေ။ မျောက်ကလေးက ချိုဦး၏ပေါင်ကို သူ့လက်ကလေးဖြင့် ကုတ်လေရာ ချိုဦးက မျောက်ကလေးအား လှည့်ငုံ့ကြည့်ရင်း -

"ဘာလဲကွ မောင်ညိုရ စမ်းကြည့်ချင်လို့လား"

မျောက်ကလေးက ချိုဦး၏အမေးကို မျက်နှာလေးမော့ ကြည့်ပြီး မျက်လုံးလေးပေကလပ်ပေကပလ် လုပ်နေရှာ၏။ ဒါကို ချိုဦး ဘယ်လိုသဘောပေါက်သည်မသိ။ စားပွဲပေါ်ရှိ ရေဖန်ခွက်ထဲသို့ အရက်အနည်းငယ်ထည့်ရောကာ မွှေနှောက်၍ မျောက်ကလေးအား တိုက်လေရာ မျောက်ကလေး အနည်းငယ်သောက်ပြီး သူ၏သေးငယ်ငယ် မျက်နှာကလေး ရှုံ့မဲ့ပုံအား မည်သို့ရေးဖွဲ့ပြောရမည်ကိုပင် မသိ။ အတော်ကြည့်ရဆိုးလှပေသည်။ ပါးစပ်မှလည်း ဖွီးဖွီးလား ခွီးခွီးလား မသဲကွဲသော အသံထွက်၍ လက်နှစ်

ဖက်ကလည်း သူ့လည်ပင်းလေးကိုကိုင်လို့။ ချီဦးက ဒါကိုကြည့်ကာ ရယ်ရင်း မြေပဲကြော်အနည်းငယ် နှိုက်ယူကာ မျောက်ကလေးအား ပေးလိုက်လေ၏။

"ရော့…အမြည်းစား"

မျောက်ကလေးက မြေပဲကြော်စားပြီး ခဏအကြာ ချီဦး၏ပေါင်ကို ကုတ်ပြန်လေရာ ချီဦးက-

"ဘာလဲကွ ကြိုက်သွားပြီမဟုတ်လား ချကွာ"

ချီဦး ဖန်ခွက်ထဲက ကျန်နေသေးသော အရက်ကို ထပ်တိုက်လေရာ မျောက်ကလေး သောက်အပြီး ပထမလောက် ကြည့်ရမဆိုးသော ရှုံ့မဲ့နေသည့် မျက်နှာကလေးကို တွေ့ရပြန်၏။ ချီဦး မြေပဲကြော်ကျွေးလိုက် သူကစားလိုက်။ ပြီးတော့ ချီဦး ပေါင်ကို လှမ်းကုတ်လိုက်၊ ချီဦးက အရက်ထပ်ထည့်လိုက် မြေပဲကျွေးလိုက်နှင့် ကြာတော့ မျောက်လေးလည်းမူ ချီဦးလည်း ရေချိန်ကိုက် ကျသင့်ငွေရှင်းပြီး-

"ကဲ…ချစ်ဆုံးရေ ဂိုးရအောင်ကွာ"

ဟုပြောကာ မျောက်ကလေးကို ကောက်ချီရင်း သူ့အကျင့်အတိုင်း မျောက်ပါးလေးအား-

"အာဘွား"

ဟု ပါးစပ်မှ အော်မြည်ရင်း နမ်းကာအပြီး လျှာဖြင့်လျက်လေရာ မျောက်လေးကလည်း ချီဦးလုပ်သလို ချီဦးပါးအားနမ်းကာ သူ့လျှာကလေးနှင့် လျက်လေရာ ချီဦးက သဘောအကျကြီး

ကျကာ-

"မင်းက လူတွေထက် ငါ့အပေါ်ကောင်းတဲ့ကောင်ပဲ ကွ။ မောင်ညို အချစ်ဆုံးလေးရ"

ဟု ပြောကာ ဆိုင်အတွင်းမှ ထွက်သွားလေရာ ကျွန်တော်အပါအဝင် ကျွန်ရစ်သူ သောက်ဖော်များလည်း တဟားဟား ဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သတည်း။

*သောကြာစာစောင်၊ အမှတ် (၆၀၀)၊ စက်တင်ဘာလ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# အရက်သမားမျောက် (၂)



# အရက်သမား မျောက် (၂)

"ကလင်…ကလင်…ကလင်"

စာရေးကောင်းနေတုန်း ကျယ်လောင်စွာ မြည်ဟီးလာသည့် ဖုန်းခေါ်သံက ကျွန်တော့်အား အနည်းငယ်မျှ ထိတ်လန့်သွားစေပါသည်။ ဖုန်းကိုမကိုင်သေးပဲ နာရီကို လှမ်းကြည့်လိုက်တော့ ည ၁၁ နာရီပင် ကျော်နေပေပြီ။ သည်အချိန်ကြီး ဘယ်သူများ ဖုန်းဆက်ပါလိမ့်ဟု တွေးမိရင်း ဖုန်းလှမ်းကိုင်လိုက်၏။

"ဟဲလို…ပြောပါ"

"ဆရာကြီးလားရှင့်"

"ဟုတ်ပါတယ် ဘယ်သူပါလိမ့် မိုးကြီးချုပ်မှ"

"အားနာပါတယ် ဆရာကြီးရယ်။ ကျွန်မ ကိုချိုဦးမိန်းမပါရှင်။ ကိုချိုဦး သောင်းကျန်းနေလို့ ဆက်လိုက်ရတာပါရှင်။ ဆရာကြီးကို ဒုက္ခပေးသလိုဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်နော်"

"ရပါတယ်ဟာ ပြောပါဦး သည်ကောင် ဘယ်လို သောင်းကျန်းနေလဲဆိုတာ"

"မပြောချင်ပါဘူး ဆရာကြီးရယ်။ သူများတကာက သူ့ကို အားကိုးတကြီးနဲ့ မျောက်ကလေးအပ်သွားတာလေ။ သူက မျောက်ကို အရက်တိုက်တယ် ဆရာကြီးရဲ့။ ၁၀ နာရီကျော် လောက်က ပြန်လာပြီး မျောက်နဲ့သူနဲ့ အပြန်အလှန် နမ်းလိုက် သီချင်းအကျယ်ကြီး အော်ဆိုပြီး ကလိုက်နဲ့ လူမှန်းမသိ မူးနေတဲ့ ဆရာကြီးတပည့်က ထိုင်နေရင်တောင် ယိုင်နေတဲ့ဟာကို က တော့ ခဏခဏလဲကျ။ ပြန်ထ ယိုင်ထိုးယိုင်ထိုးနဲ့ ပြန်က။ ပြန်လဲကျ။ တစ်ခါပြန်ထပြီး ယိုင်ထိုးယိုင်ထိုးနဲ့ ထပ်က ထပ်တစ် ခါပြန်..."

"ဟဲ့ ဟဲ့...နင့်စကားက မိုးလင်းရင်တောင် ယိုင်ထိုး ယိုင်ထိုး အကာသံသရာက ပြီးတော့မှာမဟုတ်ဘူး။ တိုတိုတုတ် တုတ် ရှင်းရှင်းလင်းလင်း ပြောစမ်းဟာ တကတဲ"

"ဟုတ်...ဟုတ်ကဲ့ပါ ဆရာကြီး။ အဲလိုမျိုးလဲတော့ အိမ်ကပစ္စည်းတွေပေါ်ကျ။ ပစ္စည်းတွေ ကွဲတာကွဲ ပြားတာပြားနဲ့ တားမရ ဆွဲမရ။ ကလေးတွေလည်း ငိုယို အိပ်မရနဲ့ အဲဒါလေ ဆရာကြီး လာဆုံးမပေးပါ ဆရာကြီးရယ်။ အားကိုးပါတယ် နော်"

"ဟင်...ဒုက္ခပါပဲ။ အေး အေး...ငါအခုလာခဲ့မယ် ဟာ"

"ဟုတ်…ကျေးဇူးပါ ဆရာကြီးရယ်။ မြန်မြန်လေး လာပေးပါနော်။ ကြာရင် အိမ်ပါပြိုမှာ"

"အေးပါဟာ…အေးပါ"

ကျွန်တော်လည်း မိန်းမဖြစ်သူအား အကျိုးအကြောင်း ပြောပြ၍ ကားစက်နှိုးကာ ချိုဦးအိမ်သို့ မောင်းနှင်သွားလိုက်၏။ ချိုဦးအိမ်ရောက်တော့ ချိုဦးမိန်းမနှင့် ကလေးနှစ်ယောက် အိမ်အပြင်တွင် ထွက်စောင့်နေသည်ကို တွေ့ရလေ၏။ ကျွန်တော်လည်း ကားပေါ်မှဆင်းကာ-

"ဘယ်မလဲ ညည်းအကောင်"

"အိမ်ထဲမှာ ဆရာကြီး။ သောင်းကျန်းနေတုန်းပဲ။ ပစ္စည်းတွေလည်း ကုန်ပြီထင်ပါတယ် ဆရာကြီးရယ်။ ဆရာကြီးတပည့်ကို ဆုံးမပေးပါရှင်"

ကျွန်တော် အိမ်ထဲသို့ ဝင်လိုက်၏။ ဟုတ်ပ။ ချိုဦးတစ်ကောင်နဲ့ မျောက်တစ်ကောင်။ (အဲ…ယောင်လို့)ချိုဦးတစ်ယောက် မျောက်တစ်ကောင်နှင့် မူးရူးကာ ကလိုက်၊ လဲလိုက်၊ ပြန်ထကလိုက်နှင့် ဖြစ်နေလေသည်။ ကျွန်တော်က-

"ဟေ့ကောင် ချိုဦး"

"ဘယ်ကောင်လဲကွ ငါ့နာမည်ခေါ်တာ။ အေ့…မလေးအေ့ မစားနဲ့…ငါ…"

ချိုဦး မူးမူးနှင့် ပြန်ပက်သောစကားမဆုံးမီ ကျွန်တော်က-

"ဟော့ကောင် ငါအောင်မြင့်ကွ။ ငါ့လခွမ်း ဘာလဲ မင်းက ငါ့ကို ရန်တောင်ရှာဦးမလို့လား"

"ဟာ…အေ့ ဆရာကြီး။ အေ့…ကျွန်တော် မူး…မူး နေလို့ ဆရာကြီးမှန်းမသိတာပါ။ အေ့…ကန်တော့ ကန်တော့ ဆရာကြီး"

ချိုဦး လက်အုပ်ချီကာ တောင်းပန်လေ၏။

"မင်းကွာ မူးနေလည်း ကောင်းကောင်းအိပ်ပေါ့ကွ။ ဘယ့်နှယ် ကနေရတာလဲ။ ကြည့်စမ်း ပစ္စည်းတွေလည်း ပျက်စီး ကုန်ပြီ။ ဟိုသတ္တဝါလည်း မင်းကြောင့် ပျက်စီးတော့မယ်"

"ဟာ…ဆရာကြီးရယ်။ အေ့…ကျွန်တော့်ကြောင့်လို့ အေ့…မပြောပါနဲ့။ ညနေက အေ့…ဆရာကြီးလည်း ရှိနေတာပဲ ဟာကို။ အေ့…သည်ကောင်ကိုက တောင်းသောက် အေ့…တာ ကို ဆရာကြီး"

"ကဲ ကဲ…တော်တော့ ရှင်းပြမနေနဲ့။ သန်းခေါင်ရောက် နေပြီ အိပ်တော့"

"ဟုတ်ပါ အေ့…ဆရာကြီး။ ဒါနဲ့ အေ့…ဆရာကြီး အေ့…ကျွန်တော့်ဆီကို ဘယ်လိုဖြစ်ပြီး အေ့…ရောက်လာတာ လဲ။ ကတုံးမ ဖုန်းဆက်လိုက်လို့ အေ့…မဟုတ်လား အေ့…"

အံမယ်…ငမူးက အကြားအမြင်ရနေလား မသိ။

"ဘယ်သူမှ ဖုန်းမဆက်ဘူး။ ငါဟာငါ ဒီနား ခဏလာ ရင်း မင်းအသံပြဲကြီးကြားလို့ ဘာများဖြစ်နေလဲ ဝင်ကြည့်တာ။

မင်းမိန်းမနဲ့ တွေ့တောင်မတွေ့ဘူး''

''အာ…အဲဒါတော့ အွေ့…ဆရာကြီး ဗြောင်လိမ်တာပဲ။ အွေ့…အသုံးမကျတဲ့ ကတုံးမ။ အွေ့…ကိုယ့်ယောကျ်ားက အွေ့ တစ်နေကုန် တစ်နေခန်း ပင်ပင်ပန်းပန်း ငွေရှာနေတာ။ ဒီအချိန်လေး လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေရတာလေ။ အွေ့ ဆရာကြီး စဉ်းစားကြည့်ပါ။ အွေ့…ကိုယ့်ယောကျ်ား မူးလဲလို့ ကြင်ကြင်နာနာ ထူပေး ထိန်းပေးမယ် မရှိဘူး။ အွေ့…ဘယ် အလေလိုက်နေလဲမသိဘူး။ ပြန်လာမှ အွေ့…''

''ဟေ့ကောင် တော်တော့။ စကားရှည်မနေနဲ့ အိပ်တော့''

''ဟာ…ဆရာကြီးကလည်းဗျာ အွေ့…တပည့် ဒီအချိန်လေးပျော်ရတာကို''

''ဟေ့ကောင်…ငါ့ကို လာချွဲမနေနဲ့။ အိပ်ဆိုအိပ်တော့။ ငါ နားရင်းအုပ်မိတော့မယ်''

''ဟုတ်…ဆရာကြီး။ အွေ့…ရိုက်ပါ ဆရာကြီး။ ဆရာကြီးရိုက်ရင် ခံပါ့မယ်''

ချိုဦး မူးမူးနှင့် ခေါင်းထိုးပေးလေ၏။

''မရိုက်ပါဘူးကွာ။ ငါ့တပည့်ကို မရိုက်ပါဘူး။ ငါ့စကားသာ နားထောင်ပါ ချိုဦးရာ။ သန်းခေါင်ကျော်နေပြီကွ။ အေးအေးဆေးဆေးသာ အိပ်ပါတော့။ လိမ္မာပါတယ် တပည့်ရာ''

''ဟုတ် အွေ့…ဆရာကြီးပြန်ရင် အိပ်မယ်။ အွေ့…

ဆရာကြီးသာပြန်ပါ မိုးချုပ်နေပြီ အေ့…"

"မင်း အိပ်ပျော်မှ ပြန်မယ်ကွာ သွားအိပ် သွား"

"ဟာ အေ့…ဆရာကြီးကလည်း အေ့…မမူးပဲနဲ့ အေ့ တပည့်ကို လာရစ်နေတယ်။ အေ့…ပြန်မှာသာပြန်ပါ အေ့… ဆရာကြီးရယ်"

"မင်းအိပ်မှ ငါပြန်မယ်ကွာ။ သွားအိပ် ငါထိုင်စောင့်နေမယ်။ မင်း မအိပ်မချင်း ငါမပြန်ဘူး"

"ဟာ…ဆရာကြီးကလည်း အေ့…အနိုင်သိပ်ကျင့်တာပဲ။ အေ့…ဟင်း…ကဲ အေ့…လာ လာ…မောင်ညိုရေ အိပ်ရအောင်ကွာ အေ့…ငါတို့ မအိပ်မချင်း ဆရာကြီးဆိုတဲ့ အေ့… ဆရာကြီးက အကြောတင်းတယ်ကွ။ ပြန်မှာမဟုတ်ဘူး အေ့"

ချိုဦး ထွေသလိုလို ငေါ့သလိုလို ပြောဆိုပြီးသကာလ မောင်ညိုအား ပွေ့ဖက်ကာ အိပ်ရာဝင်လေတော့၏။ သူ၏ ဟောက်သံကြားရလေတော့မှ သူ၏မိန်းမအား နှုတ်ဆက်ကာ အိမ်သို့ပြန်ခဲ့ရလေတော့သတည်း။

*သောကြာစာစောင်၊ အမှတ် (၆၀၁)၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# အရက်သမားမျောက် (၃)



# အရက်သမားမျောက် (၃)

ချိုဦးကား တစ်နေ့တခြား ပိမ့်မူးလာချေပြီ။ သူနှင့်တွဲဖက်ညီလေစွသော မျောက်ကလေးမောင်ညိုသည်လည်း အရက်သမားလုံးလုံး ဖြစ်ချေပေ့၊။ မျောက်ကလေးမောင်ညိုတစ်ကောင် ချိုဦးလက်တွင်း သက်ဆင်း၍ ပျက်ခြင်း လေးရက်မြောက်သောနေ့၊ ညနေစောင်းတွင် ချိုဦး အရက်ဆိုင်သို့ မသွားသေးဘဲ ကျွန်တော်နှင့် ကားကိစ္စ ဆွေးနွေးနေသဖြင့် မျောက်ကလေးမောင်ညိုက ချိုဦး၏လက်မောင်းအား သူ့လက်ကလေးဖြင့် ကုတ်ကာ အရက်ဆိုင်ဘက်သို့ လက်ညှိုးထိုးပြလေ၏။ ပြီးနောက် ချိုဦးလက်မှ နာရီကို သူ့လက်ကလေးဖြင့် ပုတ်ပြလေ၏။

သဘောက အချိန်ကျပြီပေ့၊။ ချိုဦးက မျောက်ကလေးမောင်ညိုအားကြည့်ရင်း -

"နေပါဦး မောင်ညိုရယ်၊ ငါ ဆရာကြီးနဲ့ အလုပ်ကိစ္စဆွေးနွေးနေလို့၊ ခဏနေ သွားတာပေ့ါကွာ"

ချိုဦး၏အပြောကို မျောက်ကလေးမောင်ညို သဘောမကျဟန်ဖြင့် မျက်စောင်းထိုးသလို အမူအရာမျိုးပြုပြီး ကျွန်တော့်

ကိုလည်း မျက်မှောင်ကုတ်ကာ ကြည့်လေ၏။ သူ့အမူအရာလေးက ချစ်စဖွယ်မို့ ကျွန်တော် သဘောကျမိပါသည်။

"ကဲ … ချိုဦးရေ၊ သွားလိုက်တော့ကွာ။ မင်းအကောင်ငါ့ကို ဘုရှိုး ရှိုးနေပြီ။ တော်ကြာ ထထိုးနေဦးမယ် … ဟား … ဟား … ဟား"

ချိုဦး လိုက်ရယ်ရင်း မောင်ညို၏ခေါင်းလေးကို ချစ်စနိုးပုတ်ကာ-

"ဆရာကြီးလည်း အမြည်းလိုက်စားလေ"

"အေးကွာ၊ ခဏတော့ လိုက်ထိုင်တာပေါ့"

သို့ဖြင့် ကျွန်တော်တို့ စတည်းချသောနေရာနှင့် မျက်နှာချင်းဆိုင်ဘက်ခြမ်းရှိ ဟုန်ချမ်းစားသောက်ဆိုင်သို့ ကူးလာခဲ့ကြ၏။ ဆိုင်အတွင်း နေ့စဉ် ဖောက်သည်များ ဖြစ်ကြသော ကားဝယ်ရောင်းများ၊ ပွဲစားများ စုံလင်စွာ ရောက်ရှိနေကြပြီဖြစ်သည်။ အချိန်အတော် လေးစားကြပါကုန်၏။ လေးစားလောက်သော ယမကာလုလင်များပေတကား။ ကျွန်တော်၊ ချိုဦးနှင့် မျောက်ကလေးမောင်ညိုတို့ နှစ်ယောက်၊ တစ်ကောင်သား (သုံးယောက်သား ရေး၍ မဖြစ်ချေ) စားပွဲဝိုင်းအလွတ်တွင် ဝင်ထိုင်လိုက်ကြသည်။ တာဝန်သိဝိတ်တာကောင်လေး ချက်ချင်းရောက်ရှိလာပြီး ချိုဦးမှာကြားသမျှ စာရွက်တွင် မှတ်သားလေ၏။ မှာရင်းတန်းလန်း ချိုဦးက ကျွန်တော့်အား-

"ဆရာကြီး … မှာလေ"

"မင်းကြိုက်တာသာမှာကွာ၊ ဘာဖြစ်ဖြစ်"

"ဒါဆိုလည်း ခေါက်ဆွဲကြော် တစ်ပွဲရယ်၊ ဝက်လက်ပေါင်းတစ်ပွဲရယ်၊ မောင်ညိုအတွက်တော့ ထုံးစံအတိုင်း အမြည်းပေးကွာ"

"ဟုတ်ကဲ့ ဆရာ"

ဆယ်မိနစ်ခန့်အကြာတွင် မှာယူထားသော အစားအသောက် စုံလင်စွာ ရောက်ရှိလာ၏။ ဤတွင် ခုံပေါ်တွင် ထိုင်နေသော မျောက်ကလေးမောင်ညိုမှာ စားပွဲပေါ်သို့ လှစ်ခနဲ တက်လေ၏။ ဒါကို ချိုဦးက သဘောကျဟန်ဖြင့်-

"အတော် တက်ကြွနေပါလား မောင်ညိုရ၊ သောက်ရမှာပေါ့ကွာ"

ချိုဦးစကားကို မျောက်ကလေးမောင်ညို နားလည်ဟန်ဖြင့် သူ၏အပေါ်နှင့် အောက်သွားများ စုံလင်စွာပေါ်အောင် ပါးစပ်ဖြဲပြလေ၏။ "ဩော် ... မျောက်ရယ်တာ ဒီပုံကိုး"ဟု ကျွန်တော်တွေးကာ သဘောကျနေမိပေ့၏။ ချိုဦးလည်း အရက်ပုလင်းဖွင့်ကာ မျောက်ကလေးမောင်ညိုရှေ့ရှိ အနည်းငယ်သေးသော ခွက်ကလေးထဲ အရက်အနည်းငယ်ထည့်၊ ရေသန့်ထည့်ကာ စပ်ပေး၍ မောင်ညိုရှေ့သို့ ချပေးကာ -

"မောင်ညို၊ မသောက်နဲ့ဦးနော်။ ငါနဲ့ ချီးယားလုပ်ပြီးမှသောက်"

မျောက်ကလေးမောင်ညိုက အရက်ခွက် လှမ်းကိုင်ပြီး

ချိုဦးစကားကို နားလည်ဟန်ဖြင့် ဒုတိယအကြိမ်မြောက် ရယ်ပြပြန်၏။ ချိုဦး သူ့အရက်ခွက်အတွင်းသို့ အရက်နှင့် ရေ ရောစပ်ပြီးသည်နှင့် အရက်ခွက်ကို မြှောက်ကာ -

"ကဲ ... မောင်ညိုရေ ... ချီးယား"

"ခွီး ... ခွီး"

"ခွပ်" (ခွက်ချင်းထိတွေ့သံ)

သူတို့အား မလွတ်တမ်း စောင့်ကြည့်နေမိသော ကျွန်တော် မရယ်မနေနိုင်တော့ပေ။ နှစ်ကောင်သား အတိုင်အဖောက်ညီလေစွ။ ချိုဦး၏ချီးယားကို မျောက်ကလေးမောင်ညိုက "ခွီး ... ခွီး" ဟူသော တုံ့ပြန်သံပေးရင်း ခွက်နှုတ်ခမ်းချင်း တွေ့ထိလိုက်ပေသည်။ ပြီးတော့ မျောက်ကလေးမောင်ညိုက ဟန်ပန်အပြည့်ဖြင့် သူ၏အရက်ခွက်ကလေးအား သူ၏နှုတ်ခမ်းတွင်တေ့ကာ အနည်းငယ်မျှ သောက်လိုက်ပြီး သူ၏အမြည်းဖြစ်သော မြေပဲကြော်ကို နိုက်မြည်းကာ အရသာခံနေပုံကား လူနှင့်မခြား။

ကျွန်တော် ကြည့်ရင်း သဘောကျနေစဉ်တွင် မျောက်ကလေးမောင်ညိုက တစ်ရှူးဘူးမှ တစ်ရှူးအားယူကာ လက်သုတ်၊ ပါးစပ်သုတ် လုပ်နေသဖြင့် -

"ချိုဦးရေ ... မင်းကောင်က တယ်ဟုတ်နေပါလားကွ၊ တစ်ရှူးတောင် သုံးတတ်နေပြီပဲ"

"အကုန်တတ်တယ် ဆရာကြီးရေ၊ ကျွန်တော် လုပ်သမျှကို အကုန်အတုခိုးလိုက်လုပ်နေတာ။ နှစ်ခါမပြရဘူး၊ ဟဲ ...ဟဲ"

"ကောင်းကွာ၊ မျောက်လည်း မင်းနဲ့တွေ့မှ အတတ်ကောင်းတွေ တတ်ကုန်ပေါ့။ သူ့သခင်ပြန်လာလို့သိရင် မင်းဘယ်လို ရှင်းမလဲ"

"ဟာ ... ဆရာကြီးကလည်း ဘာရှင်းစရာလိုလို့လဲ။ သူက ကျွန်တော့်ဆီ အတင်းအပ်ခဲ့တာလေ။ ကျွန်တော်က သွားခေါ်တာမှ မဟုတ်တာ။ အရက်ကိုလည်း ကျွန်တော် အတင်းတိုက်တာမှ မဟုတ်တာ။ သူ့ဟာသူ သောက်တဲ့ဟာကို ဆရာကြီးသိသားနဲ့။ တွေးပူမနေပါနဲ့ ဆရာကြီးရယ်၊ သူ့ဟာသူ အဆင်ပြေသွားမှာပါ"

ကောင်းရော။ သူ့အပြောက ဟုတ်သယောင်တော့ရှိသား။ ကျွန်တော်ပင်လျှင် ဘာပြန်ပြောရမှန်း မသိတော့။ တွေးတော့ ကြည့်နေမိ၏။ အကယ်၍များ သူ့သခင် ပြန်ရောက်လာလျှင် သူ့မျောက် လာခေါ်လိမ့်မည်။ အရက်စွဲနေပြီဖြစ်သော မျောက်ကလေးမောင်ညို အချိန်ကျလျှင်ကား ... ဘယ်သို့။

"ဆရာကြီး ... အမြည်းစားဦးလေ၊ အေးကုန်ပြီ။ သိပ်စဉ်းစား တွေးပူမနေပါနဲ့ ဆရာကြီးရယ်။ သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့။ လူဖန်တီးတာမှ မဟုတ်ဘဲလေ"

အလဲ့ ... ငမူးက ထူးစွာ တစ်မူးသာနေပေါ့လား ...။

*သောကြာစာစောင်၊ အမှတ် (၆၀၂)၊ နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# အရက်သမားမျောက် (၄)



# အရက်သမား မျောက် (၄)

သောကြာ အယ်ဒီတာချုပ် ကိုရွှေတောသားထံသို့ ဆရာကာတွန်းပိုးဇာထံမှ အမှတ် (၅၆၂)၊ နိုဝင်ဘာလ၊ သောကြာစာစောင်အတွက် မျက်နှာဖုံးပုံ ရရှိပြီဖြစ်ကြောင်း သတင်းပို့ရန် ဖုန်းကိုင်လိုက်သည်။ တိုက်ဆိုင်စွာ ခေါ်ဆိုလာသည့် ကျယ်လောင်လှသော ဖုန်းသံကြောင့် ရုတ်တရက် အထိတ်တလန့် ဖြစ်မိကာ လက်ထဲမှဖုန်းအား လွှင့်ပစ်မိတော့မယောင်ပင် ဖြစ်မိချေပေါ့။ တော်သေးရဲ့။ သတိအလွန်ကောင်းလှပေသော နုပျိုသည့် အောင်ရာဇာမို့လို့ပေ။ ဆရာကြီးပေတုံးသာ ဆိုလို့ကတော့ ကြောက်လန့်တကြား ယောင်ယမ်းလွှင့်ပစ်မိ၍ ဖုန်းတစ်လုံး ဆုံးရှုံးနေရောပေါ့နော်။ ဖုန်းခေါ်ဆိုလာသူက ကျွန်တော်၏ဇာတ်လိုက်ကျော်လည်းဟုတ်၊ မျောက်ဆရာလည်းမည်သော ချိုဦးပေတည်း။

"ဟဲလို ... ပြော ချိုဦး"

တစ်ဘက်မှ ပြန်ထူးသံမကြား။ သို့သော် လေလုံးမကွဲသော အော်ဟစ်နေကြသံတို့တော့ ကြားနေရ၏။

"ဟဲလို … ပြောလေကွာ … ချိဦး၊ ဟဲလို … ဟဲလို"

"ခွီး … ခွီး … ခွီး … ခွီး … ခွီး"

"ဟဲ့ … သောက်မျောက် …"

ကျယ်လောင်စွာ အထိန်းအကွပ်မဲ့ ခွီးလိုက်လေသော ကျွန်တော်၏ အမိကဇာတ်ကောင် မျောက်ကလေးမောင်ညိုကြောင့် ကျွန်တော် လန့်ဖျပ်ကာ ရေရွတ်မိပေ့။ သည်ကောင် အကြောင်းမဲ့တော့ ဖုန်းခေါ်မည်မဟုတ်။

"မောင်ညို … ဖုန်းတောင် ဆက်တတ်နေပါလားကွ၊ ပြော … ဘာဖြစ်လို့လဲ"

ယောင်ယမ်းကာ လူလိုမေးမိသော ကျွန်တော့်အား-

"ခွီး … ခွီး … ခွီး … ခွီး … ခွီး"

မျောက်ကလေးမောင်ညိုက အထက်ပါအတိုင်း မျောက်လို ပြန်ဖြေလေတော့ကာ နားမလည်သော်လည်း အမြော်အမြင်ဆင်ခြင်တုံတရား ကြီးမားဘိလေစွသော ကျွန်တော် ဤသို့ စဉ်းစားမိကာ-

"ဘာလဲကွ မောင်ညို၊ မင်းဆရာ လင်မယား ရန်ဖြစ်နေလို့လား။ ဟုတ်ရင် ခွီးတစ်လုံးပဲဖြေ ကြားလား"

စိတ်မရှည်စွာ ခပ်မာမာပြောသော ကျွန်တော့်အား မောင်

ညိုက -

"ခွိး"

တစ်လုံးသာဖြေတော့ သေချာပြီ၊ ချိုဦးတို့လင်မယား နောင်ဂျိန်ပလေးနေပေါ့။

"အေး ... အေး၊ ငါ ခုလာခဲ့မယ် ကြားလား"

"ခွိး ... ခွိး ... ခွိး ... ခွိး ... ခွိး"

အင်မတန် ပါးနပ်သော မျောက်သားချော မောင်ညို၏ ခွိးငါးခွိးကို အင်မတန် ဉာဏ်ရည်ထက်လေစွသော ဘသားချော ကျွန်တော်က "ဟုတ်ကဲ့ ဆရာကြီး"ဟု ပြန်ဖြေကြားသည်ကို နားလည်သိရှိ၍ သကာလ ချိုဦးအိမ်သို့ ကြွချီရပေတော့သည်။

* * *

ချိုဦးအိမ်သို့ ရောက်တော့ အိမ်ပေါက်ဝတွင် ကျွန်တော့်အား မျှော်နေရှာသည် ထင်ရသော မျောက်ကလေးမောင်ညိုတစ်ကောင် ကျွန်တော့်ကို တွေ့သောအခါ ရွှေငှက်ပျောသီးတွေ့သော မျက်နှာဖြင့် ခုန်ဆွခုန်ဆွလုပ်ကာ ကြိုဆိုလေ၏။ ကျွန်တော် အိမ်ထဲသို့ ဝင်မည်ပြုစဉ် မျောက်ကလေးမောင်ညိုက သူ့လက်ကလေးဖြင့် ကာပြရင်း သူ့နားရွက်သေးသေးလေးရှိရာသို့ သူ့လက်ညှိုးကလေးဖြင့် ထိုးပြလေသည်။ သဘောက အိမ်ထဲသို့ မဝင်သေးဘဲ ချိုဦးတို့လင်မယား စကားပြောဆိုမှုအား နားထောင်ခိုင်းခြင်းဖြစ်လေရာ ကျွန်တော် နားစွင့်ကြည့်တော့ ပထမဦးစွာ ကျယ်

လောင်လေစွသော ချိုဦး၏ အပြစ်တင်ပြောဆိုသံ။

"ကတုံးမရယ် … မင်းနှယ်ကွာ၊ ခေါင်းတင်မက ဦးနှောက်ပါ တုံးထားသလားကွာ။ သွားတုကို ဆေးကြောပြီး ချက်ချင်းပြန်တပ်ပေါ့။ ဘယ့်နှယ့်ကြောင့် ဖင်ရှည်ပြီး ပြတင်းပေါက်ဘောင်ပေါ် တင်ထားရသတုံးဟဲ့"

"ချက်ချင်းတပ်လို့ ရမလားရှင့်။ သွားက တိုက်ရဦးမှာလေ။ ခုလိုဖြစ်ရတာ ရှင့်ကြောင့်သိလား"

"အံမယ် … သေနာမ၊ ဘာကြောင့် ငါ့ကြောင့် ဖြစ်ရမှာလဲ။ နင့်ဟာနင် အသုံးမကျလို့ ဖြစ်တဲ့ဟာကို"

"ဘာလို့ မဆိုင်ရမှာလဲ။ အခါတိုင်း သွားတုကို ဆေးကြောပြီးရင်ထည့်တဲ့ နို့ဆီခွက်ကို ရှင်ဘာလို့ လွှင့်ပစ်ရတာလဲ"

"မျက်စိနောက်လို့ဟာ၊ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ ရှင်မျက်စိနောက်ပြီး လွှင့်ပစ်လိုက်တော့ ကျွန်မ သွားတုထည့်စရာ မရှိဘူးလေ။ အဲတော့ အလွယ်တကူ ပြတင်းပေါက်ဘောင်ပေါ် ခဏလေးတင်ထားတုန်း ကျီးကန်းက သွားဖုံးပန်းရောင်ကို သားတစ်မှတ်ပြီး ဆွဲသွားတာပေါ့ ရှင့်"

"နင်က ကျီးကို မောင်းမထုတ်ပစ်ဘဲ ဘာလုပ်နေလဲ"

"သွားတိုက်နေတာလေ၊ ပါးစပ်ထဲ သွားပွတ်တံကြီး ထည့်တိုက်နေတာ ရုတ်တရက် ဘယ်လိုအော်လို့ ရမလဲရှင့်။ သွားပွတ်တံထုတ်ပြီးအော်တော့ သွားတုက ကျီးကန်းနောက် ပါ

သွားပြီလေ"

ကျွန်တော် သဘောပေါက်သွားပြီဖြစ်၍ ဆက်လက်စကားမများရလေအောင် ဝင်ဟန့်ရလေတော့သည်။

"ကဲ … ကဲ၊ ဟော့ကောင်တွေ တော်ကြတော့ကွာ။ ဘာမဟုတ်တဲ့ သွားတုကိစ္စနဲ့"

"ဟာ … ဆရာကြီးကလည်း ဘယ့်နှယ့် ဘာမဟုတ်တဲ့ ဟာရမှာလဲ။ သုံးသိန်းကျော် ကုန်ထားတာ။ အလုပ်ကောင်းနေရင် ကျွန်တော် မပြောပါဘူး။ ခုက ဆရာကြီး သိတဲ့အတိုင်းပဲ၊ ရေကြောင်နေကြတာလေ"

"အဲဒါဆိုလည်း ဒီအတိုင်း ခဏနေနိုင်းထားကွာ။ အလုပ်ကောင်းမှ လုပ်ပေးလိုက်။ ဘာခက်တာမှတ်လို့"

"ဆရာကြီးက ပြောလိုက်ရင် အလွယ်ပဲ။ သူ့မျက်နှာလည်း ကြည့်ပါဦး ဆရာကြီးရယ်။ နဂိုကမှ ရုပ်မထွက်ရတဲ့အထဲ ရယ်လိုက်ရင် သွားဟောင်းလောင်းနဲ့ဆိုတော့ သရဲတောင်ကြောက်မယ့် ရုပ်လေ။ ဘယ့်နှယ့်လုပ်ရမှန်း မသိတော့ဘူး ဆရာကြီးရယ် … ဟင်း"

ကျွန်တော်ကတော့ သိနေ၏။ မြားဦး ကျွန်တော့်ဘက်သို့ လှည့်တော့မည်ဆိုတာ။ ကျွန်တော်လည်း အလုပ်မကောင်းတော့ကာ ချေးမပေးနိုင်။ ဘယ်သို့ကြံရပါ့။ အင်း … ဟုတ်ပြီ။

"ကဲ … ဟော့ကောင်၊ ဒီလိုလုပ်။ အခုခေတ်က ရောဂါပိုးမွှား ထူပြောတဲ့ခေတ်ဆိုတော့ ခေတ်မီသူတိုင်း Mask တပ်ကြ

တယ်ကွ။ အဲတော့ကွာ ကတုံးမလည်း သွားတုမလုပ်နိုင်သေးသရွေ့ ခေတ်မီမီ Mask တပ်ပြီးနေကွာ။ ဟုတ်ပလား၊ သွား … နီးရာဆေးဆိုင်မှာ များများသွားဝယ်ပေးထားလိုက်"

ဤသို့ ပြောင်မြောက်လှသော အကြံပေးမှုအား ကတုံးမက ယောင်အအပုံ၊ မကျေလည်ပုံနှင့် မျက်လုံးပြူးကာ ကြည့်နေသော်ငြား တပည့်ကျော် ချိုဦးကတော့-

"ဆရာကြီးရယ် … တော်ပါပေ့ဗျာ။ ဆရာကြီးကို ဆရာတင်လာတာ မမှားဘူးဆိုတဲ့ သက်သေကို ဆရာကြီးပြလိုက်တာပဲ။ ဒါကြောင့်လည်း ဆရာကြီးဟာ ဆရာကြီးဖြစ်နေတာကိုး။ ဆရာကြီးကိုတော့ ပစ်စလတ်ခတ်ကို လေးစားမိပြီဆရာကြီးရယ်"

ချိုဦး၏အပြောကြောင့် ဘဝင်လေဟပ် ကျေနပ်သလိုဖြစ်ခိုက် -

"ဟ … သောက်ပလုတ်တုတ်၊ ဟာ … ဒီမျောက်"

ကျွန်တော် အလန့်တကြား ဖြစ်မိပေ၏။ မောင်ညိုရယ်လေ … ရုတ်တရက် ကျွန်တော့်လည်ပင်းအား ခုန်ဖက်ကာကျွန်တော်၏ ပါးပြင်အား အာဘွားပေးပြီးသကာလ သူ့လျှာလေးဖြင့် လျက်လေသောကြောင့်ပင်။

"ဟယ် … ဒီမျောက်နှယ်၊ သင်းဆရာအကျင့်အတိုင်း ငါ့လာနမ်းရတယ်လို့၊ သွားစမ်းကွာ"

ဟု စိတ်တိုတိုဖြင့် မောင်ညိုနမ်းလျက်သွားသော ပါးပြင်

အား လက်ဖြင့် သုတ်ပစ်ရင်း မောင်ညိုအား ကြိမ်းမောင်းပြောဆိုနေသော ကျွန်တော့်ကိုကြည့်ကာ ချိုဦးတစ်ယောက် ပွဲကျနေလေတော့၏။ ကတုံးမကို လှည့်အကြည့်မှာတော့ ရှေ့သွားသုံးချောင်းစာ ဟောင်းလောင်းဖြစ်အောင် ဖြဲရယ်နေရာမှ သတိဝင်ကာ အရယ်ရပ်၊ ပါးစပ်အတင်းပြန်စေ့နေသော အဘယ်သို့မှ စာဖွဲ့မရနိုင်သော ရယ်စရာမျက်နှာကြီးကို တွေ့မြင်မိသော ကျွန်တော့်ခမျာ အူအတော် နာခဲ့ရလေသော နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်လိုက်ရပေတော့သတည်း။

*သောကြာစာစောင်၊ အမှတ် (၆၀၃)၊ ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# အရက်သမားမျောက် (၅)



## အရက်သမားမျောက် (၅)

အရက်မသောက်တတ်ပါဘဲနှင့် ကျွန်တော်လည်း နေစောင်းလျှင် ခြေညောင်းခံကာ ထိုင်နေကျဆိုင်သို့ မသွားမနေနိုင်ဖြစ်နေသည်ကိုကား သတိထားမိပေ့။ ဘာရယ်မဟုတ် ဗရုတ်ကျ၊ အမြည်းစား၊ ရေသောက်၊ ပေါက်တတ်ကရပြောဆို၊ အိမ်ပြန်။ အထူးသဖြင့် ...မျောက်ကလေး မောင်ညိုအပေါ် သံယောဇဉ်အမျှင် တန်းမိခြင်းကြောင့်လည်း ဖြစ်မည်ထင်ပ။

ထိုနေ့က မျောက်ကလေး မောင်ညိုအား သူ၏ ယာယီသခင် ကျေးရှုးရှင် ချိုဦးက ဆွယ်တာအကျီ လက်ရှည်နှင့် ဘောင်းဘီရှည် ဝမ်းဆက် ဝတ်ဆင်ပေးကာ ခေါ်လာသဖြင့် မြင်တွေ့ရသူအပေါင်း သဘောကျနှစ်ခြိုက်နေကြ၏။ ထိုအထဲ ကျွန်တော်လည်း အပါအဝင်။

"ဟကောင် မောင်ညို၊ ဒီနေ့ တယ်ပြီး သားနားနေပါလားကွ။ အရင်လို ပလိန်းမဟုတ်တော့ဘဲ တောက်ပြောင်ခံ့ညားနေပါကောလားကွ"

ကျွန်ုပ်တော်၏အပြောကို မောင်ညိုတစ်ကောင် သဘောကျဟန်ဖြင့် သွားဖြီးပြကာ သူဝတ်ထားသော အင်္ကျီအား ငုံ့ကြည့်၍ လက်နှစ်ဖက်ဖြင့် ပွတ်သပ်ပြနေ၏။ ချိုဦးက -

"ဒီနေ့ ကျွန်ုပ်တော် ခွင်မိတာနဲ့ ဒီကောင့်အတွက် ဝယ်ပေးလိုက်တာ ဆရာကြီး။ ရာသီက အေးလာပြီ မဟုတ်လား"

ချိုဦးစေတနာကို လေးစားမိပေရင်း သူ့ဇနီး ကတုံးမ အပေါ်ထက် မျောက်ကလေး မောင်ညိုအပေါ် မေတ္တာ၊ စေတနာ ပိုမိုသက်ရောက်သည်ကိုလည်း သတိပြုမိ၏။

"ဆရာကြီး ဘာစားမလဲ။ ကြိုက်တာသာမှာ။ ဒီနေ့ တပည့် အလန်းလွှန် အလွှန်လန်းနေတယ်။ အိမ်ကိုပါ ပါဆယ်ဆွဲသွား ဆရာကြီး"

"ကျေးဇူးပါကွာ။ မင်းကြိုက်ရာမှာ။ မှာတဲ့ဟာ ကပ်စားပြီး ပြန်မယ်။ အိမ်မှာ စားစရာအပြည့်မို့ ပါဆယ် မယူတော့ပါဘူးကွာ။ မင့်အိမ်သူနဲ့ ကလေးတွေအတွက်ပဲ ဝယ်သွားပါ"

ချိုဦးက ဖွတ်ပင် …။

"အိမ်အတွက်လည်း ဝယ်သွား မှာပါ။ ဆရာကြီးလည်း ပါဆယ်တစ်ထုပ်တော့ ဆွဲသွားပါဗျာ။ မငြင်းပါနဲ့။ တပည့် ကျွေးချင်လို့ပါ"

"ဒါဆိုလည်း ခေါက်ဆွဲကြော် တစ်ပွဲလောက်ပဲ ပေးလိုက်ကွာ"

ကျွန်တော် ချိုဦးမှာသမျှအမြည်းအား အနည်းငယ်မျှစားသောက်ပြီး သကာလ ချိုဦးဝယ်ပေးလိုက်သော ခေါက်ဆွဲကြော် ပါဆယ်ထုပ်ဆွဲကာ အိမ်သို့ ပြန်ခဲ့လေတော့ပြီ။

* * *

ကဗျာရေးမရ၊ စာတွေးမရ ခေါင်းခြောက်နေစဉ် ဖုန်းကဝင်လာသေး။ ကြည့်လိုက်တော့ …ချိုဦးကတော် ကတုံးမဖုန်း။ ဘာဖြစ်ပြန် ပြီလဲ။ သူတို့ကတစ်မျောင့်ဟု တွေးမိ၊ တင်းမိရင်း ဖုန်းကိုင်လိုက်ကာ -

"ဟဲ့ …ကတုံးမ၊ တက်ပြန်ပြီလား ပြဿနာ။ နင်တို့ဆင်ခြင်ဖို့ ကောင်းနေပြီနော်။ နင်တို့ကိစ္စရှင်း ပေးဖို့ လူဖြစ်လာပြီး ထမင်းစားနေတယ် မှတ်နေလား"

ကျွန်တော့်စကားမဆုံးလိုက် -

"မဟုတ်ဘူး ဆရာကြီး။ ကျွန်မတို့ ဘာမှမဖြစ်ကြပါဘူး။ ခုဖြစ်တာက ချိုဦး ဆေးရုံရောက်နေလို့"

"ဟေ … ဘယ်လိုဖြစ်လို့လဲ။ ဘယ်ဆေးရုံလဲ"

အံ့သြမိကာ အလောတကြီး မေးမိသော ကျွန်တော့်အမေးကို စက္ကန့်အနည်းငယ်ကြာအထိ တစ်ဖက်မှ ဖြေကြားခြင်းမရှိသဖြင့် -

"ဟဲ့ …ကတုံးမ၊ ကိုယ့် ယောက်ျား ဘယ်ဆေးရုံတက်တယ် ဆိုတာတောင် မသိဘူးလား"

"ဟုတ် …ဆရာကြီး။ ကိုရွှေနေတို့ သွားပို့တာ။ သူ့ကို မေးမှ သိမယ် ဆရာကြီး"

"အေး …ကောင်းတယ်။ ပြီးရော၊ ပြီးရော၊ ငါ ရွှေနေဆီ ဆက်လိုက်မယ်"

တစ်ဖက်မှ တုံ့ပြန်အပြောကို စောင့်မနေတော့ဘဲ ဖုန်းချလိုက်ပြီး ရွှေနေ (ခေါ်) ပွဲစား၊ ဝယ်ရောင်း သာဒွန်းဦး၏ ဖုန်းကို အလောတကြီး ဆက်သွယ်လိုက်၏။ တော်တော်နှင့် ခေါ်မရ။ ဆက်သွယ်မှုပြင်ပလိုက်၊ လိုင်းမအားသေးပါ ပြောလိုက်နှင့် ကြုံဂဒိုးဖြေကြားသံတို့အား တွန်းထိုး၍ အခါခါ ခေါ်ယူမှ မိတော့၏။

"အေး … ရွှေနေ၊ ငမိုက်သား အခြေအနေ ဘယ်လိုလဲ၊ ဘာဖြစ်တာလဲ"

"ဆေးချိတ်ထားတယ် ဆရာကြီး။ ဘာဖြစ်လဲတော့ မသိသေးဘူး။ ကျွန်တော့်ဆီကို ဆရာကြီး ငမိုက်သားက ဖုန်းဆက်လာပြီး အသံဗလုံးဗထွေးနဲ့ ပြောလို့ ကိုမိုးကို ကားရော လူပါ အကူအညီတောင်းပြီး (----)အထူးကု ဆေးခန်းကို ခေါ်လာခဲ့တာ။ ဆရာကြီး လာမလို့လား"

"ဒီလိုဖြစ်နေမှတော့ လာရတော့ မှာပေါ့ကွာ။ ငါ့လခွမ်း …တစ်မျိုး ပြီးတစ်မျိုး သူချည်းဖြစ်နေတယ်"

"ဟား ... ဟား ... ဟား"

ရှေ့နေရယ်သံ တစ်ဝက်တစ်ပျက်တွင် ဖုန်းချလိုက်ပြီး ဖြန့်ကျဲ ရှုပ်ပွနေသော စာရွက်များအား ဖြစ်သလို သိမ်းဆည်းကာ အဝတ်အစားလဲ၍ အလောတကြီး ထွက်လာခဲ့၏။

ဆေးရုံရောက်တော့ ငမိုက်သား ချိုဦးအား ဆေးတစ်လုံး ချိတ်သွင်းနေသည်ကို တွေ့ရပြီး ပြုံးဖြီးဖြီးလုပ်နေသော ငတိ မျက်နှာက အခြေအနေကောင်းမွန်ကြောင်း မေးရန်မလို ပြသနေသည်မို့ -

"ဟေ့ကောင် ...ငမိုက်သား၊ မှတ်ပြီလား။ နေ့သောက်၊ ညသောက်နဲ့ သောက်သောက်လဲ သောက်နေတဲ့ကောင်။ ခုထိပြီမို့လားဟင်။ ဟွန်း ... ဟွန်း၊ လေမဖြတ်တာ ကံကောင်း။ ဆေးရုံက ဆင်းတာနဲ့ အဲဒီအရည်တွေ မသောက်နဲ့တော့ ကြားလား"

ကျွန်တော်၏ဩဝါ အဆုံးသတ်တွင် အကျင့်ပါနေသော ငှါလမခွမ်းမီ ငမိုက်သား ချိုဦးက -

"ဆရာကြီး ... တိုးတိုးပြော၊ ဆရာကြီး မှားနေပြီ။ ခုဖြစ်တာက အရက်နဲ့ ဘာမှမပတ်သက်ဘူး ဆရာကြီး။ ပိုတက်စ်ဆီယမ် (Potassium)နည်းပြီး အကြောကပ် အကြောဆွဲတာတဲ့။ အရက်ကြောင့် မဟုတ်ဘူးတဲ့။ ပြီးတော့ ဆရာဝန်ကြီးက အထူး မှတ်ချက်ပေး ပြောသွားသေးတယ် ဆရာကြီးရဲ့။ ဆေးရုံက ဆင်းတာနဲ့ အရက်ကို လုံးဝ မဖြတ်ပါနဲ့တဲ့။ ပိုသောက်ပေးပါတဲ့၊ ဟီးဟီး ..."

ဤသို့ မဟုတ်က ဟုတ်က မျက်နှာပြောင်နှင့် အပေါ်စီးက ပြောဆိုလိုက်သော ငမိုက်သား ချီဦး၏ အပြောအား ဘာပြန်ပြောရမှန်းမသိ "ဟေ"တစ်လုံးဖြင့်သာ ကျွန်တော် ရင်ဖိနေမိပေတော့တကား။

*သောကြာစာစောင်၊ အမှတ် (၆၀၄)၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်။*

☺ ☺ ☺

# အရက်သမားမျောက် (၆)



# အရက်သမားမျောက် (၆)

တပည့်ကျော် ချိုဦး မြှောက်ပေး ၍ အရည်ကျိုကားတစ်စီး ဝယ်ယူစဉ်ကာလက ဖြစ်ပေ၏။ ကားလေးက အရည်ကျိုကား ပေမယ့် အတော်ကောင်းနေသေးသည် ဆိုရပေမည်။ အက္ခရာက (၇က/----) Super Saloon ကား ဖြစ်သည်။ ကျွန်တော် ဝယ်ယူသောနေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ချိုဦး၏ ကားပါ အရောင်းထွက်သွားသဖြင့် ထိုနေ့အဖို့ ချိုဦး အလန်းလွန် အလွန် လန်းသောနေ့ဟု ဆိုရချေမည် ဖြစ်သည်။

ကျွန်တော် ဝယ်ယူလိုက်သော ကား၏ ပိုင်ရှင်က ပွဲခ တစ်သိန်း ထုတ်ပေးပြီး သူ၏ကား ရောင်းလိုက်၍ရသော အမြတ် ငွေက တစ်ဆယ့်နှစ်သိန်းနီးပါး ဆိုတော့ကာ ချိုဦး သုံးချင်တိုင်း သုံးပေတော့မည်…။ သူ၏အချစ်တော် မျောက်ကလေး မောင်ညို ကား အတော်အူမြူးနေပုံရ၏။ သူ့ဆရာမျက်နှာကို တကြည့်ကြည့် လုပ်ကာ မကြာခဏ မျောက်ဖြဲး ဖြဲး၍နေလေ၏။ ချိုဦးကလည်း

တပည့်ကျော် မောင်ညိုအား ခေါင်း ကလေးပုတ်ကာ ပုတ်ကာ ဖြင့်-

"အကျိုးပေးတဲ့ ငါ့သားလေး၊ မင်းကို နက်ဖြန် နာရီဝယ်ပေး မယ်ကွ၊ သိလား"

မျောက်သားချော မောင်ညိုကလည်း နားလည်ဟန်ဖြင့် သွားဖြဲ ပြုံးပြနေသည်ကား မြင်တွေ့သူတိုင်း သဘောကျဖွယ် ဖြစ်နေ၏။ ချိုဦးပြောတာလည်း ဟုတ်သယောင်ယောင် ရှိလေ၏။ မျောက်ကလေး မောင်ညို ရောက်သည့်နေ့မှစ၍ အနိုင်နဲ့သား အတော်အလုပ်ဖြစ်သည်ကား အထင်အရှား။ သို့ကြောင့်လည်း ချိုဦးတစ်ယောက် မောင်ညိုအား သည်းသည်းလှုပ်ဖြစ်သည်ကို အပြစ်မဆိုသာ။

"ကဲ …ချိုဦးရေ၊ မင်းပိုက်ဆံ အိမ်ပြန်ထားမှာ မဟုတ်လား။ ငါ လိုက်ပို့ပေးမယ်"

"ဟုတ် …ဆရာကြီး၊ ဟော့ကောင် သိန်းတိုး၊ စားချင်တာ မှာထား။ ငါပြန်လာမယ် ကြားလား"

"တကယ်လား ဖိုးကြီး"

"ဟော့ကောင် …ချိုဦးကွ။ ပြောပြီး မပြင်ဘူး။ ကုန်ချင် သလောက်ကုန် …ရင်မခုန်တဲ့ကောင်ကွ"

ချိုဦး ဆောင့်ကြွားကြွားဟန်ဖြင့် ကားပေါ်တက်ရင်း ပြော လိုက်ရာ သိန်းတိုးက -

"ဆရာကြီး ကြားတယ်နော် ဒီကောင်ပြောတာ။ ကျုန်တော်

ကြိုက်သလို မှာမှာ။ ဆရာကြီးရော ဘာစားမလဲ"

"မင်းတို့မှာတာ စားမယ်ကွာ။ ကြိုက်တာမှာထားကြ"

ဟု ပြောရင်း ချိုဦးအိမ်ရှိရာသို့ ကားကို မောင်းထွက်လာခဲ့၏။

* * *

ကျွန်တော်၊ ချိုဦးနှင့် မျောက်ကလေး မောင်ညိုတို့ စားသောက်ဆိုင်ရောက်တော့ သိန်းတိုးကား ဟင်းပွဲငါးမျိုးခန့် မှာယူထားပြီး ရွှေနေ သာဒွန်းဦးနှင့် ရွှေအိုးဖိုးဇော်တို့ပါ အသင့်ရောက်ရှိကြပြီ ဖြစ်၏။

"ဟကောင်…သိန်းတိုး၊ များလှချည်လားကွ"

"ဟုတ်တယ် ဆရာကြီး။ စားပွဲ မဆံ့တော့လို့ ရပ်ထားတာ၊ ထပ်မှာချင်သေးတာ"

ခုံလွတ်တွင် ဝင်ထိုင်ရင်း မေးလိုက်သော ကျွန်တော့်ကို ပြုံးကြည့်ကာ ဖြေကြားလိုက်သော သိန်းတိုးအား ချိုဦးက -

"ဟေ့ကောင် … ထပ်မှာ၊ ရင်မခုန်ဘူး၊ ချိုဦးကွ။ မင်းလိုကောင် မဟုတ်ဘူး"

"တကယ်လား ဗိုးကြီး"

"တော်ကြပါတော့ကွာ။ စားကြသောက်ကြတော့။ ငါလည်း သိပ်အချိန်မရဘူး။ တစ်အောင့်နေ ပြန်တော့မှာ"

ကျွန်တော် ထိုသို့ပြောလိုက်မှ ပုလင်းဆွဲသူဆွဲ၊ ခွက်ကိုင်သူကိုင်နှင့် ရွှေနေသာဒွန်းဦးကတော့ ဟင်းပွဲတိုင်းမှ ဟင်းများကို

ပန်းကန်တွင်း စုံအောင်ထည့်ပြီး ကျွန်တော့်ရှေ့ ချပေးကာ -

"စား ... ဆရာကြီး"

"အေး ... ကျေးဇူးပဲ ရှေ့နေ၊ အားလုံးထဲမှာ မင်းအကောင်းဆုံးပဲကွာ"

ဟု ပြောလိုက်ရာ ချိုဦးက -

"ဆရာကြီးနော် ... ကျေးတဲ့ တပည့်ကျတော့ မပြောဘူး"

"မင်းကတော့ ပြောစရာမလိုအောင် အကောင်းဆုံးကောင်မို့ပါကွာ"

ကျွန်တော့်အပြောကို ချိုဦး သဘောကျစွာရယ်ရင်း သူ၏ တပည့်ကျော် မောင်ညိုအား အရက်စပ်ပေးနေ၏။ ကျွန်တော်လည်း ရှေ့နေသာဒွန်းဦး စေတနာပိုစွာ ထည့်ပေးထားသော ဟင်းစုံကို မနည်းကုန်အောင် စားသောက်ပြီးသကာလ -

"ကဲ ... အားလုံးပဲ ငါပြန်တော့ မယ်ဟေ့။ ဗိုက်တင်းသွားပြီ"

နှုတ်ဆက်ကာ ပြန်မည်ပြုစဉ် ချိုဦးက -

"ဆရာကြီး ... တပည့် ခြေထောက်မရှိတော့လို့။ ဆရာကြီး ဒီနေ့ဝယ်လိုက်တဲ့ အရည်ကျို တပည့်ကို ပေးထားပါလား"

"ဟေ ... အေး၊ ယူထားလိုက်လေ။ သောက်ရမ်းတော့ မောင်းမနေနဲ့နော်"

"ဟာ ... ဆရာကြီးကလည်း အရည်ကျိုကို ဥစ္စာခြောက်နေပြန်ပြီ"

"ဟကောင် … ငမိုက်သား၊ ဥစ္စာခြောက်တာ မဟုတ်ဘူးကွ။ မင်းဒုက္ခရောက်မှာစိုးလို့ သတိပေးတာ"

"စိတ်ချပါ ဆရာကြီးရယ်၊ ချိုဦးပါ"

"ပြီးရော … ပြီးရော၊ ရော့ … ကားသော့"

အရည်ဝင် ရှည်ချင်နေသော ချိုဦးနှင့် တုပြိုင်မပြောလိုတော့သဖြင့် ကားသော့ပေးကာ ထွက်လာခဲ့တော့၏။ အိမ်ရောက်တော့ ထမင်းမစားနိုင်တော့သဖြင့် စာအုပ်တစ်အုပ်ဖတ်ရင်း အချိန်အတော်များများကို ကုန်လွန်စေခဲ့ရာ တယ်လီဖုန်းခေါ်သံ ကြားမှ နာရီလှမ်းကြည့်မိတော့၏။ ည ၁၀:၃၀ နာရီ။ ဖုန်းကိုယူကာ ခေါ်ဆိုသူအမည် ကြည့်လိုက်တော့ ချိုဦး။ ဟိုက် …သောက်ကျိုးနည်း ကားဘာဖြစ်ပြန်ပြီလဲဟူသောအတွေးဖြင့် ဖုန်းကို အလျင်စလို ကိုင်လိုက်ရာ -

"ဆ … ရာ … ကြီး"

ချိုဦး လျှာလေး အာလေးဖြင့် 'တ'သံကြီး ကြားလိုက်ရသဖြင့် ထိတ်လန့်မိကာ -

"ပြော …ချိုဦး၊ မင်း ဘာဖြစ် နေလို့လဲ။ ပြဿနာတက်နေလို့လား"

"ဟုတ်တယ် ဆရာကြီး … အော့ …ဆိုင်ရှေ့မှာရပ်ထားတဲ့ ဆရာကြီးကား …အော့ …"

လျှာလေး အာလေးအပြင် တအော့အော့ လုပ်နေသော ငမိုက်သား ငမူး၏ တံ့ဆိုင်းလုံးထွေး ရှည်လျားလှသော စကားကို

စိတ်ရှည်စွာ စောင့်ဆိုင်းနားထောင်ရန်အလို့ငှာ အင်အားမရှိတော့သဖြင့် သူ၏ စကားမဆုံးခင် -

"ဘာလဲ … အတိုက်ခံလိုက် ရပြီလား"

"မဟုတ်ဘူး … အေ့ … မရှိတော့ဘူး … အေ့"

"မရှိရအောင် ဘယ်ရောက်သွားလို့လဲ"

"မသိဘူး …အေ့ …တပည့်ပြန်ပြီ …အေ့ …မောင်ညို ရော တပည့်ရော …အေ့ …အရမ်းမူးနေပြီ …အေ့ ..အိပ်မှဖြစ်တော့မယ် … အေ့"

ကောင်းရော။ တအေ့အေ့လုပ်နေသော အရက်သမား ငမိုက်သားနှင့် ဆက်ပြောလိုစိတ် မရှိတော့သဖြင့် ဖုန်းချလိုက်ပြီး ကားအရည်ကျိုအပ်ပေးသော ဘိုးတော် (ခေါ်) ကိုစိုးလွင်ထံသို့ ဖုန်းခေါ်ကာ သူနှင့် ချိန်းဆို၍ စားသောက်ဆိုင်ရှေ့တွင် ရပ်ထားသောကားရှိရာသို့ ထွက်လာခဲ့ရလေတော့၏။ ဟုတ်ပေ၏။ ညနေက ကျွန်တော်ရပ်ထားသော နေရာတွင် ကားမရှိတော့။ ဘိုးတော် ကိုစိုးလွင်လည်း ရောက်နှင့်နေသဖြင့် -

"ဘိုးတော်ရေ …ဘယ်လိုလုပ်မလဲဗျာ"

ဟု ညည်းတွားရေရွတ် ပြောမိရာ ဘိုးတော်က -

"စိတ်မပူပါနဲ့ ဆရာကြီး။ ကိုချိုဦးနဲ့ သောက်ပြီး ကျန်နေခဲ့တဲ့သူတွေကို ဖုန်းဆက်မေးကြည့်ပါဦး"

ဟုတ်ပါရဲ့။ စိတ်ပူနေ၍ သတိလက်လွတ်ဖြစ်မိပါရောလား။ အနီးငမိုက်သားနှင့် အတူသောက်ကျန်ခဲ့သောသူများအထဲမှ ရှေ့နေ

သာဒွန်းဦးအား ဖုန်းခေါ်လိုက်၏။

"ဟဲလို …ဆရာကြီး၊ ပြောပါ"

"ရွှေနေရေ …မင်းကောင်တော့ ဒုက္ခပေးပြီကွာ။ ကား ပျောက်သွားပြီတဲ့"

"မဖြစ်နိုင်ဘူး ဆရာကြီး။ ဒီကောင် မူးမူးနဲ့ လျှောက်ပြော နေတာ ဖြစ်မယ်။ သေချာမေးပါဦး။ နေပါဦး ဆရာကြီး၊ ဆရာ ကြီးပြန်ပြီး တစ်နာရီလောက်ကြာတော့ လူတစ်ယောက် ကား မလွတ်လို့ဆိုပြီး လာရွှေ့ခိုင်းလို့ သူသွားရွှေ့ပေးတယ်။ မူးမူးနဲ့ သွားရွှေ့ပေးတာကို မေ့သွားပြီး ကား ပျောက်တယ်ထင်တာနေမှာ ဆရာကြီး။ ကိုထွန်းတို့အိမ်ရှေ့ကို တစ် ချက်သွားကြည့်ကြည့် ပါလား ဆရာကြီး"

"အေး … အေး ..ကျေးဇူးပဲကွာ ရွှေနေ"

"ရပါတယ် ဆရာကြီး။ တွေ့၊ မတွေ့ ဖုန်းပြန်ဆက်ပေးပါ နော်"

"အေးပါကွာ …အေး၊ အေး"

ဖုန်းကိုချပြီး ဘိုးတော်အား -

"ကဲ …ဘိုးတော်ရေ၊ ဒီ ကောင် မူးမူးနဲ့ ကားရွှေ့ပေးသေး တယ်လို့ ရွှေနေပြောတယ်။ ကိုထွန်းအိမ်ရှေ့ တစ်ချက်သွားကြည့် ရအောင်ဗျာ"

ကျွန်တော်တို့နှစ်ယောက်သား ကိုထွန်းအိမ်သို့ လျှောက်လာခဲ့ ကြရာ အမှောင်ကြားမှ ကျွန်တော်၏ အရည်ကျိုကား အဖြူရောင်

လေးအား ပိုးတဝါးတွေ့ရလေတော့မှ ရင်အပူတို့ ငြိမ်းအေးသွားပြီး တပည့်ကျော် ရှေ့နေထံသို့ ဖုန်းဆက်အကြောင်း ကြားကာ ထိုည အဖို့ကား အိပ်၍ပျော်သော ညတစ်ညအဖြစ် မှတ်တမ်းတင်ဖြစ်ပေ တော့လေသတည်း။

*သောကြာစာစောင်၊ အမှတ် (၆၀၅)၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်။*

☺ ☺ ☺

# အရက်သမားမျောက် (၇)



# အရက်သမားမျောက် (၇)

ခုတလော ၁၄/၁၅ လမ်းဆုံ ပွဲစားတန်းတွင် ကားရပ်စရာနေရာ မရှိလောက်အောင်ပင် စည်ကားလှ၏။ ကားရောင်းချင်သူတို့ ဒုန့်ဒေးဟု ဆိုရပေမည် ထင်ပါ၏။ စည်ကားမှုတွင် ဝယ်ရောင်းနှင့် ပွဲစားများသာဖြစ် ပြီး ကားဝယ်သူကား နတ္ထိ။ မနက်လာ၊ ညနေစောင်းပြန်နှင့် နေ့ပေါင်း များစွာအား အာလာပသလ္လာပဖြင့်သာ ကုန်လွန်စေခဲ့ကြပေ၏။ ဘယ်သူ အလုပ်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ တုတ်တုတ်မ တစ်ယောက်ကဖြင့် ရောင်းကောင်းလိုက်တာမှ လက်မလည်ဟု ဆိုရအံ့။ ကော်ဖီသောက်သူ၊ လက်ဖက်ရည်သောက်သူ၊ အအေးသောက်သူ၊ ထမင်းစားသူ အစုံအလင်။ ကြွေးရရန်လည်း တစ်ပုံတစ်ပင်။ ကြွေးမပေးသူက အနန္တ ဆိုလေတော့ကာ အရင်းမပြုတ်စေရေး ဤသို့ ခြိမ်းခြောက်လေတော့၏။

"မုဆိုးမဆီကျတော့ ထမင်း အကြွေးစားပြီး ကြွေးမဆပ်ကြဘူး။ KTV ကျတော့ သွားနိုင်ကြတယ်နော်။ အဲ့လူတွေတွေ့မယ်။ နက်ဖြန် ဘောမှာ ကြွေးစာရင်း ရေးထားမယ် ကြည့်နေ"

ထိုရောအခါမှ ပိုက်ဆံထုတ်ပေးသူပေး၊ နက်ဖြန်ဆက်ဆက်ပေးပါမည်ဟု ကတိပြုသူပြုနှင့်။

တုတ်တုတ်ကိုတော့ ဖြုံကြ၏။ အနိုင်ငနဲမကား အထူအပါး မသိ။ လုပ်မည်ဆိုလျှင် တကယ်လုပ်တတ်လေတော့ကာ သူမ စကား မြေဝယ်မကျ နားထောင်မှ ဖြစ်ပေမည်လေ။ ဤနည်း ဤဟန်ဖြင့် ဤလောကတွင် ရိုးသားစွာ လုပ်ကိုင်လာသည်မှာ ရှစ်နှစ်ခန့်ပင် ရှိပေပြီထင်ရဲ့။ ကျွန်တော်လည်း တစ်နေကုန်နီးပါး ထိုင်အာနေသဖြင့် ထမင်းစားပြန်ရန်ကိုပင် မေ့နေလေရာ -

"ဆရာကြီး …ထမင်းစားမလား၊ ခူးလိုက်မယ်လေ"

တုတ်တုတ်ကမေးမှပင် ထမင်းစားချိန်ရောက်နေမှန်း သတိထားမိကာ -

"အိမ်ပြန်စားမှာ တုတ်တုတ်ရေ။ ငါ အာလူးအဖုတ် ကောင်းနေလို့ မေ့နေတာဟ၊ ပြန်မှ"

"ဒီမှာပဲ စားသွားလိုက်ပါ ဆရာကြီးရယ်။ ကျွန်မ ကျွေးပါ့မယ်"

"ကျေးဇူးပါဟယ် တုတ်တုတ်ရယ်။ အိမ်မှာက ခုချိန်ဆို ထမင်းပွဲပြင်ထားပြီးလောက်ပြီ၊ ပြန်မယ်"

ကျွန်တော် ပြန်ရန်ပြင်စဉ် ချိုဦး တစ်ကောင် ညှိုးမှိုင်သော မျက်နှာထားဖြင့် ရောက်လာပြီး -

"ဆရာကြီးရေ …ဘယ်လိုလုပ်ကြမလဲဗျာ"

ဟု ငိုသံပါကြီးနှင့် ဆိုလေရာ -

"ဘာလဲ၊ ကတုံးမ အိမ်ကဆင်းပြန်ပြီလား"

"မဟုတ်ဘူး …ဆရာကြီး။ မောင်ညို မရှိတော့ဘူး"

"ဟေ …မောင်ညိုက ဘယ် ရောက်သွားလို့လဲ"

ကျွန်တော်၏အမေးကို ချိုဦး ပြန်မဖြေနိုင်ဘဲ ဝမ်းပန်းတနည်း ငိုကြွေးလေတော့၏။ ချိုဦးငိုသံကြောင့် အပေါင်းအသင်းများ ဝိုင်းအုံလာကြလေတော့၏။ ပခုံးပုတ် နှစ်သိမ့်သူ နှစ်သိမ့်၊ ရပ်ကြည့်သူကြည့်နှင့် အတန်ကြာမှ -

"အီးဟီးဟီး …ခုလေးတင် သူ့သခင်ရောက်လာပြီး သူ့ယောက္ခမဆီက လယ်ကွက်တော်တော်များများ အမွေရလိုက်လို့ …အီးဟီး စိုက်ပျိုးရေးလုပ်ငန်း ဖောက်ချလုပ်တော့မှာမို့ တောကို အပြီးပြောင်း မယ်ဆိုပြီး မောင်ညို့ကို ခေါ်သွားပြီ ဆရာကြီးရဲ့ …အီးဟီးဟီးဟီး"

"ဘယ်တတ်နိုင်ပါ့မလဲ ချိုဦးရာ။ သူ့သခင်ခေါ်သွားတာပဲ ထည့်ပေးရမှာပေါ့။ သည်လောက်ဝမ်းနည်းမနေပါနဲ့ကွာ"

"အီးဟီးဟီး … ဆရာကြီး အလွယ်ပြောပြန်ပြီ။ မောင်ညိုက အရက်စွဲနေတာလေ ဆရာကြီးရဲ့။ သူ့သခင်ကို အရက်စွဲနေတဲ့အကြောင်း မပြောကောင်းလို့ မပြောဖြစ်ခဲ့ဘူးဗျ အီးဟီးဟီး … ဗျိုးဗျိုးဗျိုး"

"ဟော့ကောင် ဖိုး၊ နှပ်ညှစ်ပြီး မခါနဲ့နော်။ မင်းဘေးပတ်လည်မှာ ရှိတဲ့လူတွေ စင်ကုန်မယ်။ တုတ်တုတ်ရေ …တစ်သျှူးဘူး ပေးထားပါဟေ့"

အရေးထဲ ဝင်နှောင့်လိုက်သော သိန်းတိုးအား ချိုဦး နီရဲနေသော မျက်လုံးတစ်စုံဖြင့် စူးရှစွာကြည့်ရင်း ညှစ်ထားသော နှပ်တို့အား သူ၏ ပုဆိုးတွင် သုတ်လိုက်ပြီး -

"ဟော့ကောင် ငါ(...)ငတိုး၊ ငါ တကယ်ခံစားနေရ တာနော်။ လာမနှောက်နဲ့။ ပြဿနာတက်သွားမယ်"

"ဟုတ်တယ် မောင်တိုး။ ဒီကောင် တကယ်ခံစားနေ ရတဲ့အချိန်မှာ မင်းမနှောက်သင့်ဘူး။ အထူးအပါး နားလည်ကွ။ ငါလခွမ်းကောင်ရ ..."

ချိုဦး ဒေါသပြေပျောက်စေရန် ကျွန်တော်က မောင်တိုး အား မျက်စိတစ်ဖက်မှိတ်ပြကာ ဟန်ဆောင်မာန်မဲရလေတော့၏။ ထိုရောအခါမှ ချိုဦးက ဤသို့ ဆက်လေတော့သည်။

"ဆရာကြီးရေ ...သူ့သခင် နောက်ပါသွားတဲ့ မောင်ညို ရယ်လေ ကျွန်တော်နဲ့ အပြီးတိုင် ဝေးကွာရမယ်ဆိုတာ မသိရှာ တော့ ကားပေါ်ကနေ ကျွန်တော့်ကို အာဘွားလုပ်ပြသွားသေး တယ်ဗျ ...အီးဟီးဟီး။ ဝမ်းနည်းနေတဲ့ ကျွန်တော်က ပြန်လုပ်မပြ နိုင်တော့ သူက အခေါက်ခေါက်အခါခါ လုပ်ပြရင်း ကျွန်တော် လုပ်ပြမလားရယ်လို့ မျှော်လင့်ပြီး စောင့်ကြည့်နေတဲ့ သူ့မျက်လုံး လေးတစ်စုံက ကျွန်တော့်ရင်ကို ထက်ပိုင်းကွဲစေပေါ့ ဆရာကြီး ရယ် ...ဟီးအီးဟီးဟီး"

သောက်မူးက ကဗျာဆန်နေလေတော့ ကျွန်တော် ဘာ ပြောရမှန်း မသိခင် ထပ်ဆက်ပြန်လေပေါ့။

"ဆရာကြီးက အရက်မသောက်တတ်တဲ့သူဆိုတော့ အရက်သမား ဒုက္ခကို ဘယ်သိပါ့မလဲဗျာ။ နောက် ငါးနာရီ လောက်ကြာရင် အချိန်ကျပြီ။ မောင်ညိုတော့ တော်တော်ခံစားရ မှာဗျ ဆရာကြီးရဲ့။ သူ့သခင်က အရက်စွဲနေမှန်းမသိတော့ ဘာဖြစ် မှန်း သိမှာမဟုတ်ဘူး။ ဒီကောင် သောင်းကျန်းတာကို ထိုင်ကြည့် နေမှာ။ ဘယ်လိုလုပ်မလဲ ဆရာကြီးရယ်။ မောင်ညိုတော့ ဒုက္ခ ကောင်းကောင်းတွေ့တော့မှာဗျ ...အီးဟီး ဟီးဟီး"

"အဲဒီဒုက္ခတွေကို မင်းဖန်တီးခဲ့တာပဲ ငမိုက်သား။ တရားခံ မင်းပဲ။ ခုမှလာပြီး သဲပြမနေနဲ့ မင်းငိုနေတာ ကြည့်ရ ဆိုးတယ်ကွ"

အထက်ပါ စကားစုကတော့ နှုတ်မှ မထွက်ရက်သဖြင့် စိတ်ထဲမှ အားပါးတရ ပြောပစ်လိုက်ခြင်းပင်။ သြော် ...ရုတ် တရက် နှုတ်ဆက်ခွင့် မရလိုက်တာထက် ခွဲခွာခါနီး မောင်ညို၏ မျက်နှာသေးသေးလေးအား မမြင်တွေ့လိုက်ရ၍ စိတ်ကူးဖြင့် ပုံဖော်လွမ်းဆွတ်မိရင်း ရင်တွင်း ရှုးခနဲ။

"လွမ်းတယ် မောင်ညိုရယ်"

ဇာတ်လိုက်ကျော် မရှိတော့ပြီဖြစ်၍ ဤတွင် ဇာတ်သိမ်း ပြီဆိုရအံ့။

*သောကြာစာစောင်၊ အမှတ် (၆၀၆)၊ မတ်လ၊ ၂၀၁၈ ခုနှစ်။*

☺ ☺ ☺

# အရက်မူးလွန်သူ
# အိမ်ထဲအမြန်ဝင်နည်း



## အရက်မူးလွန်သူ အိမ်ထဲအမြန်ဝင်နည်း

သင်္ကြန်ရောက်ပြီ ဆိုလျှင်ဖြင့် နင်းကန်သောက်ပါသည် ဆိုသော ငနဲတို့ကိုတော့ ချိုဦးဆိုသော ငမိုက်သားက သနားတယ် ဆို၏။ ဟုတ်တော့လည်း ဟုတ်လောက်ပေမည်။ မနှစ်က သင်္ကြန် အကြိုနေ့တွင် ချိုဦးသောင်းကျန်းပုံကို ပြန်လည်သတိရမိပေတော့ ၏။

၂၀၁၇ သင်္ကြန်အကြိုနေ့ ဖြစ် လေ၏။ ကျွန်တော်တို့၏ ဈေးကွက်တည်ရာ ၁၄/၁၅ လမ်းဆုံသို့ မနက် ၉ နာရီမထိုးခင် ကျွန်တော်ရောက်တော့ တပည့်ကျော် ချိုဦး ကျွန်တော်၏ ကား တံခါးကိုဖွင့်ကာ ခရီးဦးကြိုပြုလေ၏။ သူ့ပုံက ခပ်ထွေထွေ။

"ဆရာကြီး ...ကြွပါခင်ဗျာ။ တပည့် ဆရာကြီးကို ကြိုဆိုပါ၏ ခင်ဗျား"

လောကွတ်ပြု ကြိုဆိုသံက အထစ်အငေါ့ မရှိလေတော့ အခြေအနေမဆိုးသေးဟု ယူဆရပေမည်။ အနီငနဲသားက ကျွန်တော်၏ တံခါးကို ညင်သာစွာ ပြန်ပိတ်ပေးပြီး -

"ဆရာကြီးကို ကျွန်တော် မနက် ၈ နာရီထဲက မျှော်နေတာ ဆရာကြီးရဲ့။ တပည့်လည်ပင်း တစ်နာရီစာလောက် ရှည်သွားပြီ"

"ဘာကိစ္စ ငါ့ကို မျှော်ရတာလဲကွ"

"ဟဲ ... ဟဲ ...တပည့်တို့အတွက် မသဒ္ဓါရေစာ ငွေအသပြာလေး မတည်ပေးဖို့ပေါ့ ဆရာကြီးရယ်"

"ဟုတ်ပါတယ် ... ဆရာကြီး။ တပည့်တို့ အရက်ရှာလပတ်ရည် ဖျော်သောက်ဖို့ပါခင်ဗျ"

ရှေ့နေကလည်း ကုန်းဆင်း ဖရီးရိုက်လေ၏။

"မင်းတို့ကောင်တွေ ကြပ်ကြပ် မြှောက်ပေး။ ပြီးတော့မှ မထိန်းနိုင် မသိမ်းနိုင် ဖြစ်မယ်နော်"

ပြောပြောဆိုဆိုဖြင့် ငွေတစ်သောင်းထုတ်ပေးလိုက်လေတော့ နှစ်ယောက်သား သုတ်သုတ်ထွက်သွားကြလေတော့သည်။ ကျွန်တော်လည်း ခင်းထားသော ခုံလွတ်တွင် ဝင်ထိုင်ရင်း တုတ်တုတ်အား ကော်ဖီတစ်ခွက်နှင့် မုန့်မှာကာ ကော်ဖီသောက်၊ မုန့်စားရင်း တောင်ငေး၊ မြောက်ငေး ငေးကောင်တုန်း ချိုဦးနှင့် ရှေ့နေသာဒွန်းဦးတို့ အရက်ပုလင်းများနှင့် အချိုရည်ပုလင်း၊ ရေခဲထုတ်များသယ်ကာ ပြန်ရောက်လာကြပြီး တုတ်တုတ်ထံ ဒန်အိုးလွတ်တောင်းကာ လောင်းထည့်၊ ရောစပ်မွှေနှောက်လေကြတော့၏။ ထိုစဉ်မှာတင် ဝါသနာရှင်အပေါင်းတို့ ဝိုင်းအုံလာလေရာ ချိုဦးက–

"ဟော့ကောင် နေကြီး၊ ပိုက်ဆံ မထည့်တဲ့ကောင်တွေ

တစ်စက်တောင် မတိုက်နဲ့နော်"

ရွှေနေအား ဤသို့ အမိန့်ပေးရင်း ကျွန်တော်ရှိရာသို့ လျှောက်လာပြီး -

"ဆရာကြီးအတွက် ကျွဲရိုင်းတစ်ဘူးနဲ့ စနိုးတာဝါ ဝယ်လာတယ် ဆရာကြီး"

ငြင်း၍ရမည်မဟုတ်သဖြင့် ယူထားလိုက်၏။ ချိုဦး လှည့်ထွက်သွားမှ တုတ်တုတ်သောက်ရန် ကျွဲရိုင်းဘူးပေးခဲ့ပြီး ထိုနေရာတွင် နေရန်မသင့်ဟု တွက်ဆကာ ချိုဦးတို့အဖွဲ့အား နှုတ်ဆက်ခြင်းပြုမနေတော့ဘဲ ထွက်လာခဲ့ရပေတော့သည်။

ညနေစောင်းနေအေးချိန် တပည့်တွေ အခြေအနေသိလို၍ လမ်းဆုံသို့ တစ်ခေါက်ထွက်ခဲ့ရပေသည်။ လမ်းဆုံရောက်တော့ ချိုဦးတို့အုပ်စုကို မတွေ့။ ပွဲစား လေးငါးယောက်ခန့်သာ တုတ်တုတ်ဆိုင်တွင် တွေ့ရလေတော့ -

"ဟိုကောင်တွေ ဘယ်ရောက်ကုန်ကြပြီလဲ တုတ်တုတ်"

"ဆရာကြီးတပည့်တွေ ကာရာအိုကေရောက်ကုန်ပြီ။ ဦးရွှေနေနဲ့ စိစိလည်း လိုက်သွားကြတယ်" (စိစိသည် သိန်းတိုးကို တုတ်တုတ်ခေါ်သည့် နာမ)

"အရက်တွေ ကုန်ရောလား"

"သောက်တောင် မသောက်ဘူး ဆရာကြီးရဲ့။ သောက်လိုက်ကြတာများဆိုတာ နောက်ထပ်တောင် ပိုက်ဆံစုပြီး သောက်

ကြသေးတယ်"

"ချိုဦး အခြေအနေကော ကောင်းရဲ့လား"

"ဆရာကြီး တပည့်ကျော်က အဆိုးဆုံး။ လူမှန်းမသိအောင်ကို မူးတော့တာ။ ကျွန်မဆိုင်ရှေ့မှာတောင် မူးပြီး အိပ်ပျော်နေသေး ဆရာကြီးရေ"

"အတော်ဟုတ်တဲ့ ကောင်တွေ။ ငါ့ကို ကော်ဖီတစ်ခွက် လုပ်ကွယ်"

တုတ်တုတ် လာချပေးသော ကော်ဖီသောက်၊ ခေတ္တထိုင်ပြီး အိမ်သို့ ပြန်ခဲ့တော့၏။ သည်တစ်နေ့တာ ငြိမ်းချမ်းစွာ ဖြတ်သန်းနိုင်ပြီထင်အံ့။ အိမ်ရောက်တော့ ရေချိုး၊ ထမင်းစားသောက်ပြီး သည်နှင့် စာရေးရန် တာစူစဉ် ဖုန်းဝင်လာ၏။ ဆက်သူ ရှေ့နေ။

"အေး …ရှေ့နေ၊ တော်တော် ကောင်းနေပြီလား"

"အလွန်ကောင်းနေပြီ ဆရာကြီးရေ။ ကျွန်တော်တော့ မဟုတ်ဘူး။ ဆရာကြီးတပည့် ချိုဦး။ အိမ်ပြန်ခိုင်းတာ မပြန်ဘဲ ရစ်နေလို့ ဆရာကြီးလာမှ ဖြစ်မယ်"

"ကောင်းရောကွာ၊ ငါ့လခွမ်းမှုပဲ။ မင်းတို့မနိုင်ရင် ငါ့ဆီ ဦးလှည့်လှည့်လာတယ်။ ငါ့ကို လူဆိုးထိန်း မှတ်နေကြလားကွာ"

"နောက်မှ ဆူပါ ဆရာကြီးရယ်။ လောလောဆယ် ပြဿနာအိုး ကို အိမ်ပြန်ပို့ဖို့ ဆရာကြီးမှရမှာ။ လုပ်ပါ ဆရာကြီးရယ်"

"ဘယ်နေရာမှာလဲ …ပြော"

"---- ကာရာအိုကေဆိုင်ရှေ့မှာပါ ဆရာကြီး"

ရှေ့နေအား ကျွန်တော်ဆဲတတ်သလောက် အားရပါးရဆဲဆိုပြီး သူတို့ရှိရာသို့ ထွက်လာခဲ့ရပေတော့၏။ ဟိုရောက်တော့ ချိုဦးခေါင်းစိုက်နေပြီ။

"ဟော့ကောင် ချိုဦး၊ ထစမ်း"

"ဟင်…ဝူလဲကွ"

"ငါကွ။ ဟော့ကောင် …မင်း မျက်လုံးဖွင့်ကြည့်စမ်း"

"ကျိုဝူးကွာ"

"ဟာ …ဒီကောင်တော့ ငါ နားရင်းရိုက်မိတော့မယ်။ ဟော့ကောင် ချိုဦး … ငါ အောင်မြင့်ကွ"

ကိုယ်ကသာ ဒေါသဖြစ် ကြိမ်းမောင်းနေမိတာ အနိုင်နဲ့သားက ငုတ်တုတ်ထိုင် ဇက်ကျိုးနေ၏။ ဘာဆိုဘာမှ သိပုံမပေါ်။ ဤတွင် ရှေ့နေသာဒွန်ဦးက -

"ဆရာကြီး ခဏစောင့်ပေးပါ"

ဟု ပြောကာ ကာရာအိုကေဆိုင်တွင်းသို့ ဝင်သွားလေသည်။ ငါးမိနစ်ခန့်ကြာသော် ပြန်ထွက်လာပြီး -

"ဆရာကြီး … ကိုချိုဦးခေါင်းကို စောင်းပြီး ကိုင်ထားပေးပါ"

"ဘာလုပ်မို့လဲကွ"

"နားထဲ သံပရာရည်ညှစ်ထည့်မလို့။ ဒါမှ အမူးပြေမှာ"

"ဟုတ်လား၊ ဒါဆိုလည်း လုပ်ကွာ"

ရှေ့နေပြောသလို ချိုဦးခေါင်းကို စောင်းကိုင်ပေးလိုက်၏။ နားပေါက်ထဲသို့ သံပရာစိတ်များ ညှစ်ထည့် ပြီးသောအခါ ချိုဦး တစ်ယောက် ဂူးဂူးဂါးဂါးနှင့် သူ့နားထဲဝင်နေသော သံပရာရည် တို့ကို ခေါင်းစောင်း၊ လက်ညှိုးထိုးထည့် ခါထုတ်ရင်း ရှေ့နေကို ပျစ်ပျစ်နှစ်နှစ် ဆဲဆိုနေပုံကို ကြည့်ကာ ကျွန်တော်ရယ်မိလေပေ၏။ အတန်ငယ် အမူးပြေပြီဖြစ်သော ချိုဦးအား ချော့လိုက်၊ ခြောက် လိုက်ဖြင့် ကားပေါ် အတင်းတက်ခိုင်းပြီး သူ၏အိမ်သို့ ပို့ပေး လိုက်၏။ သူ့အိမ်ရှေ့ရောက်တော့ ကျွန်တော့်ကားပေါ်မှ မဆင်းဘဲ ပေကပ်ကပ်လုပ်နေရာ ကြိမ်းမောင်းကာ မနည်းဆိုင်းနိုင်းရပြီး ယိုင်ထိုးထိုးဖြစ်နေသော ငမိုက်သားကို ရှေ့နေအား တွဲ၍ပို့စေရာ ချိုဦးက -

"ဟော့ကောင် နေကြီး၊ အေ့ ..လာမတွဲ...အေ့ ...နဲ့။ အေ့..နော်...အေ့ ...သိက္ခာ ..ကျတယ်...သွား..အေ့ ...အေ့"

ချိုဦး၏ တွန်းထုတ်ခြင်းခံရသော ရှေ့နေက ကျွန်တော့် အား "ဘယ်လိုလုပ်မလဲ"ဆိုသော သဘောဖြင့် လှမ်းကြည့်ရာ ကျွန်တော်ကလည်း "လွှတ်ပေးလိုက်"ဆိုသော သဘောဖြင့် ခေါင်းဆတ်ပြလိုက်လေ၏။ သို့ဖြင့် ချိုဦး သူ့အိမ်ထဲသို့ဝင်ပုံကို နှစ်ယောက်သား ရပ်ကြည့်နေလိုက်၏။

အိမ်ထဲသို့ဝင်ဖို့ တာစူနေသော ချိုဦး၏ ခြေလှမ်းတို့ သည်ကား ရှေ့သို့လှမ်းရန် ပြင်လိုက်သည်နှင့် နောက်သို့ နှစ်လှမ်း၊ သုံးလှမ်းစာခန့် ယိုင်ရွေ့လာသည်မှာ အခါခါမို့ -

"ရှေ့နေ …ဒီငမိုက်သားကို ဒီအတိုင်းထားရင် မိုးလင်းရင် ပဲခူး လောက်ကို နောက်ပြန်ရောက်သွားနိုင်တယ်ကွ"

"ဟုတ်ပ ဆရာကြီးရယ် … ဟားဟားဟား"

ကျွန်တော်လည်း လိုက်ရယ်မိရင်းက -

"ဒီကောင့်ကို အိမ်ထဲရောက်အောင် လုပ်ရမယ်"

"ဆရာကြီး ဘယ်လိုလုပ်မှာလဲ၊ ထမ်းပို့မလို့လား"

"ကြည့်နေ"

ကျွန်တော် ချိုဦး၏ ပခုံးနှစ်ဖက်အား ကိုင်ကာ ကျွန်တော့်ဘက်သို့ လှည့်လိုက်၏။ သူ့အိမ်ကို ကျောပေးလျက်သား အနေအထားတွင် -

"ဟေ့ကောင် …ချိုဦး၊ ငါ့ဆီလာခဲ့"

ဟု ကျွန်တော်က ခေါ်လိုက်ရာ ငမိုက်သားချိုဦး ကျွန်တော့်အား ရီဝေစွာကြည့်ရင်း ခြေလှမ်းရှန်ပြင် လိုက်သည်နှင့် နောက်သို့ နှစ်လှမ်းစာ၊ သုံးလှမ်းစာလောက် ရွေ့ရွေ့ သွားလေရာ သိပ်မခေါ်လိုက်ရဘဲ သူ့အိမ်ထဲသို့ နောက်ပြန်ရောက်ရှိသွားလေသော် အသင့်စောင့်နေလေသော ချိုဦးကတော် ခေါင်းတုံးမက အိမ်တံခါးကို အပိတ်တွင် ဤဇာတ်လမ်းကား နိဋ္ဌိတံလေပေ့။ ရှေ့နေက ကျွန်တော့်အား အထင်ကြီးစွာ ကြည့်ရင်းက -

"သြော် …ဒါ့ကြောင့် ဆရာကြီးဖြစ်နေတာကိုး …"

*သောကြာစာစောင်၊ အမှတ် (၆၀၇)၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်။*

# မှားထိုက်ပေပေါ်တကား



## မှားထိုက်ပေ၏တကား

ညနေခင်း ဆုံရပ်တွင် တစ်နေ့တာ၏ လက်ကျန်အချိန်အားလုံးကို ပုံအပ်ကြလေသော ငမိုက်သားတစ်စုကား ဆိုင်အတွင်း အဖွေးသား။ အလုပ်မကောင်းသော်ငြား အသောက်ကောင်းနေကြခြင်းသည် စိတ်ညစ်မှု အထိမ်းအမှတ်ဟု သတ်မှတ်ရမည်လားမဆိုတတ်။ မသောက်သော်လည်း စားတတ်သောကျွန်တော်လည်း မညသူမျှမခေါ်ဘဲနှင့် ဆိုင်သို့ ရောက်လာခဲ့၏။ ကြိုတင်ရောက်ရှိ သောက်စားနေသော မောင်တိုးတို့ဝိုင်းရှိ ခုံလွတ်တွင် ဝင်ထိုင်လိုက်ရာ မောင်တိုးက -

"ဟာ...ဆရာကြီး၊ ထိုင်။ ဝက်သားတုတ်ထိုးဝယ်လာတယ်၊ စား...ဆရာကြီး"

ပန်းကန်တွင်းမှ ဝက်သားတုတ်ထိုးတစ်ချောင်းယူကာ ငရုတ်ဆီတို့မည်အပြု မောင်တိုးက -

"ဟိုး … ဆရာကြီး၊ ငရုတ်ဆီနဲ့ တို့မစားနဲ့လေ။ တော်ကြာ ဆရာကြီးပြောသလို ကိုင်းကိုင်နေဦးမယ်နော်"

ဟုတ်ပါရဲ့။ မောင်တိုးသတိပေးပေလို့။ သတိလက်လွတ် ငရုတ်ဆီနှင့် တို့အံ့ဆဲဆဲ လက်ကို ပြန်ရုပ်လိုက်ရပေ၏။ နို့မို့က တော့ ပြောနေကျအတိုင်း ကိုင်းကိုင်(ဝမ်းပျက်ခြင်း)မည်မှာ ဧကန်။ ဝက်သားတုတ်ထိုး တစ်ခုဝါးရင်း -

"ဟိုကောင် ချိုဦး မတွေ့ပါလားကွ"

"ဆရာကြီးတပည့် အလုပ်တွေကြိုးစားနေတယ်။ နေ့ခင်း ထဲက ထွက်သွားတာ ပြန်မလာသေးဘူး"

"ဟုတ်လား၊ အဲလောက်ကြာရင် အလုပ်ဖြစ်နေပြီ ထင်တယ်ကွ။ ရပါစေကွာ၊ ငါ့တပည့်ကြီး"

စကားပြောကောင်းနေစဉ် ဖုန်းဝင်လာ၏။ ခေါ်ဆိုသူ ခေါင်းတုံးမ ဖြစ်နေသဖြင့် -

"မောင်တိုးရေ…ချိုဦးလေဒီ ခေါင်းတုံးမဟ။ ဘာဖြစ် ပြန်လဲ မသိဘူး"

"ဟုတ်လား၊ ကိုင်လိုက်လေ ဆရာကြီး"

ဖုန်းကို ကိုင်လိုက်၏။

"အေး … ပြော၊ ခေါင်းတုံးမ"

"ဆရာကြီးတပည့်လုပ်ပုံ … ကောင်းသေးရဲ့လား … ဟီးဟီး … ရွှတ် …ဆရာကြီးရဲ့"

"ဟေ…အဲကောင် ဘာတွေလုပ်နေလို့လဲဟ၊ ပြောပါဦး"

"ဘာလုပ်ရမှာလဲ ဆရာကြီးရဲ့။ ဟီးဟီး …နွေခင်း ၁ နာရီလောက်ကတည်းက ကေတီဗွီရှေ့မှာ …အီးဟီးဟီး … ရွတ် …ကားရပ်ထားတာ။ အီးဟီးဟီး …ဗျီးဗျီး (နှပ်ညှစ်သံ) ခုထိ ရပ်ထားတုန်း ဆရာကြီးရဲ့။ အီးဟီးဟီး …မိန်းမလုပ်သူကို တော့ ဈေးဖိုးပေးရင် ကပ်စေးနှဲကျတာ။ သူ့ကျတော့ သုံးဖြုန်း နေနိုင်တယ် … အီးဟီးဟီး …ကျွန်မဘာဝ ဆိုးပါတယ် ဆရာ ကြီးရယ် …အီးဟီးဟီး…ဗျီး…ဗျီး"

"ဟုတ်ရဲ့လားဟယ်။ ဒီကောင် အလုပ်သွားလုပ်နေတာ ပါဟ"

"ဆရာကြီးတို့ အဲဒီလို ဘက်လိုက်ကာကွယ်နေလို့ သူ ပိုပျက်စီးနေတာနေမှာ …ဟီးဟီး..ဟီး"

"ဟဲ့ …ခေါင်းတုံးမ၊ ဘာမဆိုင် ညာမဆိုင် ငါ့ကို လာဆွဲမထည့်နဲ့။ နင့်ယောက်ျားက ငါနဲ့ မသိခင်ကတည်းက သောက်စား အလေလိုက်နေတဲ့ အကောင်။ ငါက စေတနာနဲ့ လိုက်ထိန်း ကျောင်းပေးနေတာ။ ငါ့ကိုလာ ပုဒ်မ မတပ်နဲ့။ ဟွန်း…ဟွန်း"

"တောင်းပန်ပါတယ် ဆရာကြီးရယ်။ ကျွန်မ စိတ်ညစ် ပြီးတော့ ပြောမိပြောရာ ပြောမိတာပါနော်။ စိတ်မဆိုးပါနဲ့နော်"

ခေါင်းတုံးမက ညှိုးငယ်တိုးလျှိုး တောင်းပန်တော့လည်း

"အေး …ရပါတယ်ဟာ။ နင် အခု ဘယ်ကနေ ဆက် နေတာလဲ"

"ကေတီဗွီရှေ့ ကိုချိုဦး ကားရပ်ထားတဲ့နေရာမှာ ဆရာကြီး။ နေ့ခင်းကတည်း စောင့်နေတာ။ သေနာကြီး၊ ခုထိ ထွက်မလာသေးဘူး။ တော်တော်ပျော်နေတယ်။ အီးဟီး ...ဟီးဟီး"

"အေး ... အေး၊ ငါလာခဲ့မယ်၊ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဖုန်းပိတ်လိုက်ပြီး -

"ကဲ ...မောင်တိုးရေ၊ ဟို ... ငမိုက်သား နေ့ခင်းကတည်းက ပျောက်နေတာ အလုပ်သွားလုပ်တာ မဟုတ်ဘူးဟေ့။ အရှုပ်သွား ထုပ်နေတာကွ။ ကေတီဗွီရှေ့မှာ ကားရပ်ထားတယ်တဲ့။ ခေါင်း တုံးမ အဲဒီကနေ ဖုန်းဆက်လာတာ။ ဒီတစ်ခါတော့ ပြဿနာ ကြီးပြီထင်တယ်ကွာ။ ငါသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာကြီး၊ လိုအပ်ရင် ဟဲလိုလိုက်ပါ။ တပည့်လိုက်လာခဲ့မယ်"

"အေး ...အေး၊ သွားပြီကွာ"

* * *

ကေတီဗွီရှေ့ရောက်တော့ ခေါင်းတုံးမအား မျက်ရည်များ လိမ်းခြယ်၍ နှာတရှုပ်ရှုပ်နှင့် တွေ့ရတော့ စိတ်ထဲ အတော် မကောင်းဖြစ်မိ၏။

"ဟဲ့ ...ခေါင်းတုံးမ၊ ဘယ်မှာလဲ ဟိုကောင့်ကား"

"ဒီမှာလေ ဆရာကြီး"

ခေါင်းတုံးမက စက်မှုဖုန်ထုတ် လိုက်ထရပ်ကားကို ပြလေရာ ကျွန်တော် ကား၏နံပါတ်အား သွားကြည့်လိုက်တော့ သေချာသမှ တစ်နှင့် တစ်ပေါင်း အဖြေ နှစ်က လွဲချင် လွဲဦးမည်။ ဤကားနံပါတ်ကား ချိုဦးကား ဧကန်တည်း။ ကျွန်တော် တောက်တစ်ချက် ကျယ်လောင်စွာ ခေါက်မိရင်း ပယ်ပယ်နယ်နယ် ဆဲမိတော့သည်။

"အဲဒီကောင်ကို ဖုန်းဆက်စမ်း ခေါင်းတုံးမ"

"မဆက်ချင်ပါဘူး ဆရာကြီးရယ်။ ဆရာကြီးပဲ ဆက်လိုက်ပါ"

ဟုတ်ပါတယ်လေ။ ခမျာ စိတ်နာဝမ်းနည်းနေလေတော့ ကာ ဘယ်ဆက်ချင်ပါ့မလဲလေ။ ဒီတော့ ကျွန်တော်ပဲ ဖုန်းဆက်လိုက်ရတော့၏။ ဖုန်းခေါ်သံ သုံးချက်မြောက်လောက်တွင် -

"ဟုတ်ကဲ့ ဆရာကြီး၊ ပြောပါ ခင်ဗျာ"

"မင်း ဘယ်မှာလဲကွ"

"တပည့် ကျောက်ကုန်းကနေ လမ်းဆုံကို ပြန်လာနေပြီ ဆရာကြီး။ ကုလားဘုရားနား ရောက်နေပြီ"

"ဟေ့ကောင် …ခြောင်လိမ်ခြောင်စား ကလိမ်ကကျစ်၊ လေး ကျပ်နှစ်ဆယ်ကောင်၊ ငါ့လာပတ်မနေနဲ့"

"ဟာ …ဆရာကြီး၊ ပေါ်တင်ကြီး တပည့်ကို မီးခွက်လာထွန်းနေပါလား။ တပည့်ဘာလုပ်လို့လဲ"

"--- ကောင်၊ အရှုးကွက် နင်းမနေနဲ့။ ခုချက်ချင်း

ဆင်းခဲ့စမ်း"

"တပည့် ကားပေါ်မှာ ကားမောင်းနေတာလေ ဆရာကြီးရဲ့။ ဘယ်လိုဆင်းလို့ ဖြစ်မှာလဲ"

"ဟေ့ကောင် …ငါ့ကို ဒေါသထွက်အောင် လုပ်မနေနဲ့။ မင်း ဆင်းလာမလား၊ မလာဘူးလား တစ်ခွန်းပဲပြော"

"ဒုက္ခပါပဲ ဆရာကြီးရာ။ မြွေလာဖမ်းနေပြန်ပြီ။ တပည့် လမ်းဆုံနားနီးနေပြီ။ ဆရာကြီးက ဘယ်မှာလဲပြော၊ တပည့်လာခဲ့မယ်"

"အေး …ခုလာခဲ့။ ငါ ကေတီဗွီရှေ့မှာ ရောက်နေတယ်"

စိတ်တိုတိုဖြင့် ဖုန်းပိတ်လိုက်ပြီး ကေတီဗွီဝင်ပေါက်အဝတွင် ရပ်နေလိုက်၏။ သို့မှသာ ဗြောင်လိမ် အကြောင်းရိုက်နေသော ငမိုက်သား ချိုဦး ဆင်းလာလျှင် နားရင်းပိတ်ရိုက်နိုင်ပေမည် မဟုတ်လား။ နှစ် မိနစ်ခန့်ကြာသည်အထိ ဆင်းမလာသေး။ ငါးမိနစ်ကြာမှ ဆင်းမလာလျှင်တော့ ကျွန်တော် တက်သွားကာ ပွဲကြမ်းမည်ဟု ဆုံးဖြတ်ချက်ချစဉ် -

"တီ ..တီ …တီ၊ ဆရာကြီး တပည့်ရောက်ပြီလေ"

ကားဟွန်းသံနှင့်အတူ ချိုဦး၏အသံက ကျွန်တော့်နောက်ကျောဘက်မှ ကြားလိုက်ရ၍ လှည့်ကြည့်လိုက်ရာ အနီရောင်နဲ့သားက ကားပေါ်တွင် အငြိမ့်သား။ ကျွန်တော် ချိုဦး မောင်းလာသော ကားနံပါတ်အား သွားကြည့်တော့ ကေတီဗွီရှေ့တွင် ရပ်ထား

သော ကားနံပါတ်နှင့် အက္ခရာမှလွဲ၍ အားလုံး အလွဲမဲ့။ ခေါင်းတုံးမကို လှမ်းကြည့်လိုက်တော့ သူ၏လင်တော်မောင် ကားနှင့် နံပါတ်တူ အက္ခရာလွဲ ကားနောက်တွင် ပုန်းလျှိုးကာ ကျွန်တော့်အား လက်ကာပြလေ၏။ သဘောကတော့ ပြဿနာအစ သူမက ဆိုသည်ကို ထိမ်ချန်ပေးပါဆိုသည့် သဘော။ ရှိစေတော့လေ။ ဆရာကောင်း ပီသစွာဖြင့် တပည့်တို့အိမ်ထောင်ရေး အဖုအထစ် မဖြစ်စေရန် ကျွန်တော်ပဲ ခေါင်းခံရလေအံ့။

"ဟော့ကောင် …မင်းတကယ် ကျောက်ကုန်းဘက်က လာတာကိုးကွ။ ငါက ကေတီဗွီရှေ့ရပ်ထားတဲ့ ကားနဲ့ မှားပြီး မင်းကမြင်းနေတယ် မှတ်တာကွ။ ဆောရီးကွာ၊ ကားနံပါတ်က တူနေတော့ မှားထိုက်တဲ့ အမှားပေါ့နော်"

"အဲဒါပဲ ဆရာကြီး၊ ဆရာကြီး မှားတဲ့အခါကျတော့ မှားထိုက်တဲ့ အမှားလို့ ပြောတတ်လိုက်တာ။ ဒါကြောင့် ဆရာကြီး ဖြစ်နေတာကိုး"

အနိုင်မိုက်သား၏ ထေ့ငေါ့မှုအား အပြုံးဖြင့် တုံ့ပြန်ရင်း ခေါင်းတုံးမအား မျက်စောင်းလှမ်းထိုးမိပေပေါ့ …။

*သောကြာစာစောင်၊ အမှတ် (၆၀၈၊ မေလ၊ ၂၀၁၈ ခုနှစ်။*

☺ ☺ ☺

# ချော်လဲ ရောထိုင်



# ချော်လဲ ရောထိုင်

သူ့နာမည်က ‘မောင်ကြီး’။

တစ်ကိုယ်တည်း လူပျိုကြီး။ ရုပ်က ဆိုးဆိုး၊ အရပ်က မြေလျှိုးမလား ထင်ရအောင် ပုတက်တက်၊ ခန္ဓာကိုယ်က မဝ၊ မပိန်။ အလုပ်က ကုမ္ပဏီတစ်ခုမှာ အနိမ့်ဆုံးသော စာရေးလေး ရာထူး။

သည်ရာထူးကို အရည်အချင်းရှိ၍ ရထားခြင်းမဟုတ်။ သူဌေးက လုပ်သက်အရ သနားသဖြင့် ပေးထားသော ရာထူး ဖြစ်၏။ သည့်ထက် ရာထူးတက်ရန် လမ်းစမရှိ။ အရည်အချင်းက ညံ့၊ အမြဲတမ်း ပျာယာခတ်လျက် ဘာလုပ်လုပ် နှစ်ခါ၊ သုံးခါ ပြန်လုပ်ရလောက်အောင်ကို နမော်နမဲ့နိုင်လွန်းသူ။ တုံးလည်း တုံးလွန်းသူ ဖြစ်သည်။

သူဌေးက စိတ်ကောင်းရှိသူ ဖြစ်သဖြင့် အရည်အချင်း မရှိသော်ငြား ရိုးသားသော သူ့ကို ငဲ့ကာ သနားစိတ်ဖြင့် အလုပ်

တွင် ဆက်လက်လုပ်ကိုင်စေခဲ့သည်။ အရေးကြီးသော ကိစ္စရပ် ဟူသမျှ သူ့ကို မခိုင်း။ လွယ်ကူသော ကိစ္စရပ်တို့ကိုပင် မှားဖြစ်အောင် မှားတတ်သည်က အခါခါမို့လား။ သူအမှားလုပ်တိုင်း သူဌေးက သူ့ကို အမြဲပြောသည်မှာ -

"ဩော်…မောင်ကြီး၊ မောင်ကြီး၊ မင်း တော်တော်ကို အသုံးမကျတဲ့ကောင်ပဲကွာ။ ဘာခိုင်းခိုင်း နောက်တစ်ယောက် အမြဲလိုက်နေရတယ်။ တယ်ခက်တဲ့ကောင်ကွာ"

ဤသို့ ပြောတိုင်းလည်း မောင်ကြီးတစ်ယောက် ခေါင်းကုတ်ကာ စပ်ဖြဲဖြဲမျက်နှာထားဖြင့် အောက်ပါအတိုင်း ဆို၏။

"ဟုတ်ပ … သူဌေးရယ်။ ကျွန်တော်လည်း သူဌေးကို အားနာလှပါပြီ။ သူဌေးခိုင်းတိုင်း ကျွန်တော်လည်း အမှားမရှိအောင် သေချာ သတိထားပြီး လုပ်တာပါပဲဗျာ။ ခက်တာက သတိထားလေ မှားလေ ဖြစ်နေတော့ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး သူဌေးရယ်"

"ဩော် … ဟုတ်လား၊ ဒါဖြင့်လည်း ဘယ်လိုမှ လုပ်မနေပါနဲ့တော့ကွာ၊ ငါ့လခစွမ်းမှုပဲ"

သူဌေးက ဤသို့သာ ပြောပြီး ဘယ်သောအခါမှ ဘယ်လောက်မှားမှား အလုပ်ဖြုတ်မည့်စကား တစ်ခါမျှ မဆိုခဲ့။ ဤမျှကောင်းသော သူဌေးအပေါ် မောင်ကြီးတစ်ယောက် အမှန်တကယ်လည်း အားနာလွန်းလှပါပေပြီ။ ထို့ကြောင့် သူဌေး မခိုင်းဘဲနှင့် အောက်ခြေသိမ်းအလုပ်ကစ အလုပ်မှန်သမျှ ကြိုးစား

သိမ်းကျုံး လုပ်ရှာလေသည်။ ခက်တာက မမှားမရှိ မောင်ကြီး ဖြစ်နေလေတော့ သူဌေးက -

"မောင်ကြီးရယ် ... ဘာမှ မလုပ်ပါနဲ့လားကွာ။ သည် အတိုင်း အလုပ်ကို လာပြီး ထိုင်နေ၊ အချိန်တန်ရင် အိမ်ပြန်ကွာ။ ဟုတ်ပလား။ အဲဒါမှ မင်းလည်း မမှား၊ အားလုံးလည်း အလုပ် မရှုပ်၊ ငါလည်း စိတ်မမောရတော့ဘူးပေါ့ကွာ"

"အဲလိုတော့လည်း မသင့်ပါဘူး သူဌေးရယ်။ ကျွန်တော် မမှားအောင် ကြိုးစားပါ့မယ်"

• • •

ယနေ့ လခထုတ်ရက် ဖြစ်သည်။

"အင်း ... အင်္ကျီတွေလည်း ဟောင်းနေပြီ။ စိတ်သစ်၊ လူသစ်ဖြစ်အောင် အင်္ကျီသစ်တစ်ထည်တော့ ဝယ်ဝတ်ဦးမှပဲ"

ဤသို့ စိတ်ကူးမိကာ ကုမ္ပဏီနှင့် ကပ်လျက်တွင် ဖွင့်လှစ်ထားသော စတိုးဆိုင်သို့ သွား၏။ ရှပ်အင်္ကျီအသစ် တစ်ထည် ဝယ်ယူပြီး မနီးမဝေးတွင်ရှိသော အိမ်သို့ အေးအေး လူလူ သီချင်းလေး ညည်းရင်း လမ်းလျှောက်ပြန်ခဲ့၏။ အိမ်ရောက် သည်နှင့် မိမိ၏ ဝေယျာဝစ္စတို့အား ခပ်သွက်သွက်လုပ်၊ ပြီးတော့ ညစာစားသောက်၊ တီဗွီထိုင်ကြည့်၊ စာဖတ်နှင့် သန်းခေါင်ကျော် မှ အိပ်ရာဝင်ခဲ့သည်။

မနက် အိပ်ရာထတော့ နေအတော်မြင့်ပြီ ဖြစ်သဖြင့်

သွားတိုက်၊ မျက်နှာသစ်ပြီး ကော်ဖီပင် မသောက်နိုင်ဘဲ မနေ့က အသစ်ဝယ်လာခဲ့သော အင်္ကျီကို ကပျာကယာ ထုတ်ဝတ်ကာ မှန်ထဲကြည့်၍ ကိုယ့်ကိုယ်ကို အတော်သဘောကျမိပေ၏။ ပြီး အင်္ကျီအောက်အနားကို ဘောင်းဘီတွင်းထည့်ဝတ်ရန် ငုံ့ကြည့်လိုက်ရာ -

"ဟ … ဘယ်လိုကြီးလဲဟ"

မောင်ကြီး အလန့်တကြား ရေရွတ်မိ၏။ မျက်လုံးတွေလည်း ဆန့်ကောလောက် ပြူးသွားထင်အံ့။ အင်္ကျီကော်လံကို ကိုင်ကြည့်တော့ အညီသား။ အောက်အနားကျတော့ တစ်ဖက်တို၊ တစ်ဖက်ရှည် အခက်ပွေပေ၏။

"တောက် … တော်တော့်ကို အသုံးမကျတဲ့ဆိုင်။ ပစ္စည်းကို သေချာမစစ်ဆေးဘဲ ရောင်းရတယ်လို့။ နမော်နမဲ့နဲ့။ ဟင်း … ဟင်း … တွေ့ကြသေးတာပေါ့ကွာ။ လောလောဆယ်တော့ အင်္ကျီအောက်အနားစကို ဘောင်းဘီထဲ ထည့်ဝတ်သွားရင် ဘယ်သူမှ သိမှာမဟုတ်လောက်ဘူး။ သူတို့ဆိုင်ဖွင့်မှ အသစ်တစ်ထည်နဲ့ ပြန်လဲခိုင်းရမယ်။ အရှုံးမရှိပါဘူးလေ … ဟဲ ‥ဟဲ"

မောင်ကြီးတစ်ယောက် သူ့အတွေးအတိုင်း အင်္ကျီအောက်အနားကို ဘောင်းဘီထဲထည့်ဝတ်ကာ အိမ်တံခါးပိတ်၍ ကုမ္ပဏီသို့ ထွက်လာခဲ့လေသည်။ ကုမ္ပဏီနားရောက်တော့ စတိုးဆိုင်မဖွင့်သေးသဖြင့် ကုမ္ပဏီရုံးခန်းသို့သွားကာ လုပ်စရာရှိသည်တို့ လုပ်ကိုင်ပြီး စတိုးဆိုင်ဖွင့်လောက်သည့်အချိန် မှန်း၍ စတိုးဆိုင်သို့

ထွက်လာခဲ့၏။

စတိုးဆိုင်ကား ခင်းကျင်းဖွင့်လှစ်ပြီး၍ အရောင်းစာရေးမလေးများပင် ဆိုင်ရာကောင်တာ ထိုင်၍ ဝယ်သူကို စောင့်မျှော်နေကြချေပြီ။ မောင်ကြီးတစ်ယောက် သူဝယ်ယူခဲ့သော ကောင်တာသို့ တန်းသွားကာ သူ့အား ရောင်းခဲ့သော ဝန်ထမ်းမလေးအား

"ညီမလေး … ကောင်တာအပြင်ကို ခဏလောက် ထွက်ခဲ့စမ်းပါဦး"

ဤသို့ အကြောကြီးနှင့် ခေါ်လိုက်ရာ ဝန်ထမ်းမလေးက ကြောင်စီစီဖြင့် -

"ရှင် … ဘာ … ဘာလုပ်ဖို့လဲဟင်"

"ထွက်သာ ထွက်ခဲ့စမ်းပါ၊ ဒါမှ သိမပေါ့"

မောင်ကြီး ဖွတ်ခေါ်ထုတ်နေသဖြင့် ဝန်ထမ်းမလေးခမျာ သူ့အဖော် အခြားသော ဝန်ထမ်းမလေးများကို အားကိုးတကြီး လှမ်းကြည့်ရင်းက ကောင်တာအတွင်းမှ မောင်ကြီးရှေ့သို့ မဝံ့မရဲ ရောက်လာခိုက် မောင်ကြီးလည်း ရှည်ရှည်ဝေးဝေး ပြောဆိုမနေတော့ဘဲ ဘောင်းဘီထဲ ထည့်ဝတ်ထားသော အင်္ကျီအောက်အနားတို့ကို ဆွဲထုတ်ကာ -

"ဒီမှာကြည့်စမ်း၊ မနေ့ညနေက ငါဝယ်သွားတဲ့အင်္ကျီလေ။ တစ်ဖက်တို၊ တစ်ဖက်ရှည်နဲ့။ နင်တို့ သေချာမစစ်ဘဲ ရောင်းရသလားဟဲ့ ကလေးမရဲ့"

မောင်ကြီး ဖိဟောက်လေတော့၏။ ဝန်ထမ်းမလေးခမျာ

ပြူးတူးပျာတာ ဖြစ်သွားပြီး မောင်ကြီး၏ အင်္ကျီအောက်နားတို့ကို သေချာကိုင်တွယ်ကြည့်ရှုပြီး အတောမသတ် ရယ်လေတော့သည်။

"ဟိတ် … ဘာရယ်တာလဲ။ ဒါ ရယ်စရာမဟုတ်ဘူး။ ခုချက်ချင်း အသစ်တစ်ထည် လဲပေး၊ ဒါပဲ"

ဝန်ထမ်းမလေး အရယ်မရပ်နိုင်။ မောင်ကြီးမျက်နှာကို စိုက်ကြည့်ကာ ဗိုက်နှိပ်ရယ်လေ၏။ တစ်အောင့်ကြာမှ ရယ်လျက်က -

"ခစ် … ခစ် … ခစ် … အမလေး၊ အူတွေ နာလိုက်တာ။ ခစ်ခစ်ခစ် … အစ်ကိုကြီးရဲ့ … ခစ် … ခစ် … အင်္ကျီကိုလည်း … ခစ်ခစ်ခစ် … သေချာပြန်ကြည့်ပါဦး"

ဘေးမှ ဝန်ထမ်းမလေးတွေပါ ဝိုင်းကြည့် ရယ်မောကုန်ကြသဖြင့် မောင်ကြီးလည်း သူ့အင်္ကျီအောက်နားတို့ကို သေချာပြန်ကြည့်လိုက်ရာ၊ ဟိုက် … သေစမ်း၊ ဟုတ်ပ။ အောက်ဆုံးကြယ်သီးပေါက်နှင့် အောက်ဆုံး ကြယ်သီးကို မတပ်မိဘဲ သူ့အပေါ်က ကြယ်သီးကို တပ်မိ၍ အပေါ်ပိုင်းက ညီပြီး အောက်အနားနှစ်ဖက်တို့ ယခုလို ဖြစ်နေတာကိုး။ အမလေး … လေး၊ ရှက်လိုက်ပါဘိတောင်း။ မောင်ကြီးလည်း ရှက်ရှက်နှင့် ပြုံးဖြဲဖြဲလုပ်ကာ -

"အေး … အစ်ကိုလည်း ထင်တော့ ထင်သားဟ။ ပိုသေချာသွားအောင် ညီမလေးကို လာပြတာ … ဟဲဟဲ"

ဟု အရှက်ပြေ ပြောလိုက်ကာမှ ကလေးမတစ်အုပ်


ပို၍ ပါးစပ်မစေ့နိုင်၊ ဗိုက်နှိပ်ရယ်ကြလေတော့သည်။ မောင်ကြီးလည်း ထူပူရှက်အားပိုကာ စတိုးဆိုင်အတွင်းမှ တစ်ချိုးတည်းပြေးထွက်ရင်း ကိုယ့်အမှားကိုယ် မသိစွာ စိတ်ထဲမှ ပြောဆိုမိတော့၏။

"တောက် ... တော်တော်အားမနာတတ်တဲ့ ဟာလေးတွေ။ လူကို မညှာမတာ ဟားတိုက်လှောင်ရတယ်လို့။ အလိုက်ကန်းဆိုးမသိတဲ့ ဟာလေးတွေ။ အေးပါ ... အေးပါ၊ နင်တို့ဆိုင်မှာ တစ်သက်လုံး ဘာမှ မဝယ်တော့ဘူး ဟွန်း ... ဟွန်း"

*သောကြာစာစောင်၊ အမှတ် (၅၉၄)၊ မတ်လ၊ ၂၀၁၇ ခုနှစ်။*

☺ ☺ ☺

# လူတောသား
# စကားတုငွေတုငွ



# လှတောသား စကားကုဋေကုဋာ

## (က)

### ဆဒ္ဒန်တစ်ဝင် ယုန်ငယ်တစ်ဝပ်

လှတောသားတစ်ဦး၏ ပြောင်းခင်းကို နွားဝင်စားမှုဖြင့် ကျေးရွာပြည်သူ့တရားရုံးတွင် တိုင်ကြားသူနှင့် တိုင်ကြားခံရသူတို့ အမှုဆိုင်ကြရာ ကျေးရွာသူ ရွာသားများ လာရောက်နားဆင်ကြလေသည်။

တရားသူကြီးက တိုင်ကြားသူ ပြောင်းခင်းရှင်အား မေးသည်။

"ပြောင်းခင်းက ဘယ်လောက်ကျယ်သလဲ"

ပြောင်းခင်းရှင် လှတောသားက ဖြေသည်။

"ကျွန်တော် ပြောင်းခင်းက လင်းတတစ်ထိုး ကျယ်ပါတယ်"

"ပြောင်းပင်တွေက ဘယ်လောက်ကြီးပြီလဲ"

"ဆဒ္ဒန်ဆင်မင်း ဝပ်နေရင်တောင် မမြင်ရပါဘူး"

"နွားစားခံရတဲ့ ပြောင်းပင်တွေ အခု ဘယ်လောက် ကျန်သေးသလဲ"

"ယုန်သူငယ် ဝပ်စရာတောင် မကျန်တော့ပါဘူး"

ဟု ဖြေလိုက်ရာ လာရောက်နားထောင်နေကြသော လှေတောသားများပင် အချင်းချင်း ဖြစ်လင့်ကစား တဝါးဝါး ပွဲကျ သွားလေသည်ဟူသတတ်။

## (ခ)

## အေးလိုက်ပုံများ

လှေတောရွာတွင် ဆောင်းရာသီ၌ အချမ်းအလွန်ပိုကဲ သဖြင့် လှေတောသားတစ်ဦးက -

"ကျုပ်တို့ လှေတောသားရွာ အေးတာများ မပြောပါနဲ့ တော့။ မနေ့ညက ကျုပ် အိပ်ရာမဝင်ခင် သောက်ထားတဲ့ရေဟာ မနက်လည်းကျရော ဗိုက်ထဲ ရေခဲတုံးဖြစ်သွားလို့ အပေါ့တောင် မသွားနိုင်ဘူးဗျာ" ဟူသတည်း။

## (ဂ)

## လေထုနည်းပါးဖွယ်

အဝေးပြေးခရီးသည်တင် ကားကြီးတစ်စီးပေါ်တွင် ဖြစ် ၏။

ခရီးသည်များ တစ်ယောက်တစ်ပေါက်နှင့် ရောက်တတ်ရာရာ စကားများ ညံ့ညံ့စီအောင် ပြောရင်း လိုက်ပါလာကြလေသည်။

ထိုခရီးသည်များအထဲတွင် လှတောသားတစ်ယောက်လည်း လိုက်ပါလာလေသည်။

လှတောသားက သူ့ဘေးတွင် ထိုင်လိုက်လာသော ခရီးသည်အား -

"ဒီမှာ မိတ်ဆွေကြီး၊ ရှေ့လဆို လှတောရွာကလွဲပြီး တခြားရွာတွေ၊ မြို့တွေမှာ လေထုနည်းပါးပြီး အဲဒီရွာတွေ မြို့တွေက ပြည်သူပြည်သားတွေ အသက်ရှူမဝဘဲ အသက်အန္တရာယ်စိုးရိမ်ရမယ့်အခြေအနေဆိုးကြီးကို သိပြီးပြီလား"

လှတောသား၏ ကျယ်လောင်ထိတ်လန့်ဖွယ် သတင်းဆိုးကြောင့် သူ၏ဘေးတွင် ထိုင်နေသော ခရီးသည်အပြင် အခြားခရီးသည်များပါ ထိတ်လန့်တကြား -

"ဟင် ... ဘာ ... ဘာကြောင့်လဲ"

ရှေ့လဆို လှတောရွာမှာ အစည်းအဝေးပွဲတွေ လုပ်တော့မှာမို့ ရှိသမျှလေအားလုံး လှတောရွာကို စုဝေးရောက်သွားမှာမို့ပါ"

ဟု ဖြေလိုက်တော့မှပင် အထိတ်တလန့်ဖြစ်နေသူအားလုံး အူတက်မတတ် ခွက်ထိုးခွက်လန် ရယ်မောနိုင်ကြတော့သည်။

ရယ်မောနေကြသော ခရီးသည်များထဲမှ ခရီးသည်

တစ်ဦးက -

"ခင်ဗျား စကားပြောတာ တော်တော် ထိမိတာ။ မဟုတ်မှလွဲရော လှတောရွာသားပဲ ဖြစ်ရမယ်။ ဟုတ်တယ် မဟုတ်လား" ဟု မေးလိုက်ရာ -

"ဟုတ်မဟုတ် ဖြေစရာ လိုသေးလားဗျာ။ ကျုပ်လေသံကပဲ လယ်ပြင်ဆင်သွားသလို ကွင်းကွင်းကွက်ကွက်ကြီး ဖြစ်နေမှပဲ။ လှတောသားစစ်သမှ အရောင်းဆိုင်မပို့ရသေးတဲ့ အရက်ချက်စက်ရုံက အရက်အတိုင်းပါပဲ"

ဟု ဖြေလိုက်သော စကားကြောင့် ခရီးသည်များ ပွဲကျသွားပြန်တော့သတည်း။

*သောကြာစာစောင်၊ အမှတ် (၃၆၅)၊ ဒီဇင်ဘာလ၊ ၁၉၈၄ ခုနှစ်။*

☺ ☺ ☺